# ပိသုကာကျမ်း

မြန်မာနိုင်ငံသုတေသနအသင်း
၁၂၇၁ 1910
BURMA RESEARCH SOCIETY

ဒေါ်ခင်ခင်စု

တည်းဖြတ်သည်

၆၈၂၄

# ဗိသုကာကျမ်း

ဒေါ်ခင်ခင်စု

တည်းဖြတ်သည်။

၁၉၆၆

မြန်မာနိုင်ငံ သုတေသနအသင်း

ရန်ကုန်မြို့။

လက်မှုပညာရှင်အပေါင်း

အား

ဂါရဝပြုပါ၏

သုတေသနစာစဉ်သစ်

(၉)

# ပိဿကာကျမ်း

၁၉၆၆ ခုနှစ်တွင် ပထမအကြိမ် နှိပ်သည်။

မြန်မာနိုင်ငံသုတေသနအသင်း
အတွက်
တက္ကသိုလ်များပုံနှိပ်တိုက်က
ပုံနှိပ်လုပ်ဆောင်သည်။

# မာတိကာ


စေတီတည်ခြင်း .... ၁
ရွှေအုတ်မြစ်ချခန်း .... ၂
သတ္တဌာနတိုက် .... ၂
ဌာပနာတိုက် .... ၂
ရွှေအုတ်ချအပိတ်ဂါထာ .... ၃
နေ့ချင်းပိတ်အပ်သည်သုံးပါး .... ၃
လမကူးအပ်သည်သုံးပါး .... ၄
နှစ်မကူးအပ်သည်သုံးပါး .... ၄
ဌာပနာခန်း .... ၄
ဌာပနာအပ်ရေးအပ်သောရုပ်ဟန်များ .... ၅
ရေးအပ်သွန်းအပ်သောရုပ်ဟန်များကို ထားသင့်သောအရပ် .... ၇
ဌာပနာသွင်းရာ၌ ဘုရားဒါယကာ ပန်းရံသမားတို့ပြုလုပ်ဖွယ် .... ၇
ဓာတ်တော်မွေတော်ဌာပနာနည်း .... ၇
ဌာပနာသွင်းအပ်သောပစ္စည်းများ .... ၈
သတ္တဌာနနောက်ပိတ်ချဂါထာ .... ၈
ထီးတင်ပန်းလည်တိုင်ခန်း .... ၉
ပန်းလည်တိုင်ထူနည်း .... ၉
ပန်းလည်တိုင်စား အကြွင်းဟော .... ၉
ပန်းလည်တိုင် သစ်ဆယ်ပိုင်း အမျက်ရွေးနည်း .... ၉
ပန်းလည်တိုင်စီရင်နည်း .... ၁၀
ပန်းလည်တိုင်တင်နည်း ....
ထီးတင်နည်း .... ၁၂
စေတီဖိနပ်တော်စားနည်းနှင့် ထုပ်လျှောက်စားအကြွင်းဟော .... ၁၂
ရှင်မဟိန္ဒမထေရ်နှင့်စေတီတော်ရာ .... ၁၃
အုတ်မြစ်တိုက်၊ သတ္တဌာနတိုက်၊ သပိတ်မှောက်၊ ပန်းလည်တိုင်တို့ကိုပြုလုပ်ရာ၌ ၁၀
ရက်၊ လ၊ နှစ်မကူးအပ်ခြင်း .... ၁၃
နေ့ချင်းပိတ်အပ်ခြင်း .... ၁၃
လမကူးအပ်ခြင်း .... ၁၄
နှစ်မကူးအပ်ခြင်း .... ၁၄
ကောင်းမှုကုသိုလ်ပြုရာ၌ နိဗ္ဗာန်ကိုအာရုံပြုအပ်ခြင်း .... ၁၄
ပုဂံပြဿဒါးဘုရား .... ၁၆
ပိသုကာတို့လိုက်နာရန် .... ၁၆
ဘုရားပြို၊ ဘုရားပျက်နှင့် ဟောင်းနွမ်းသောစေတီဘုရားများကို ပြုပြင်ရသော အစီအရင် .... ၁၆
ဆီမီးကျွမ်းအောင်ပူဇော်သောဂါထာ .... ၁၇
ရှင်ဉပဂုတ်ဂါထာ .... ၁၈
မာရ်နတ်သားဂါထာ .... ၁၉

# မာတိကာ

ရုပ်ပွားတော်ထုနည်း .... ၂၀
သတ္တဌာနသွင်းခြင်း .... ၂၁
မဟာဗောဓိပင်ချပုံ .... ၂၁
အနိမိဿချပုံ .... ၂၂
ရတနာစင်္ကြံချပုံ .... ၂၂
ရတနဃရရွှေအိမ်ချပုံ .... ၂၃
အဇပါလညောင်ပင်ချပုံ .... ၂၃
မုစ္စလိန္ဒနဂါးရုံချပုံ .... ၂၃
လင်းလွန်းပင်ချပုံ .... ၂၄
သတ္တဌာနဘုရားရှိခိုး .... ၂၄
မဟာဇေယျမင်္ဂလာ ၄ ၃ ဂါထာ .... ၂၆
သီရိမင်္ဂလာကမင်းကြီးဂါထာ .... ၃၀
ဒုဋ္ဌဂါမဏိမင်းကြီး စေတီဘည်သောအခါ ရဟန္တာတို့ရွတ်သောဂါထာ .... ၃၀
နရပတိဇေယျသူ သရဇ္ဈာယ်သော ပန်းလည်တိုင်ရင်း၌ ပတ်ရသောဂါထာ .... ၃၁
ပန်းလည်တိုင်အလယ်၌ ကွပ်ရသောဂါထာ .... ၃၁
ပန်းလည်တိုင်အဖျား၌ ကွပ်ရသောဂါထာ .... ၃၁
ရှင်ဥပဂုတ်ဂါထာ .... ၃၂
စိန္တာမဏိဂါထာ .... ၃၂
အိမ်ကျောင်း၏လက္ခဏာ .... ၃၆
သစ်ရပ်စားနည်း .... ၃၆
ထုပ်လျှောက်စား အကြွင်းသော .... ၃၇
ကျောင်းကန်စရပ်၌ ထုပ်လျှောက်စားနည်း .... ၃၇
ကျောင်းကန်အိမ်ရာဆောက်ပြီးနောက် မနေအပ်ခြင်းများ .... ၃၉
အိမ်ကျောင်းမဆောက်အပ်သော သစ်ဆယ်ပါး .... ၃၉
အိမ်ကျောင်းဆောက်အပ်ရာသော သစ်ခုနစ်ပါး .... ၄၀
သစ်ဆယ်ပိုင်းအမျက်ရွေးနည်း .... ၄၀
ဇေတဝန်ကြီးဆင်နည်း .... ၄၀
ဇေတဝန်ငယ်ဆင်နည်း .... ၄၁
လည်ပေါ်ဆင်နည်း .... ၄၁
စမွာယ်လဆင်နည်း .... ၄၂
ဝေဠုဝန်ဆင်နည်း .... ၄၂
စကြာတပွင့်ဆင်နည်း .... ၄၃
ပုဗ္ဗာရုံကျောင်းဆင်နည်း .... ၄၃
ယက်မထွင်းဟောသောကျမ်း .... ၄၄
ထုပ်လျှောက်စွန်းထားရာမထားရာ .... ၄၄
လှေကားပြုလုပ်နည်း .... ၄၄
သေနာပတိစစ်သူကြီး၏ လှေကား .... ၄၄
ယာယီနန်းလှေကား .... ၄၅
ဘုရင်မင်းမြတ်၏ နန်းလှေကား .... ၄၅
ပြည့်တန်ဆာမိန်းမတို့၏ လှေကား .... ၄၅

| | |
|---|---|
| ဆင်းရဲသားတို့၏ လှေကား | ၄၅ |
| ကျောင်းအိမ်လှေကားတို့၏ ဥရုတိုင် ကြငှန်းတိုင် တို့၌ ကျောက်မြုပ်ရခြင်း | ၄၅ |
| သစ်လဲကျမ်း | ၄၅ |
| ကြငှန်းတိုင်ထူနည်း | ၄၇ |
| တွင်းတူးရာ မတူးရာကျမ်း | ၄၇ |
| ကျောင်းဆောက် အိမ်ဆောက်ပန်းဆွဲ | ၄၇ |
| တွင်းစာကျွေးနည်းကျမ်း | ၄၈ |
| သစ်ထွင်းစကျမ်း | ၄၈ |
| ဘုရားသဗ္ဗညုဆင်းတုတော်၏ လက္ခဏာ | ၄၈ |
| အရှည်နှင့်တိုင်းသည် ၅ ပါး | ၄၉ |
| တောင်နှင့်တိုင်းသည် ၅ ပါး | ၄၉ |
| ထွာနှင့်တိုင်းသည် ၂၂ ပါး | ၄၉ |
| မိုက်နှင့်တိုင်းသည် ၁၃ ပါး | ၄၉ |
| လက်သစ်နှင့်တိုင်းသည် ၄၈ ပါး | ၄၉ |
| မုယောနှင့်တိုင်းသည် ၁၅ ပါး | ၅၀ |
| အဖြိုး ၇ ပါး | ၅၀ |
| ကိုယ်တော်ပြည့်ဖြိုးစေသည့် လက္ခဏာလေးဆယ် | ၅၀ |
| တောင်နှင့်တိုင်းနည်း | ၅၁ |
| ထွာနှင့်တိုင်းနည်း | ၅၁ |
| မိုက်နှင့်တိုင်းနည်း | ၅၁ |
| လက်သစ်နှင့်တိုင်းနည်း | ၅၁ |
| မုယောနှင့်တိုင်းနည်း | ၅၂ |
| လက္ခဏာတော် ၃၂ ပါး | ၅၂ |
| စေတီတည်နည်း | ၅၂ |
| နေ့လိုက်အိမ်ဆောက်ပန္နက်ချနည်း | ၅၃ |
| တွင်းစာပေးနည်းလက်ာ | ၅၄ |
| မြေစာပေးကျမ် | ၅၄ |

အနန္တဂုဏ်ရှင်တို့အား ရှိခိုးပါ၏။

# နိဒါန်း

မြန်မာ့ယဉ်ကျေးမှု ဗုဒ္ဓယဉ်ကျေးမှုအထိမ်းအမှတ်များသည် မြန်မာနိုင်ငံအရပ်ဒေသတိုင်း၌ အများအပြားတည်ရှိပေသည်။ပုဂံခေတ်တခေတ်တည်းပင်လျှင် ယဉ်ကျေးမှုနှင့်ဘာသာရေး ကြည်ညိုလေးစားမြတ်နိုးမှုများ၏ အထိမ်းအမှတ်ဖြစ်သော ဘုရားစေတီ၊ ပုထိုးကျောင်းကန်များမှာ လက်ညိုးထိုးပြ၍ မလွဲသလောက်ပင်ရှိပေသည်။ ထိုအဆောက်အဦးအထိမ်းအမှတ်ဖြစ်သောစေတီ၊ ပုထိုးကျောင်းကန်များကို လေ့လာခြင်းအားဖြင့် မြန်မာ့အနုပညာလက်ရာများသည် ယဉ်ကျေးမှုကြီးပွားထွန်းကားသော ခေတ်ပြိုင်အိမ်နီးချင်းနိုင်ငံများထက် မလျော့ခဲ့ကြောင်းကို ပညာရှိအများပင် သုတေသနပြုကာ မှတ်ချက်ချကြရပေသည်။

သို့သော် ထိုလက်မှုပညာအတတ်ဖြစ်သော ကျွမ်းကျင်မှုဆိုင်ရာပညာများကို ပြဆိုသောကျမ်းတို့မှာကား အလွန်ရှားပါးလှပေသည်။ ထိုအတတ်ပညာများကို တဆင့်မှတဆင့် ဆရာတပည့်အဆက်ဆက်အားဖြင့်လည်းကောင်း၊ သက်ကြီးစကား သက်ငယ်ကြားရာမှ မှတ်သားခြင်းဖြင့်လည်းကောင်း၊ လေ့လာမှတ်သားကာပြုလုပ်ကြဟန်တူကြောင်း ယူဆနိုင်စရာရှိပေသည်။ ခေတ်အခါများ၏သဘောအရလည်း ဘာသာရေးစာပေ၊ အနုစာပေ၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ဗေဒင်ကျမ်းများကိုသာလျှင် စာတစောင်တဖွဲ့အားဖြင့် အလေးမူဂရုပြုကြသူများ ဟန်တူကြ၍လည်း အတတ်ပညာဆိုင်ရာ ကျမ်းများကို ပြုစုသူနည်းပါးခြင်း ဖြစ်ဟန်ရှိပေသည်။ မှတ်သားကြပြန်ရာ၌လည်း နှုတ်တက်မမှတ်မိလျှင် စာတိုစာစမှတ်စုအနေဖြင့် မှတ်သားထားတတ်ကြလေ့ ရှိဟန်တူသဖြင့်လည်း အတတ်ပညာဆိုင်ရာပညာများမှာ ယခုအခါ တစိတ်တဒေသလောက်သာ ထိုမှဤမှ အကွဲကွဲအပြားပြား တွေ့ရှိကြရပေသည်။

ကျွမ်းကျင်မှုဆိုင်ရာ အတတ်ပညာနှင့်ပတ်သက်၍ မြန်မာနိုင်ငံသုတေသနအသင်းမှ ၁၉၆၀ ခုနှစ်တွင် စာအုပ်တအုပ်ထုတ်ဝေခဲ့သည်။ အမည်မှာ "ရှေးဟောင်းလက်မှုပညာပေါင်းချုပ်" ကျမ်းဖြစ်၍ ပိသုကာလက်သမားကျမ်းမှတ်စုနှင့် ပန်းချီကျမ်းပေမူနှစ်ကျမ်းပေါင်းဖြစ်သည်။ ၁၉၆၁ ခုနှစ်၌ သတ္တုရုပကဝိလာသနီကျမ်းခေါ် ဆင်းတုတော်စနစ်ကျမ်းကို ထုတ်ဝေခဲ့ပြန်ပေသည်။ ဤအသင်းကြီးမှ မြန်မာ့ရှေးဟောင်းလက်မှုပညာများ တိမ်ကောပပျောက်သွားမည်စိုး၍ ရှေးဟောင်းကျမ်းများကို ရှာဖွေထုတ်ဖော်ကာ စနစ်တကျပုံနှိပ်ထုတ်ဝေပါသဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်စရာကောင်းပေသည်။ မြန်မာ့လက်မှုပညာကျမ်းများအဖြစ် ဂုဏ်ယူနိုင်ပေသည်။

ယခု ထိုကဲ့သို့သော လက်မှုပညာဆိုင်ရာကျမ်းတစောင်တဖွဲ့ကို ဤ "ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်" တွင် စုဆောင်းရရှိသော ပေစာကျမ်းများမှ ရှာဖွေတွေ့ရှိပါသဖြင့် မြန်မာ့အနုပညာများကို ပြန်လည်ထုတ်ဖော်သောအားဖြင့် ပုံနှိပ်ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။

**ပိသုကာကျမ်း**

ဤပိသုကာကျမ်းအမည်ရှိသော ပေမူတစောင်ကို ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွင် စုဆောင်းရရှိသော ပေစာများအနက်မှ တွေ့ရှိရပေသည်။ ကျမ်းပြီးခုနှစ်မှာ သက္ကရာဇ် ၁၂၁၃ ခုဖြစ်သည်။ ခေတ်အားဖြင့် ကုန်းပေါင်ခေတ်ဖြစ်၍ ရတနာပုံမြို့တည် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး နန်းမတက်မီ ပုဂံမင်းအုပ်စိုးချိန် နောက်ပိုင်း၌ ရေးသားကြောင်းသိရပေသည်။ ယခုအခါ နှစ်ပေါင်း ၁၁၄ နှစ်ကြာရှိပေပြီ။

# နိဒါန်း

မြန်မာနိုင်ငံ သုတေသနအသင်းထုတ် "ရှေးဟောင်း လက်မှုပညာပေါင်းချုပ်ကျမ်း"၌ ပါဝင်သော ပိသုကာလက်သမားကျမ်းမှတ်စုဖြစ်ပေါ်လာပုံကို အောက်ပါအတိုင်းဖော်ပြထားသည်။ သက္ကရာဇ် ၁၂၀၈-ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၅ ရက်နေ့တွင် အမရပူရမြို့တော်ကို မီးသိမ်းရာ အိမ်ပေါင်း ၃၆၀ ကျော် မီးသိမ်းခြင်းခံရသည်။ မီးသိမ်းသည့်ကာလ ပိသုကာကျမ်းမှုစ၍ စာပေအမှတ်အသားများသည် မီးသိမ်းရာ ပါလေသည်။ ထို့ကြောင့် စေတနာရှင်တဦးသည် အရပ်ရပ်ရှိအဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့ထံ ချဉ်းကပ်၍ ယင်းတို့ထံတွင်ရှိသော ပိသုကာလက်သမားကျမ်းစာများကို ငှားယူလာခဲ့သည်။ ထိုကျမ်းစာများကို ကြည့်ရှုလေ့လာ၍ ပုရပိုက်တွင် ကောက်နုတ်မှတ်သားပြီးလျှင် ယင်းသက္ကရာဇ် သီတင်းကျွတ်လဆန်း ၁၁ ရက်နေ့တွင် ပုရပိုက်လက်ခံမှုတဖန် ပေသို့တင်ထားသည့်မှတ်စုပင်ဖြစ်သည်။

ဤအထက်ပါအကြောင်းအရာနှင့်ယှဉ်ကြည့်လျှင် ယခု ဤပိသုကာကျမ်းသည် သက္ကရာဇ် ၁၂၁၄ ခုတွင် ကျမ်းပြီးသည်ဟု နိဂုံးတွင်ဖော်ပြထားသဖြင့် ပိသုကာလက်သမားကျမ်းမှတ်စုထက် ၅ နှစ်ခန့်နောက်ကျလေသည်။ ငါးနှစ်တာအတောအတွင်း၌ အခြေအနေအတည်တကျဖြစ်လာသောကြောင့် မှတ်စုမှတ်ရာမှ တဆင့် ကျမ်းတစောင့်တဖွဲ့သို့ တိုးတက်လာခြင်းဖြစ်ဟန်တူသည်။ ဤပေမူသည် မူရင်း သို့မဟုတ် တဆင့်ကူး ဖြစ်ကြောင်းကို ဆုံးဖြတ်ရန်ကား မလွယ်ကူပေ။ ပေ၏အခြေအနေမှာ အတန်ငယ်လတ်ပြီး လက်ရေးလက်သားမှာ သင့်ရုံ ရှိသည်။ ရှိရင်းပင်ဖြစ်စေ တဆင့်ကူးပင်ဖြစ်စေ အဘတ်ပညာဆိုင်ရာကျမ်းတစောင်တဖွဲ့အနေဖြင့် သီးခြားတွေ့ရှိရသည်မှာ အလွန်ပင်ပင် ဝမ်းသာစရာကောင်းပေသည်။

ကျမ်းဦးစကားတွင် ရွှေတိဂုံစေတီတော်မြတ်ကို သိကြားမင်းနှင့် ဝိသကြုံနတ်သားတို့ စီရင်သည့် အတိုင်းပင် ဗုဒ္ဓဒေသနာတော်မြတ်၏ စေတီ၊ ပုထိုး၊ ကူကျောင်း၊ လိုဏ်ခေါင်းဥမင်၊ ဆင်းတုရုပ်ပွားတော်များကို တည်ထားပြုလုပ်ကိုးကွယ်ရာ၌ အစီအရင်များကို ဝိသုကြုံနတ်သားက ကဝါလမိုင်းဆရာကြီးနှစ်ဦးထံ ထားခဲ့သောကျမ်းရင်းအတိုင်း ဖြစ်ကြောင်းကို ဖော်ပြဝန်ခံထားသည်။

ပါဝင်သောအကြောင်းအရာများမှာ စေတီတည်နည်း၊ စေဘီဟောင်း ဘုရားဟောင်းများပြင်နည်း၊ ရုပ်ပွားတော်ထုနည်း၊ အိမ်ကျောင်းဆောက်လုပ်နည်းနှင့် သုံးအပ် မသုံးအပ်သောသစ်များကို ဝေဖန်ပိုင်းခြားပြနည်းဟူသော အကြောင်းအရာများဖြစ်သည်။

စေတီတည်နည်းမှာ စေတီတည်မည်ဖြစ်သောအရပ်၏ ထက်ဝန်းကျင်ကို မည်သို့မည်ပုံစီရင်ရ၍ စေတီဖိနပ်တော်မှသည်၊ ဌာပနာသင့်သော ပုပ္ပန်းသဏ္ဍာန်များ၊ထားသင့်ထားထိုက်သော အရပ်မျက်နှာများမှသည် ထီးတော်သို့တိုင် အသေးစိတ်ဖော်ပြထားသည်။ ထိုသို့စီရင်ရာ၌လည်း နတ်များကို ပူဇော်ပသခြင်း ဓလေ့ထုံးစံများမှာ အစဉ်အလာအတိုင်း ဖော်ပြထားသည်ကို တွေ့ရှိရပေသည်။ ဘုရားပြို၊ ဘုရားပျက်များနှင့် ဟောင်းနွမ်းနေသော စေတီများကို ပြုပြင်ရာ၌ အစီအရင် လုပ်နည်းလုပ်ရာများကို သူ့အဆင့်နှင့်သူ ဖော်ပြထားသည်။ ရုပ်ပွားတော်ထုလုပ်ရာတွင် ခြေဖျားတော်မှသည် မဏိတော်တိုင် စနစ်တကျ အချိုးကျ တိုင်းတာ ထုလုပ်ရကြောင်းကို အတိုင်းအတာနှင့်တကွ ဖော်ပြထားသည်။

အိမ်ကျောင်းဆောက်လုပ်ကြရာတွင်လည်း ပန္နက်သဲရိုက်ခြင်း၊ အိမ်ဆောက်ပြီးလျှင် မည်သည့်နေ့ရက်လွန်လျှင် အိမ်မတက်သင့်ကြောင်း၊ ကျောင်းဆောက်ရာတွင် မြန်မာ့လက်မှုပညာအတွက် အထူးဂုဏ်ယူထိုက်သော ပြာသာဒ် အဆောင်ဆောင်ဖြင့် ဆောက်လုပ်နည်းများဖြစ်သော ဇေတဝန်ကြီးဆင်နည်း၊ ဇေတဝန်ငယ်ဆင်နည်း၊ လည်ပေါ်ဆင်နည်း၊ စမွာယ်လဆင်နည်း၊ ဝေဠုဝန်ဆင်နည်း၊ ပုဗ္ဗာရုံဆင်နည်း သည်တို့ကို အတိုင်းအတာနှင့်တကွ အသေးစိတ် ဖော်ပြထားသည်။

ယခုအခါ မန္တလေး စစ်ကိုင်း အင်းဝ အမရပူရမြို့တို့တွင် တွေ့ရှိရသော ရှေး မြန်မာဘုရင်များ လက်ထက်တော်က ကျောင်းတော်ကြီးများ၏ ခမ်းနားကြီးကျယ်ပုံကို မြန်မာနိုင်ငံသို့ ရောက်လာတွေ့ရှိကြသော နိုင်ငံခြားသားတိုင်း တအံ့တသြ ကြည့်ရှုရပေသည်။ ဤကျောင်းတော်ကြီးများမှာ ပြာသာဒ်အဆောင်ဆောင်ဖြင့် တင့်တယ်စွာ ဤနည်းဤပုံဖြင့် ဆောက်လုပ်ကြခြင်းဖြစ်ကြောင်းကို မြန်မာတို့ ဂုဏ်ယူစရာပင်ဖြစ်သည်။

အိမ် ကျောင်း ဆောက်ရာတို့တွင် မသုံးအပ်သော သစ်၊ သုံးအပ်သော သစ်ဟူ၍ ပိုင်းခြားဖော်ပြထားသည်မှာလည်း မှတ်သားစရာကောင်းပေသည်။ လှေကားပြုလုပ်ရာတွင်ပင် မင်း၊ အမတ်၊ စစ်သူကြီး၊ သာမန်လူတို့၏ လှေကားဟူ၍ ခွဲခြားကာ လုပ်နည်း လုပ်ရပ်များကိုပါ ထည့်သွင်း ဖော်ပြထားသည်။

ဤကျမ်းကို ဖတ်ရှုလေ့လာခြင်း အားဖြင့် စေတီ ပုထိုးတည်နည်း၏ မူလ အခြေခံ သဘောတရားများကို သိရှိနိုင်ပေသည်။ ယခုအခါတွင်မူ စေတီ ပုထိုးတို့၏ ပုံသဏ္ဌာန်မှာ အဆင့်ဆင့် ပြောင်းလဲမှုများကို တွေ့ရှိရဘော်လည်း ယခုကျမ်းပါ အခြေခံ သဘောတရားများကိုကား အသုံးပြုကာ စီရင်ရပေမည်ဖြစ်ကြောင်း ခန့်မှန်းသိသာနိုင်ပေသည်။

ထို့ပြင် ရှေးမြန်မာတို့၏ ဘာသာရေးတွင်လည်းကောင်း၊ မိမိတို့နေထိုင်ရာ အဆောက်အဦတွင်လည်းကောင်း၊ ဆောက်လုပ်ကြရာ၌ စနစ်တကျအစီအရင်များရှိကြောင်းနှင့် ထိုခေတ် ထိုအခါက အယူအဆ မလေ့ဆုံးစံသဘောထားများကိုလည်း ခန့်မှန်းတွေးတော သိရှိနိုင်ပေသည်။

## တည်းဖြတ်ပုံ

ပိသုကာကျမ်း ပေမူများ စာမျက်နှာ ၃အင်္ဂါ၊ ၆ချပ် (က–အစ၊ ဃု–အဆုံး) ရှိ၍ ၈ ကြောင်းရေး ပေမူဖြစ်သည်။ ပေ၏အခြေအနေမှာ အတန်လတ်ပြီး လက်ရေးလက်သားမှာ သင့်ရုံရှိသည်။ သတ်ပုံသတ်ညွှန်း အတန်ပင်ညံ့သည်။ အချို့နေရာများ၌ စာအကျအပေါက်ရှိ၍ လည်းကောင်း၊ အဆက်အစပ်မရှိဖြစ်နေသဖြင့်လည်းကောင်း၊ အဓိပ္ပာယ် ငုပ်နေ၍လည်းကောင်း၊ သမန္တစက္ခုဒီပနီကျမ်းနှင့် ညှိနှိုင်းပြင်ဆင်ထားနိုင်သလောက် ပြင်ဆင်ထားပါသည်။

သက်ဆိုင်သောအကြောင်းအရာများ သူ့အကန့်နှင့်သူ ရှိစေရန်သူ့ ကဏ္ဍနှင့်သူ အဆုံးတွင်ဖော်ပြထားသည့် အကြောင်းကိုယူ၍ အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်ရန် ခေါင်းစဉ်အဖြစ် ပြုပြင်ပြောင်းလဲ ထည့်သွင်းထားပါသည်။ ပေမူ၌ အကြောင်းအရာများကို တဆက်တည်းလိုလို ဖော်ပြထားသဖြင့် ခေါင်းစည်းအောက်တွင် သက်ဆိုင်ရာ၊ သက်ဆိုင်ရာခွဲ၍ စာပိုဒ်ပြုလုပ်ခွဲခြားထားပါသည်။

အတိုင်းအတာနှင့်ပတ်သက်သော တောင်၊ မိုက်၊ လက်သစ်၊ ထွာ စသည်များနှင့် နေ့အမည်များကို ရှေးထုံးရေးနည်းအတိုင်းပင် ထားပါသည်။ အချို့သော နေ့သင့်နံသင့် ပြုလုပ်ဆောင်ရွက်မည့် နေရာများနှင့် မပြုလုပ်ထိုက်သော နေ့နံနှင့် ပြုလုပ်ထိုက်သော နေ့နံတို့ ထပ်ဘူပြစ်နေပါသဖြင့် ရှေးဟောင်း လက်မှုပညာပေါင်းချုပ်ကျမ်းနှင့် သတ္တုရူပကဝိလာသနီကျမ်းတို့ဖြင့် ညှိနှိုင်း၍ ပြင်ဆင်ထားပါသည်။ ပါဠိဂါထာများကိုကား ''ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်'' မှ ပါဠိဆရာ ဦးမောင်မောင်ကလေးနှင့် ဦးတင်ယုတို့က ကျမ်းအစောင်စောင်ဖြင့် ညှိနှိုင်း၍ သန့်စင်ကာ ကြိုးစားပြုပြင် ထားပါသည်။

ဤပိသုကာကျမ်းတွင် စေတီတည်နည်း ဘုရားပြို ဘုရားပျက်နှင့်ဟောင်းနွမ်းသော စေတီဘုရားများကို ပြုပြင်နည်းပြီးလျှင်'' ပိသုကာကျမ်း ဤရွေ့ပြီးပြည့်စုံ၏'' ဟုဖော်ပြထားသည်။ သို့သော် တဖန်ဆက်၍ ရုပ်ပွား

တော်ထုနည်း စသဖြင့် ဆက်လက်ရေးသားထားပြန်သည်။ ထိုအခြင်းအရာကိုထောက်၍ ကျမ်းရေးသူသည် ထိုမှ ဤမှ ရရှိသော အတတ်ပညာဆိုင်ရာ ကျမ်းများကို တပေါင်းတစုတည်း အကျဉ်းရုံးတင်ထားဟန်တူသည်။ အခြား တွင်းစာကျွေးနည်းကျမ်း၊ သစ်ထွင်းစကျမ်း စသည်ဖြင့်လည်း တွေ့ရှိရသည်။ ထို့ကြောင့်လည်း ရုပ်ပွားတော်ထုခြင်းအကြောင်းကိုပင် ရှေ့၌ဆိုပြီး တဖန်နောက်၌ မည်သို့မည်ပုံ တိုင်းတာရကြောင်း ဖော်ပြထားပြန်သည်။ အကြမ်းအားဖြင့်ကြည့်လျှင် စနစ်တကျ အစီအစဉ်မရှိဟု ထင်ရသော်လည်း မှတ်တမ်းတင်ရာ၌ တကျမ်းစီဖြစ်ဟန်တူ၍လည်း အမည်တူထပ်နေခြင်း ဖြစ်ဟန်တူသည်။ အမည်တူထပ်သော်လည်း အကြောင်းအရာ ပြုလုပ်ပုံမှာ သီးသန့်ရှိကြ၍လည်းကောင်း စဉ်းစားစရာ ဖန်တီးပေးသဖြင့်လည်းကောင်း မှတ်သားစဖွယ် ကောင်းလှပေသည်။ မှတ်တမ်းတင်ရာ၌ စာမျက်နှာတဆက်တည်း ဖော်ပြထားသဖြင့် ဤကျမ်းကို ပုံနှိပ်ရာ၌လည်း တကျမ်းတည်း အနေဖြင့် ယူဆကာပုံနှိပ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပါသည်။

ဤပိသုကာကျမ်းကို ပုံနှိပ်ထုတ်ဝေရန်အတွက် တည်းပြတ်ခွင့်ပေး၍ အစစအရာရာညွှန်ကြားသင်ပြပေးသော "ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်" ညွှန်ကြားရေးဝန် ဦးဖေအောင်နှင့် ဒုတိယညွှန်ကြားရေးဝန် ဦးလှမောင်တို့အားလည်းကောင်း၊ ပုံနှိပ်ထုတ်ဝေရန် မြန်မာနိုင်ငံ သုတေသနအသင်းကြီးနှင့်ဆက်သွယ်ပေးသော ဆရာဦးသိန်းဟန် (ဇော်ဂျီ) နှင့် ဆရာဦးသန်းထွဋ် (တိုက်စိုး) အားလည်းကောင်း၊ တည်းပြတ်ရာ၌ လိုအပ်ချက်များကို ပြုပြင်ပေးသော မြန်မာနိုင်ငံသုတေသနအသင်း စာမူပုံနှိပ်ထုတ်ဝေရေး အဖွဲ့အားလည်းကောင်း၊ ဤပိသုကာကျမ်းကို ပုံနှိပ်ထုတ်ဝေပေးသော မြန်မာနိုင်ငံ သုတေသန အသင်းကြီးအား လည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ခင်ခင်စု
တည်း ပြတ် သူ

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
၁၈-၁-၆၆

# ပိသုကာကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

ဤသို့လျှင် ရွှေတိဂုဏ်ဆံတော်ရှင် စေတီတော်မြတ်ကို သိကြားမင်း ဝိသုကြုံနတ်သားတို့ စီရင်ပေသောအတိုင်း မြတ်စွာဘုရား သာသနာတော်မြတ်၏ စေတီတော် ပုထိုးတော် ကူကျောင်း လိုဏ်ခေါင်း ဥမင် အစရှိသော ရုပ်တုဆင်းတု ဓာတ်တော်မွေတော်တို့၏ ကိန်းဝပ်ရာ ဖြစ်သောကြောင့် ရုပ်တုတော် စေတီတော်အစရှိသည်တို့ကို တည်ထားပူဇော် ကိုးကွယ်စီရင် ကုန်သော သူတော်ကောင်းတို့သည် ဆရာအဆက်ဆက် တပည့်အဆက်ဆက် သာသနာတော် တည်သရွေ့ အစဉ်မပြတ် မှတ်သားရစိမ့်သောငှာ ဝိသုကြုံနတ်သား၏ အစီအရင်ဖြစ်သော နည်းနာနိဿယတို့ကို တပည့်ဖြစ်သော ကဝိလမိုင်းဆရာကြီးနှစ်ပါးတို့အား ထားခဲ့သော ပိသုကာကျမ်းရိုးကား ဤသို့လျှင်၏။

## စေတီတည်ခြင်း

ဘုရားစေတီတည်မည်ဟူ၍ အရပ်ကိုမန်ပြီးသော် ထိုအရပ်ဝန်းကျင်၌ စောင့်ကုန်သော ရုက္ခစိုး ဘုမ္မစိုး သာသနာစောင့်သော သမ္မာဒေဝနတ်တို့ကို ကုသိုလ်အဖို့ကိုဝေပြီးမှ ပန်းမန် ပေါက်ပေါက်တို့ဖြင့် ပူဇော်၍ စေတီရာကို အခါနေ့ရက်ကောင်းသည်နှင့် အညီအညွတ်ပြု၍ ပြီးလျှင် ပန္နက်သဲမချခင် ပန်းပေါက်ပေါက်တို့နှင့် ဘုမ္မစိုးနတ်တို့ကို ဤသို့တိုင်ကြားရ၏။

ဥုံ နမော ပထဝီဗလသုန္ဒရီ၊
သဗ္ဗညုဗောဓိမဏ္ဍလံ။
အသင်္ချေယံ မာရကမ္မံ၊
ဇေယော ဇေယျတု ဘဝိဿာမိ။
ဘုမ္မိဒေဝီသွာဟာ။

ဤဂါထာဖြင့် သုံးကြိမ်ရွတ်ရမည်။

ဘောဘုမ္မာ၊ အို မြေကြီး၌ စောင့်ကုန်သော ဘုမ္မစိုးနတ်အပေါင်းတို့။ မယံ၊ ငါတို့သည်။ ဣဒါနိ၊ ယခုအခါ၌။ သဂ္ဂမောက္ခနတ္ထာယ၊ နတ်ရွာနိဗ္ဗာန်ချမ်းသာ အကျိုးအလို့ငှာ။ ဗုဒ္ဓသရီရ စေတီယံ၊ မြတ်စွာဘုရား၏ ရုပ်တုတော် ဆင်းတုတော် မွေတော် ဓာတ်တော်မြတ်တို့၏။ ဝိဟာရံ၊ ကိန်းအောင်းရာဖြစ်သော။ ဣဋ္ဌစေတီယံ၊ အုတ်ရိုးကျောင်းတော် စေတီတော်မြတ်ကို။ ကရိဿံ၊ တည်ထားပူဇော်ပါအံ့။ တံပုညဖလံ၊ ထိုအကျွန်ုပ်ပြုစုလတံ့သော။ ပုညံ၊ ကောင်းမှု ဒါန၏။ ဖလံ၊ အကျိုးကို။ ဘုမ္မာ၊ မြေ၌ခနကုန်သော။ ဒေဝါ၊ နတ်တို့သည်၊ သမံ၊ အမျှ၊ လဗ္ဘန္တု၊ ရစေသတည်း။ ဣမံဒိသံ၊ ဤအရပ်၌။ ဒေဝါ၊ ဘုမ္မစိုးနတ်တို့၏။ ဝိမာနံ၊ ဗိမာန်တို့သည်။

ဧစဂစ္ဆတိ၊ အကယ်၍ရှိပါငြားအံ့။ ပရံပရေ၊ တပါးပါးသော။ ဒိသေ၊ အရပ်သို့။ တိဋ္ဌတု၊ ပြောင်း၍တည်ကုန်သတည်း။ ဠတိ၊ ဤသို့။ ယာစာမိ၊ တောင်းပန်ပါ၏။ ဤသို့ဆို၍ တောင်းပန်ပြီးသော် ကြိုးတန်းချ၍ ပန္နက်သဲကိုတည့်တည့်။ တိုရှည်မပြုရာ။ အရင်းအဖျား မမှားစေရာ။ အရင်းက မှန်စွာစိုက်လေ။

စေတီဖိနပ်တော်နှစ်ဖက်ကိုပေါင်း၍ တောင်ကိုဖွဲ့ပြီးမှ ၃ မိုက်နှင့်မြှောက်။ ရှစ်လက်သစ်နှင့်စား။ ရဟန်းပုဏ္ဏားတို့မှာ ၂ ခု၊ ၄ ခု ကြွင်းကိုထား။ ။ဆင်းရဲသားတို့မှာ ၅ ခုကြွင်းကိုထား။ အသုန်း ၃ ပါးကို ရှောင်ကုန်ရာ၏။ သုံးပါးဟူသော်ကား အသုန်းကိုလည်း မထားရာ။ ၃ ခု ကြွင်းကိုလည်း မထားရာ။ ပန်းလည်တိုင်လည်း[၁] အသုန်းမထားရာ။ ဖိနပ်တော်မှာ ရှစ်ခုစား။ ပန်းလည်တိုင်မှာ ၇ ခုနှင့်စားသောကြောင့် ၇ မိုက်မထားရာ ဟူသတည်း။ ။ အလယ်ဌာပနာတိုက်ကိုလည်း ဖိနပ်တော်ကဲ့သို့ နှစ်ဖက်ကို ရှစ်ခုနှင့်စား၍ ၅ ခုကြွင်း ထားရာသည်။ အလယ်ဌာပနာတွင်းကား ရဟန်း ပုဏ္ဏား မင်းကောင်းမှုတို့မှာ ၇ မိုက် တူးရမည်။ ဆင်းရဲသားတို့မှာ ၅ မိုက် တူးရမည်။ ဤကား သမ္ပတိမြေတွင်း အနက်တည်း။

## ရွှေအုတ်မြစ်ချခန်း

**သတ္တဋ္ဌာနတိုက်။** ။သတ္တဋ္ဌာနတိုက်တို့ကိုလည်း ထိုအတူလည်းကောင်း ၇ မိုက်ဖွဲ့လျှင် အမြင့် ၇ မိုက်ထား။ ၅ မိုက်ဖွဲ့လျှင် အမြင့် ၅ မိုက်ထားရာ၏။ အနားတွင်းတို့မှာ ၃ မိုက် မဖွဲ့ရာ။ ၄ မိုက်သော်လည်း ကောင်း၏။ အလယ်တွင်း၌ အမျှသော်လည်း ကောင်း၏။

**ဌာပနာတိုက်။** ။ဌာပနာတိုက် တူးပြီးသော် ရာဇမတ်ဝန်းကျင် ကာလေ။ တိရစ္ဆာန် ခွေး ဝက် မိန်းမ တို့ကို မဝင်စေရာ။ ကျီးလည်း မနားစေရာ။ ကျပ်ကျပ်စောင့်စည်းကုန်ရာ၏။ တစုံတခုဝင်သော် ဘုရားဒါယကာတို့ကို မမြင်စေရာ။ ဤကားတည်၍ မမြေမပေါ် သရွှေတည်း။

ရာဇမတ်ကာပြီးသော် ငှက်ပျောပင် ကြံပင် ထီး တမ်းခွန် ကုက္ကား မုလေးပွားတို့ဖြင့် တန်းဆာဆင်ကုန်ရာ၏။ ရဟန်းသင်္ဃာတို့ကို ပရိတ်မေတ္တာ ကမ္မဝါစာ ရွတ်စေရာ၏။ ရွတ်ပြီးသော် ရွှေအုတ် ငွေအုတ်တို့ကို ဌာပနာတိုက်တွင်းသို့ သွင်းကုန်ရာ၏။ ရွှေအုတ်ကား ဒသဗလ အလိုအားဖြင့် ဆယ်ချပ်တည်း။ နဝလောကုတ္တရာ အလိုအားဖြင့်ကား ၉ ချပ်တည်း။ အဋ္ဌင်္ဂမဂ္ဂ (အလို) အားဖြင့် ရှစ်ချပ်တည်း။ သတ္တဗောဇ္ဈင်္ဂ (အလို) အားဖြင့် ၇ ချပ်တည်း။ ဆဠာဘိညာဏ် (အလို) အားဖြင့် ၆ ချပ်တည်း။ ဉေယျဓမ်တရား (အလို) အားဖြင့် ၅ ချပ်တည်း။ ဤသို့လျှင် တဆယ်ကကို ၅ ချပ်အဆုံးတည်း။ တတ်နိုင်ရာ ယူရာ၏တည်း။ ။ဂါထာဗန္ဓကို အလိုသော်ကား ဆယ်ချပ်ပြုရာ၏။ ။

---

(၁) ''ဘုရားပန္နဲတိုင် ဆိုသော အရာသည်လည်း အမှတ်မထင် ဆိုမိန့်သော အရာသာ ဖြစ်သင့်၏။ ပန်းလည်တိုင်ဟူ၍ ဆိုလိုရင်းကို ရွေ့လျော၍ ဆိုသည်လည်း ဖြစ်ရာ၏။'' ။ဝေါဟာရတ္ထပကာသနီကျမ်း ၃၉၄။

အလယ်ရွှေအုတ်နှစ်ချပ်ကို သက္ကထွာ ၃ ပုဒ်နှင့်ရွတ်ပြီးလျှင် ရွှေအုတ်ဂါထာနှင့်ပိတ်၍ ချလေ။ ကြွင်းသော ရှစ်ချပ်မှာ အောင်ခြင်းရှစ်ပါးနှင့် တဂါထာ တချပ်စီ အရှေ့မျက်နှာက စ၍ လက်ျာရစ်လည်ကာ အရှေ့မြောက်တွင် အဆုံးသတ်၍ ရွှေအုတ်ချဂါထာနှင့် ပိတ်၍ ချလေ။ ။

ပန်းရံသမားတို့က သတ္တိဗျတ္တိနှင့် ပြည့်စုံပါလျှင် ရတနာရွှေချိုင့်၊ ရတနပရိတ်၊ ဆဒိသ ပါလသုတ်၊ စက္ကပရိတ်၊ ပရိတ်မှန်း၊ စိန္တာမုဏိဂါထာ၊ ဇံအစိန္တေယျာတို့ကို တတ်စွမ်းနိုင်သမျှ ရွတ်ရမည်။ မတတ်နိုင်သော်ကား သက္ကထွာ အောင်ခြင်းရှစ်ပါး ဂါထာများမလွှဲသာချေ။

ရွှေအုတ်ချအပိတ်ဂါထာ ။ ။ ရွှေအုတ်ချအပိတ် ဂါထာကား။

သုဝဏ္ဏဘုမ္မိမင်္ဂလ သံဘုတော၊
ဝိတရာဂေါ ပဌမောသုဏ္ဍော၊
သုဝဏ္ဏမင်္ဂလံ မာဂမိ လဘန္တိ။
သုဝဏ္ဏဘုမ္မိ မင်္ဂလံ။
နတ္ထိ မေ သရဏံ အညံ၊
ဗုဒ္ဓေါ မေ သရဏံ ဝရံ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ တေ ဟောတိ ဇေယျမင်္ဂလံ။

မေ၊ အကျွန်ုတို့သည်။ အညံ၊ တပါးသောသူတို့သည်။ သရဏံ၊ ကိုးကွယ်ရာသည်။ နတ္ထိ မရှိပြီ။ ဗုဒ္ဓေါ၊ ဘုရားသည်သာလျှင်။ မေ၊ အကျွန်ုပ်တို့၏။ သရဏံ၊ ကိုးကွယ်ရာတည်း။ ဗုဒ္ဓေါ၊ ဘုရားသည်သာလျှင်။ မေ၊ အကျွန်ုပ်တို့၏။ သရဏံ၊ ကိုးကွယ်ရခြင်းသည်။ ဝရံ၊ မြတ်လှစွာ၏။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့သစ္စာစကားကြောင့်။ ဣမံကမ္မံ၊ ဤသို့ ယခုပြုအပ်သော ကုသိုလ်ကောင်းမှု၏ ကိစ္စသည်။ အာရောဂျံ၊ အနာမရှိသဖြင့်။ သုခံ၊ ချမ်းသာစွာ။ ခိပ္ပံ၊ လျင်စွာ။ သမိဇ္ဈန္တု၊ အပြီးသို့ရောက်စေကုန်သတည်း။ ။ဇေယျမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသို့ ရောက်စေကုန်သတည်း။ ။ဤဂါထာတို့ဖြင့် ရွှေအုတ်ချပ်စေ့အောင် ရွတ်၍ချရမည်။

ချပြီးသောရွှေအုတ်တို့ကို မလှုပ်မရှား မတောမပြောင်းစေရ။ ငြိမ်သက်စွာထားရမည်။ ဆံခြည်တတံ နှမ်းတလုံး မရွေ့ကောင်း။ ဓာတ်တော်တို့ကိုလည်း ဤသို့ဂါထာများနှင့် ရွတ်၍ ချရာ၏။ ချပြီးလျှင် တတ်အားသမျှ မင်္ဂဖိုလ် နိဗ္ဗာန် ချမ်းသာသုံးပါးဆုကိုတောင်း၍ ဆရာသမား မိဘ ညာတကာ မှစ၍ သိကြား စသော သမ္မာဒေဝ နတ်တို့ကိုလည်းကောင်း သုံးဆဲ့တဘုံ၌ နေကုန်သော သဗ္ဗေသတ္တာ သတ္တာဝါ အပေါင်းတို့ကို လည်းကောင်း ကုသိုလ်ဝေ၍ နေ့ချင်း ဌာပနာတိုက်တွင်း ပိတ်အောင်တည်ရာ၏။ ။

**နေ့ချင်းပိတ်အပ်သည် သုံးပါး။** ။တနေ့ချင်း ပိတ်အပ်သည် သုံးပါးတည်း။ သုံးပါး ဟူသော်ကား ရွှေအုတ်မြစ်ချသော အထဲအပြင်တွင်းကို နေ့ချင်း မြေနှင့်မျှရုံ ပိတ်ရမည်။

ဌာပနာသွင်းသော လိုဏ်ခေါင်းတို့လည်း နေ့ချင်းပိတ်ရမည်။ ဤသည်လျှင် နေ့မကူးအပ်သော သုံးပါးတည်း။

**လမကူးအပ်သည်သုံးပါး။** ။လမကူးအပ်သည်သုံးပါးဟူသော်ကား ရွှေအုတ်မြစ်တွင်း တူးပြီးလျှင် လမကူးခင် ရွှေအုတ်သွင်းရမည်။ ဌာပနာတိုက်ဖွဲ့ပြီးလျှင် လမကုန်ခင် သတ္တဌာနသွင်းရမည်။ သပိတ်မှောက် ပန်းလည်တိုင်တင်ပြီးလျှင် လမကူးခင် ပန်းလည်တိုင် ဖုံးမိရိုတည်ရမည်။ ဤကား လမကူးအပ်သည် သုံးပါးတည်း။

**နှစ်မကူးအပ်သည်သုံးပါး။** ။နှစ်မကူးအပ်သည် သုံးပါး ဟူသော်ကား လိုဏ်ဖွဲ့ပြီးလျှင် နှစ်မကူးခင် လိုဏ်ပေါင်းကူးရမည်။ ပန်းလည်တိုင်တင်ပြီးလျှင် ကိုယ်တော်လုပ်ရမည်။ ထီးတော်တင်ပြီးလျှင် နှစ်မကူးခင် သာခုခေါ်ရမည်။ ဤကား နှစ်မကူးအပ်သည် သုံးပါးတည်း။

ရက်ကူး လကူး နှစ်ကူး ဤသုံးပါးလုံးကြုံသော် တစုံတခု အမှုရောက်တတ်၏။ အကျပ်ကျတတ်၏ ဟူလိုသော်။

တနေ့တည်း တဌာနတည်း တရက်တည်း တနာရီတွင် စေတီနှစ်ဆူ တပြိုင်နက်တည်ရာ၌ ရွှေအုတ်မြစ် မချရာ။ ချသော် ဒါယကာ တယောက်ယောက် ဘေးရောက်တတ်၏။ အဘယ်ကြောင့်နည်းဟူမူကား တကမ္ဘာတည်း၌ ဘုရားနှစ်ဆူ ပွင့်တော်မမူဘူး သောကြောင့်တည်း။ မလွဲမကင်းသာလျှင် နာရီပြောင်းလွဲ၍ ချရာ၏။

ရွှေအုတ်မချမီ ပိသုကာ နတ်ရကာကိုရည်မှတ်၍ တင်။ ပိသုကာအလယ်ပွဲမှာ ဖျင်တစုံ၊ ငွေစင် ၅ ကျပ်၊ ငှက်ပျောတကောင်း၊ လက်ဖက်ခြောက် မြေစာ သပြေပန်းစိုက်၍ ဆန်ဖြူတခွက် ဒေါင်းလန်းနှင့် တည်၍ အလယ်ပွဲခင်းရမည်။ ကဝိလမိုင်းဆရာကို ရည်မှတ်၍တင်။ အပြင်လေးပွဲမှာ ဖျင်တံပက် ငွေ ၁ ကျပ်။ ငှက်ပျောဖီးမှစ၍ အလယ်ပွဲကဲ့သို့ ဒေါင်းလန်းနှင့် တည်ရမည်။ ဖျာ ၅ တည်၍ ခင်းရမည်။ ဤသို့စီရင်ပြီးမှ ပန်းရံသမားတို့သည် ရတနာ သုံးပါးတို့ကို ရှိခိုးပူဇော်ပြီးမှ ဆရာ နတ်ရကာနှစ်ပါးမှစ၍ မိခင် ဖခင် လောက၌ သွန်သင်ပေးသော ဆရာအပေါင်းတို့ကို ရှိခိုး၍ ကောင်းသောဆုကိုပန်၍ ရွှေအုတ်မြစ်ချရာသည်။ ဤကား ရွှေအုတ်မြစ်ချရာသောအခန်းတည်း။

## ဌာပနာအခန်း

**ဌာပနာတိုက်ကား။** ။သမ္မတိမြေနှင့် အမျှတည်လုပ်ရာ၏။ လိုဏ်ခေါင်း ကြီးကျယ်မြင့်ချင်လျှင် အစောက်လျှင် ပစ္စယာ သုံးဆင့်တွင်လုပ်လေ။ ဌာပနာတိုက်ကို အင်္ဂတေကိုင်ပြီးလျှင် သစ်စေး မြေနီ လိမ်းပြီးလျှင် ရွှေပန်း တန်ဆာဆင်ရာ၏။ ဆေးစွမ်းတို့ဖြင့် ရေးရာ၏။ မတတ်နိုင်သော် စက္ကူတို့ဖြင့် ကပ်၍ မွမ်းမံရာ၏။

## ဌာပနာအပ် ရေးအပ်သော ရုပ်ဟန်များ

### ဌာပနာရာသည်ကား

၁။ ငါတို့ ဘုရားအလောင်းတော်ကို မယ်တော်မာယာသည် လုမ္ဗနီဥယျာဉ် အင်ကြင်းတော၌ ဖွားတော်မူဟန်။
၂။ မြောက်သို့ ခုနစ်ဖဝါး ကြွတော်မူဟန်။
၃။ သိကြားမင်း ရေစင်သွန်းတော်မူဟန်။
၄။ ဗြဟ္မာမင်း ထီးဖြူကာတော်မူဟန်။
၅။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သားတော်ကိုချီ၍ ဒေဝီလရသေ့ကို ပြတော်မူဟန်။
၆။ ပုဏ္ဏားရှစ်ယောက်တို့အား လက္ခဏာဖတ်စေဟန်။
၇။ လယ်ထွန်မင်္ဂလာပွဲသောခါ သပြေပင်ရင်းတွင် ရွှေပုခက်နှင့်ထား၍ နေလွဲသော်လည်း သပြေမလွဲသည်ဖြစ်၍ မယ်တော် ခမည်းတော်ရှိခိုးဟန်။
၈။ လေးအတတ်ကိုပြ၍ ယသော်ဓရာမိဖုရားနှင့် ရမ္မ သုဘ သုရမ္မ နန်းသုံးဆောင်ကို စံစားဟန်။
၉။ နတ်တို့ နိမိတ်လေးပါး ပြဟန်။
၁၀။ သားတော် ရာဟုလာဖွား၍ လျှောက်ဟန်။
၁၁။ သားတော်ရာဟုလာ မျက်နှာမြင်သည့်နေ့၌ သံဝေဂတရားရသဖြင့် ခဏ္ဍကမြင်းကိုစီး၍ နောက်ပါကျွန်ဆန်နှင့်တကွ သန်းခေါင်အခါ တောထွက်တော်မူဟန်။
၁၂။ မာရ်နတ်သား လာ၍တားဟန်။
၁၃။ အနော်မာမြစ်ကိုကူး၍ သဲကျွန်းထက်၌ ဆံတော်ကိုဖြတ်ဟန်။
၁၄။ ဃဋိကာရဗြဟ္မာမင်း ကြာသက်န်းနှင့်တကွ ပရိက္ခရာကို ကပ်လှူဟန်။
၁၅။ သိကြားမင်း ဆံတော်ကိုလာ၍ခံဟန်။
၁၆။ သင်္ကန်းတော်ကို ဝတ်ရုံပြီးလျှင် ရာဇဂြိုဟ်ပြည်ကို ဆွမ်းခံကြွတော်မူဟန်။
၁၇။ ပဏ္ဍဝတောင်စောင်း၌ ဆွမ်းဘုဉ်းပေး၍ ဗိမ္ဗိသာရမင်းကြီး တောင်းပန်ဟန်။
၁၈။ သုဇာတာသူဌေးသမီး ဃနာနို့ဆွမ်း လှူဟန်။
၁၉။ နေရဥ္ဇရာမြစ်နား၌ ဆွမ်းဘုဉ်းပေးဟန်။
၂၀။ ပြီးလျှင် ရွှေခွက်ကို မြစ်အလယ်၌ ဓိဋ္ဌာန်မျှောဟန်။
၂၁။ ရွှေနောင်တော်သုံးဆူတို့ ရွှေခွက်၌ ထိကျ၍ ကာလနဂါး နိုးဟန်။
၂၂။ သုဒ္ဓိယစေင်၏ မြက်ရှစ်ဆုပ်ကို အလှူခံဟန်။
၂၃။ ထိုမှသည် ဗောဓိပင်သို့ကြွ၍ ရွှေပလ္လင်ထက်၌ နေတော်မူလျှင် မာရ်နတ်သား စစ်သည်ကို အောင်တော်မူဟန်။ ယင်းသည်မှစ၍ သတ္တဌာနတဆူကို ဂါထာတဂါထာစီ ရွတ်၍ ဌာပနာရမည်။
၂၄။ ဗောဓိပင် အရှေ့မြောက်ထောင့် အနိမိသအရပ်၌ ဗောဓိပင်ကို ရွှေမျှော်ပြု၍ ၇ ရက် နေတော်မူဟန်။

၂၅။ ဗောဓိပင်မြောက်အရပ်၌ အရှေ့အနောက်စင်္ကြံ ၇ ရက်ကြွတော်မူဟန်။
၂၆။ ဗောဓိပင်အနောက်မြောက် ရတနာဃရရွှေအိမ်၌ ၇ ရက်အဘိဓမ္မာတရားကို သုံးသပ်တော်မူဟန်။
၂၇။ ဗောဓိပင်အရှေ့စူးစူး အဇပါလဆိတ်ကျောင်းသားတို့နေရာ ညောင်ပင်၌ ၇ ရက်နေတော်မူဟန်။
၂၈။ ဗောဓိပင်အရှေ့တောင်အရပ် မုစ္စလိန္ဒာအိုင်အနီး ကျေးပင်ရင်း၌ နဂါးမင်းသည် ပါးပျဉ်းဖြင့်ဖုံး၍ မိုးကြီးသည်းစွာရွာသဖြင့် ၇ ရက်နေတော်မူဟန်။
၂၉။ ဗောဓိပင်တောင် လင်းလွန်းပင်ရင်း၌ ၇ ရက်နေတော်မူဟန်။
၃၀။ သိကြားမင်းသည် ကြဇံသီးနှင့်တကွ မျက်နှာသစ်တံပူကို ကပ်လှူဟန်။
၃၁။ တဖုဿ ဘလ္လိက သတို့သားတို့က ပျားမုန့်ဆွမ်း လှူဟန်။
၃၂။ စတုလောကပါလနတ်သားလေးယောက်တို့က မြသပိတ်လေးလုံးကို ကပ်လှူဟန်။
၃၃။ သဟမ္ပတိဗြဟ္မာမင်း တရားတော်မြတ်ကို ဟောစိမ့်သောငှာ တောင်းပန်ဟန်။
၃၄။ မိဂဒါဝုန်တောသို့ကြွ၍ ပဉ္စဝဂ္ဂီအမှူးရှိသော နတ်ဗြဟ္မာတို့အား ဓမ္မစကြာတရားတော်ကို ဟောတော်မူသောဟန်။
၃၅။ ရာဇဂြိုဟ်ပြည်သို့ ကြွဟန်။
၃၆။ ဗိမ္ဗိသာရမင်းမှစ၍ ပြည်သူပြည်သား တို့သည် ဆောက်လုပ်သော ဝေဠုဝန်ကျောင်းတော်ကို အလှူခံဟန်။
၃၇။ ကပိလဝတ်ပြည်၌ ခမည်းတော်က ဖိတ်ပင့်၍ ပြည်တော်သို့ ကြွတော်မူဟန်။
၃၈။ သာကီဝင်မင်းသားတို့အား ယဉ်ကျေးစိမ့်သောငှာ ကောင်းကင်ထက်၌နေ၍ တရားဟောတော်မူဟန်။
၃၉။ သာဝတ္ထိပြည် သရက်ဖြူပင်ရင်း၌ ယမိုက်ပြာဋိဟာကို ပြဟန်။
၄၀။ တာဝတိံသာနတ်ပြည်၌ မယ်တော်မိနတ်သားကို အကြောင်းပြု၍ တသောင်းသောစကြဝဠာမှ လာသော နတ်ဗြဟ္မာတို့အား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာ ၇ ကျမ်းကို ဟောတော်မူဟန်။
၄၁။ နတ်ပြည်မှသက်တော်မူ၍ သင်္ကဿနဂိုရ်ပြည်သူတို့သည် ခရီးဦးကြိုကြဟန်။
၄၂။ နာဠာဂိရီဆင်ကို ဗျာဒိတ်ပေးတော်မူဟန်။
၄၃။ အောင်ခြင်းရှစ်ပါးကို အောင်တော်မူဟန်။
၄၄။ ပလလဲတော၌ ပလလဲဆင်အား တရားဟောတော်မူဟန်။
၄၅။ ပါဝါပြည်၌ စုန္ဒပန်းထိမ်သည်၏ ဆွမ်းကို ခံတော်မူဟန်။
၄၆။ ကုသိနာရုံပြည်၌ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်တော်၌ ပရိနိဗ္ဗာန်ပြုတော်မူဟန်။
၄၇။ သုဘဒ်ရဟန်းကို ပြဿနာမေးဟန်။
၄၈။ ရှင်အာနန္ဒာ ငိုဟန်။
၄၉။ သင်္ဂြိုဟ်တော်မူလျှင် ရှင်မဟာကဿပကို ငံ့တော်မူဟန်။
၅၀။ တေဇောဓာတ်ဖြင့် လောင်တော်မူဟန်။
၅၁။ ၇ ပြည်ထောင်မင်းတို့အား ဒေါနပုဏ္ဏား ဓာတ်တော်ကိုဝေဟန်။

၅၂။ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလန်မှစ၍ အသီတိရှစ်ကျိပ်ရဟန္တာများ နေတော်မူဟန်။
၅၃။ ပရိက္ခာရာရှစ်ပါးဟန်။
၅၄။ နှစ်ကျိပ်ရှစ်ဆူသောဘုရားဟန်။
ဌာပနာတိုက် အကြီးအကျယ်မျိုးကို ဆိုသည်။

ဤသည်များကို ရွှေငွေတို့ဖြင့်လည်းကောင်း ကြေးနီ ကြေးဖြူ ခဲမ သလွဲစည် စသည်တို့ဖြင့်လည်းကောင်း အရုပ်သွန်းလုပ်၍ မြေပုံကိုလည်းကောင်းလုပ်၍ အစဉ်သင့် ဌာပနာရမည်။ ရွှေနောက်ပြု၍ ဌာပနာမသွင်းအပ်။

## ရေးအပ် သွန်းအပ်သော အရုပ်များကို ထားသင့်သောနေရာ

ဒီပင်္ကရာ ဗျာဒိတ်ပေး၍ သုမေဓာရှင်ရသေ့ ဗျာဒိတ်ခံဟန်။ သုမိတ္တာသူဌေးသမီး ဆုပန်ဟန်။ ဤသည်များမှာ ဗောဓိပင် လင်းလွန်းပင် အနောက်က ထားရမည်။

အဋ္ဌဝီသ နှစ်ကျိပ်ရှစ်ဆူများမှာ ဌာပနာတိုက်ပတ်လည်တွင် အထဲသို့ မျက်နှာဆိုင်၍ ထားရမည်။

**တည်ခြင်းသုံးပါးဟူသည်ကား။** ။ပဌမ ရွှေအုတ်မဟာဗောဓိပင်နှင့် အထက်ပန်းလည်တိုင် ခေါင်တည်စေ။ သတ္တဌာနမှာ အနိမိသ တဆူကိုသာ ဗောဓိပင်ရှိရာ အနောက်တောင်ထောင့်သို့ မျက်နှာတော်ပြုလေ။ ထိုပြင် ခြောက်ဆူမှာ အရှေ့စူးစူး မျက်နှာပြုရမည်။ ဗောဓိပင်တောင် လင်းလွန်းပင်အနောက်နားကစ၍ ဖွားတော်မူသောတိုက်တို့ကို မြောက်သို့မျက်နှာပြု၍ မျက်နှာပြုပြီးမှ လက်ျာရစ်လည်၍ ချလေ။ ။အရှေ့တောင်ထောင့်တွင် ပရိနိဗ္ဗာန်တိုက်ကို ထားလေ။ပရိနိဗ္ဗာန်တိုက်နှင့် ဖွားတော်မူဟန်တိုက်အကြား လင်းလွန်းပင်နားတွင် စတု လောကပါလ တဖုဿ ဘလ္လိက သိကြားမင်း ဗြဟ္မာမင်းတိုက်တို့ကို ထားပါလေ။ ။စူဠာမဏိစေတီကား ဗောဓိပင်အနောက်တောင်ထောင့်က ထားလေ။

## ဌာပနာသွင်းရာ၌ ပန်းရံသမားတို့ ပြုလုပ်ဖွယ်

ဌာပနာသွင်းခါနီး ဘုရားဒါယကာ ပန်းရံသမားတို့သည် ကိုယ်၌ အညစ်အကြေးဖြူစင်စွာဆေးလျှော်၍ အဝတ်ဖြူ ဝတ်ပြီးမှ သရဏဂုံသုံးပါး၊ ပဉ္စသီ၊ အဋ္ဌသီ၊ ဥပုသ်ရှစ်ပါးတို့ကို ဆောက်တည်စေ၍ ပန်းရံသမားတို့က ကျပ်ကျပ်သတိပြု၍ မမှားမယိမ်း မယွင်းမစောင်း မယိုင်မယိမ်းရအောင် သတိဆောင်၍ အင်္ဂတေတို့ဖြင့် သေသေချာချာ ကျပ်ကျပ်မှတ်၍ ဌာပနာသွင်းရာ၏။ သွင်းပြီးမှ တံပူခြမ်း နှမ်းတလုံး နှီးတဗျက်မျှ မရွှေစေရာ။ မလှုပ်မရှားရာ။ အုတ်မြစ်ချသော အထက်ဌာပနာနေရာမှ မှားမိလစ်ဟင်းလျှင် ဘုရားဒါယကာ ပန်းရံသမားတို့က ဘေးဥပါဒ်မှစ၍ ဥစ္စာပစ္စည်း တိမ်းယိမ်းခြင်းသို့ ရောက်တတ်ချေ၏။ သတိပညာပြုပါလေ။

**ဓာတ်တော်မွေတော် ဌာပနာနည်း။** ။မွေတော် ဓာတ်တော်ကိုလည်း ရွှေကြုပ် ငွေကြုပ်ဖြင့် ဌာပနာရမည်။ ရွှေပန်းငွေပန်း ရွှေဆီမီးတို့ဖြင့် ပူဇော်ပါလေ။ ရွှေပေါက်ပေါက်

ငွေပေါက်ပေါက် ပန်းနံ့သာတို့ဖြင့် ပူဇော်ကန်တော့ပြု၍ လိုအပ်သောဆုကိုတောင်း၍ အမျှဝေပြီးမှ သေချာစွာ ဆီးမီးမကျွမ်းခင် ပိတ်ရမည်။ ။

**ဌာပနာသွင်းအပ်သောပစ္စည်းများ။** ။ဌာပနာသွင်းအပ်သည်ကား ဆံစု၊ ဆံကျင်၊ ဇာတာ၊ အင်းအိုင်၊ ထိုးကွင်းလက်ဖွဲ့၊ ကျောက်မျိုး။

မိုးကြိုးစက် အရိုးဟူသမျှ ဌာပနာမသွင်းအပ်။ နိုင်အောင်ပန်းရံသမားတို့အား ဆီးတားရမည်။ သပိတ်မှောက်၌ကား ကောက္ကုသန်ဘုရား တောင်၊ ကောဏာဂုဏ် အနောက်၊ ကဿပ မြောက်၊ ဂေါတမ အရှေ့၊ မျက်နှာချင်းဆိုင်၍ ဌာပနာရမည်။ ထို့၌လည်း မွေတော်ဓာတ်တော် ရသမျှ သွင်းပါလေ။ ပြီးလျှင် ပူဇော်ရှိခိုး၍ ပိတ်ရမည်။

ငှက်ပျောဖူးမှာ ရှင်သူလေးပါးအရုပ် ရပ်စောင်လုပ်၍ ရှင်ဥပဂုတ် တောင်မျက်နှာ၊ ရှင်မေဓရ အနောက်မျက်နှာ၊ ရှင်သာရဒတ္တ မြောက်မျက်နှာ၊ ရှင်သက္ကောသာရ အရှေ့မျက်နှာ ဆိုင်၍ ဌာပနာရမည်။ ထို့၌လည်း မွေတော်ဓာတ်တော် ရတတ်သမျှ ဌာပနာရ၏။

ဘုရားလေးဆူမှာလည်း ဂါထာနှင့်ရွတ်၍ သွင်းရမည်။ ရှင်လေးပါးမှာလည်း ဂါထာနှင့် ရွတ်၍ စေတီယ်လျှင် ကျမ်းဦးဂါထာ ပဋ္ဌိစ္စသပ္ပုပ္ပါဒ် ဓမ္မစကြာ ဂုဏ်တော်သုံးပါးတို့ကို ရွှေပေ ငွေပေတွင်ရေး၍ ရွှေကြုပ်ငွေပ်ကြုတွင်ထည့်၍ ဌာပနာရမည်။ ကိုယ်တော်ကြီးစွာ အားလောက်လျှင်လည်း ဝမ်းတော်ချက်မတွင် ဌာပနာရာ၏။ ထို့၌လည်း မွေတော်ရသမျှ သွင်းရာ၏။

အောက်ကလိုဏ်မဖွဲ့လျှင် သမ္ပတိမြေက အုတ်သုံးထပ်ပေါ်တွင် ဖွဲ့ရာ၏။ မြင့်စေချင်လျှင် ခွေစာတထိုင်ထက် နိမ့်ရုံဖွဲ့ပါလေ။ မြင့်လျှင် လိုဏ်ပျံဖြစ်၏။ ဘုရားဒါယကာတို့ ဘေးမလွတ် ဖြစ်တတ်၏။ သတ္တဌာန ၇ နေ့ ပါဠိအနက်တို့၌ တဂါထာစီ၊ နောက်ပိတ်ဂါထာနှင့် ရွတ်၍ ၇ ဌာနကိုချပြီးမှ အစဉ်သင့် ဘုရားဖြစ်တော်မူချက်အတိုင်း ဌာပနာပြီးလျှင် အဠ္ဌဝီသဂါထာမှာ သမ္ဗုဒ္ဓေ ပါဠိအနက်ကိုရွတ်၍ ရှိခိုးရမည်။ သတ္တဌာနရှိခိုးနှစ်ဂါထာ ပါဠိအနက်။ အဠ္ဌဌာန ဂါထာ ပါဠိအနက်။ နဝဌာနဂါထာ ပါဠိအနက်။ ဒွာဒသဌာနဂါထာ ပါဠိအနက်တို့ဖြင့် ရှိခိုးပူဇော်၍ ဌာပနာတိုက်ကို ပိတ်ရမည်။

## သတ္တဌာန နောက်ပိတ်ချဂါထာ

ဗလနိဗ္ဗာနစသေဠ္ဌိ သေဝမာနောရသုတ္တမံ။ ဗောဓိမူလေ ဝသိသတ္တ ဒိဝသာနိ ဝိနာယကော။ တထာဂတေန မဟာနုဘာဝေါ ယံကိဠ္ဌိသတ္တရတနံ တဏှာနံ၊ ဇေယျော ဇေယျတု ဇေယျမင်္ဂလံ။ ။ဤကား သတ္တဌာန နောက် ပိတ်ချမည်ဂါထာတည်း။

မမ္မသာရသည် သေလေးပါးတွင်ပါ၏။

**ရှင်လေးပါး။** ။ရှင်ဥပဂုတ်၊ ရှင်သာရဒတ္တ၊ ရှင်သက္ကောသာရ၊ ရှင်မေဓရ။

(သမန္တစက္ခုဒီပနီ)

အဠ္ဌဌာန နဝဌာန ဒွါဒသဌာန ဟူသော်ကား ပဌမံ၊ လ။ ဤသို့ဆိုအပ်ပြီးသော အတိုင်း စီရင်၍ ဌာပနာ သွင်းရာ၏။ ဌာပနာအခန်းပြီး၏။

## ထီးတင် ပန်းလည်တိုင်အခန်း

**ပန်းလည်တိုင်ထူနည်း။** ။ပန်းလည်တိုင်ထူရမည်အရာကား ဤသို့လျှင်တည်း။ ဘုရားတကာနှင့်နံသင့်သော ထာဝရ ခိုင်ခံ့မြဲမြံသော သစ်တို့ခုတ်မည် ပြုသောအခါ ရုက္ခစိုးနတ်ကို ကုသိုလ်ပို့ဝေ၍ တိုင်တမ်းထောက်ပံ့၍ ခုတ်ရာ၏။ နေထွက်သောမျက်နှာကို မမှားရအောင် သတိပြု၍မှတ်ထားပြီးလျှင် စိုက်ထူသောအခါလည်း ပန္နက်မျက်နှာမှန်စွာ စိုက်ရမည်။ "အောင်ပဝယ်သည့်နှစ်၊ ငစစ်ဆိုကလေး၊ အောင်ထွေလှကောင်ဆထိုပြင်၊ မသင်ကျ"ဟူ၍ ကျမ်းလာသောကြောင့် ၁ နှေသား ၅ တေးသားတို့မှာ ၂ ခုကြွင်းကိုဆောင်။ ၂ လာ ၃ ဂါသားတို့မှာ ၄ ခုကြွင်းကိုဆောင်။ ၄ ဟူး စနေသားတို့မှာ ၆ ခု ကြွင်းကိုဆောင်။ ထိုသစ်ကို တောင်ဖွဲ့၍ ၃ မိုက်နှင့်မြှောက် ၇ ခုစား။ ၂ ခုကြွင်း ၄ ခုကြွင်း ၆ ခုကြွင်းကို နံသင့်ရာကို ဆောင်ရာ၏။

**ပန်းလည်းတိုင်စား အကြွင်းဟော**

ဧကော ဇေယျော၊ ဒွေ သိဒ္ဓိ၊ တြိ ဒုက္ခ၊ စတု လာဘံ။
ပဥ္စ မရဏံ၊ ဆယျော ဆကာမာဝစရံ၊ ပူဇာသက္ကာရံ။
သတ္တမေဝ၊ သုညော တုဌော။ ။ဟူ၍ ဂါထာဆို၏။

ဧကော၊ ၁ ခုကြွင်းမူကား။ ဇေယျော၊ အောင်မြင်အံ့။ ဒွေ၊ ၂ ခုကြွင်းမူကား။ သိဒ္ဓိ၊ ပြီးစီးအံ့။ တြိ၊ ၃ ခုကြွင်းမူကား။ ဒုက္ခံ၊ ဆင်းရဲအံ့။ စတု၊ ၄ ခုကြွင်းမူကား။ လာဘံ၊ လပ်ကြီးစွာရအံ့။ ပဥ္စ၊ ၅ ခုကြွင်းမူကား။ မရဏံ၊ သေအံ့။ ဆယျော၊ ၆ ခုကြွင်းမူကား။ ဆကာမာဝစရံ၊ နတ်ပြည်ခြောက်ထပ်မှလာသော နတ်တို့သည်၊ ပူဇာသက္ကာရ၊ ပူဇော်ခံရအံ့။ သတ္တမေ၊ ၇ ခုကြွင်းမူကား။ သုညော၊ သုန်း၏။ တုဌော၊ မကောင်းသော ဘေးသင့်အံ့ဟူ၍ ဂါထာလာသောကြောင့်တည်း။

### ပန်းလည်တိုင် သစ်ဆယ်ပိုင်း အမျက်ရွေးနည်း

ပဌမံ ရာဇပုဇိတံ၊ ဒုတိယံ ပိယဒဿနံ။
တတိယံ အန္နာပါနဥ္စ၊ စတုတ္ထံ ဘရိယမတံ။
ပဥ္စမံ အတ္တနသေဝမရဏံ၊ ဆဌမံ ဂဝလာဘံ။
သတ္တမံ နာရိလာဘံ၊ အဌမံ ဓန ဝိနာသနံ၊
နဝမံ ဘုမ္မိကလာဘံ၊ ဒသမံ မဟာလာဘံ။
သဗ္ဗပူရေန မဟာဒါနန္တိ။

ပဌမံ၊ ပဌမပိုင်း၌ အမျက်စူလဲရှိမူကား။ ရာဇပူဇိတံ၊ မင်းပူဇော်ခံရအံ့။ ဒုတိယံ၊ ဒုတိယပိုင်း၌ အမျက်စူလဲရှိမူကား။ ( )[1]အတ္တနံဝ၊ မိမိကိုယ်ကိုလျှင်။ မရဏံ၊ သေအံ့။ ဆဌမံ၊ ဆဌမပိုင်း၌ အမျက်စူလဲရှိမူကား။ ဂဝလာသံ၊ ကျွဲနွားမြင်းများအံ့။ သတ္တမံ၊ သတ္တပိုင်း၌ အမျက်စူလဲရှိမူကား။ နာရိလာဘံ၊ သမီးကညာရအံ့။ အဌမံ၊ အဌမပိုင်း၌ အမျက်စူလဲရှိမူကား။

---

[1]။ အနည်းငယ် ကျခဲ့သည်။

ခန်၊ ဥစ္စာရွှေငွေတို့သည်။ ဝိနသန်၊ ပျက်စီးခြင်းသို့ရောက်အံ့။ နဝမံ၊ နဝမပိုင်း၌ အမျက်စူလဲ ရှိမူကား။ ဘုမ္မိလာဘံ၊ မြေစုပ်ရအံ့။ ဒသမံ၊ ဒသမပိုင်း၌ အမျက်စူလဲရှိမူကား။ မဟာလာဘံ၊ ကြီးစွာသော လပ်သပ္ပကာရအံ့။ သဗ္ဗပူရေန၊ ခပ်သိမ်းသော အမျက်စူလဲရှိမူကား။ မဟာဒါနန္တိ၊ များသော အလှူပေးရအံ့။ ဤသို့ကျမ်းလာသောကြောင့် ပန်းလည်တိုင်ကို ဆယ်ပိုင်း ပိုင်း၍ အမျက်ရွေးရာ၏။ ကျောင်းတိုင်ကို လည်းကောင်း ပန်းလည်တိုင်ကို လည်းကောင်း နည်းတူယူလေ။ အကြွင်းလည်း ထိုနည်းယူလေ။

## ပန်းလည်တိုင်စီရင်နည်း

ပန်းလည်တိုင်ကို အမျက်ရွေးရှာ၍ရသော သစ်တို့ကို ကောင်းမွန်စွာပြင်ဆင်၍ သစ်စေး သားရိုး မြေနီ ဟင်္သပဒါး လိမ်းကျံ၍ ရွှေပြား ငွေပြားတို့ဖြင့် တန်ဆာ ဆင်ကုန်ရာ၏။ ကျောက်သံပတ္တမြား ကြောင် ပုလဲ မြှုပ်ရာ၏။ ၁ နေ့သားကား ဥသဿဘယား။ ၂ သားကား ကြောင်။ ၃ သားကား စိန်။ ၄ သားကား နီလာ။ ၅ သားကား ပတ္တမြား။ ၆ သားကား သန္တာ။ စနေသားကား မုတ္တာ မြှုပ်ပါလေ။

ထိုပန်းလည်တိုင်ကို ၅ မိုက်သံတိုင်တွင် ဖောက်ရမည်။ ထိုမှတပါး ပန်းလည်တိုင်အဖျား မျက်မှာဝကိုတိုင်း၍ ၆ပြန် ၇ပြန်နှင့် ၉ပြန်ဆယ်ပြန်ဖောက်ရာ၏။ မတတ်သာသော်အဖျား သမ္ဗုဒ္ဓေနှင့် ကွပ်ရာ၏။ အလယ် ဣတိပိတော ကွပ်ရာ၏။ သုပ္ပဋိပ္ပန္နော ပိဋကတ်ဂါထာနှင့် အရင်း ကွပ်ရာ၏။

စိန္တာမဏိကြီးဂါထာ သစ္စာလေးပါးဂါထာကို ရွှေပြား ငွေပြား ကြေးနီပြားတွင်ရေး၍ ပန်းလည်တိုင်ထိပ်တွင် ခံရာ၏။ ဓဇဂ်ပရိတ် အတွင်းအောင်ခြင်းရှစ်ပါးဂါထာ အပြင်အောင်ခြင်း ရှစ်ပါးဂါထာ သုဝဏ္ဏာဘုမ္မိဂါထာ ဥဏှာလုံဂါထာ ဤဂါထာတို့မှာ ရွှေပြား ငွေပြား ကြေးနီပြား တွင်ရေး၍ ပန်းလည်တိုင်အလယ် ကွပ်ရာ၏။ ရှင်ဥပဂုတ်ဂါထာ ရှင်သူငယ်ပရိတ် ဝေံအစိန္တိယာ ဂါထာ ဆဒ္ဒိသာပါလသုတ် ဣတိပိသော တဆဲ့နှစ်ဂါထာတို့ကို ရွှေပြား ငွေပြား ကြေးနီပြား တွင်ရေး၍ ပန်းလည်တိုင်အဖျား ထီးတိုင်တွင် ကွပ်ရာ၏။ ဤသို့သောဂါထာတို့ကို ဌာပနာရ သည်ကား မုန်တိုင်းလေကြီးဘေး မိုးကြိုးနတ်စက် လောင်မီးဘေးတို့သည် စေတီတော်သို့ မကျမရောက်စေသဖြင့် အရံအတားအလို့ငှာ ထားရာတည်း။ ။

## ပန်းလည်တိုင်တင်နည်း

ဆိုခဲ့ပြီးသောအတိုင်း မယိုမယွင်း စီရင်ပြီးမှ အခါ နေ့ရက်ကောင်းသည်၌ အရှေ့ မြောင့်ထောင့် သေန်အရပ်က စောင်းတန်းလှေကား ရာဇမှတ် ငှက်ပျောပင် ထီး တန်းခွန် ကုက္ကား မုလေးပွားတို့ဖြင့် တန်ဆာဆင်ရမည်။ ပန်းလည်တိုင်မတင်ခင် ရဟန်းသံဃာတို့ကို ဖိတ်ပင့်၍ ရတနသုတ် မေတ္တာသုတ်တို့ကို ရွတ်စေ။ ဘိသိက်မြောက်ပြီးမှ စေတီတော်ကို ရည်မှတ်၍ ပန်းလည်တိုင်ကို ရေစက်သွန်းချ၍ လှူရမည်။ လိုသောဆုကို တောင်း၍ ခပ်သိမ်းသော သတ္တဝါတို့အား ကုသိုလ်အဖို့ကို ဝေရာ၏။ သိကြားစသော သာသနာငါးထောင် စောင့်သော သမ္မာဒေဝနတ်အပေါင်းကို အမျှဝေ၍ သာခုကောင်းချီးကြော်ငြာ၍ ပန်းလည် တိုင်ဖျားက အစပြု၍ တင်ရာသည်။ သပိတ်မှောက်ရင်ဖွဲ့တွင် စိုက်ထူပါလေ။ ရင်ဖွဲ့ကြူးအောင်

အမြင့်အထက်သို့ ငြမ်းဖျားရောက်အောင် မချည်အပ်။ ချည်မိသော် ပျက်စီးတတ်၏။ သပိတ်မှောက်တွင် အရင်းမျှရှိသာ ထူပါ။ ပန်းလည်တိုင်သို့မချခင် ပန်းရံသမားတို့သည် ရတနာ သုံးပါးကို အလျှင်ရှိခိုးပူဇော်၍ ဆရာသမား မိခင်ဖခင် သမာဒေဝနတ်တို့ကို ရှိခိုးပူဇော်၍ အုတ်မြစ်ချသကဲ့သို့ ပရိတ်တော် ဂုဏ်တော် မေတ္တာတော်ဂါထာအပေါင်းကို တတ်အားသရွေ့ ရွတ်ရမည်။ ရွတ်ပြီးလျှင် နောက်ဆုံးချမည်ဆဲဆဲ ရွတ်ရသော ဂါထာကား—

ဗောဓိမဏ္ဍလ မာဂမ၊ ဝိရာဂေါသမ္ဗုတောသုခေါ။
ဗောဓိမဏ္ဍလံ လဘန္တိ၊ ဗောဓိမဏ္ဍလ မင်္ဂလံ။

ဤဂါထာဖြင့် သုံးကြိမ်ရွတ်ပြီးမှ အောင်ခြင်းရှစ်ပါးဂါထာကိုရွတ်၍ ချပါလေ။ သာဓု ကောင်းချီးကြော်ငြာ၍ စိုက်ရာ၏။ အရှေ့တောင် ဒက္ခိဏဒိသာသို့သာ ယိမ်းရာ၏။ ထိုပြင် ၇ မျက်နှာသောအရပ်တို့ မတိမ်းစေရာ။ ဤကား မှန်ထုပ်မချမီက ဆိုသတည်း။

ပန်းလည်တိုင်တွင် ချသောအခါလည်း တုမ်တုမ်မမြည်ရအောင် အသာသာတည့်ချ၍ ချရမည်။

ပန်းလည်တိုင် ပိသုကာမှာ ဝိသုကြုံနတ်ကိုရည်မှတ်၍ အထက်ပွဲ ဖျင်တစုံ၊ ငွေ ၂ိ၊ ငှက်ပျော၊ လက်ဖက်၊ ကြံချောင်း လှပစွာ တည်ရမည်။ ကဝါလမိုင်းဆရာကို ရည်မှတ်၍ အောက်ပွဲ ဖျင်တံပက်၊ ငွေ ၁ိ၊ လက်ဖက် ငှက်ပျော ပန်း ပေါက်ပေါက်တို့ဖြင့် လှပစွာ တည်ရမည်။

ငှက်ပျောဖူးအဆုံးသတ်သော အပေါ်ဆုံးအုတ်ကို ပန်းရံသမားတို့ အဆုံးမသတ်အပ်။ ကိုယ်နှင့်တူသောတပည့်တို့ကို သတ်စေရာ၏။ အဘယ့်ကြောင့်နည်းဟူမူကား ဆိုအပ်ခဲ့ပြီးသော အုတ်မြစ်ချပိသုကာ ၅ ပွဲ ပန်းလည်ဘိုင် ပိသုကာပွဲဘိုက အစာမှန်လျှင် နှစ်ဖက် ကိုယ်ကျိုး ရှိရာသည်။ အစာမမှန်သော် နှစ်ဖက်ကိုယ်ကျိုး ယုတ်ရာ၏။ သို့ဖြစ်၍ အပြီးဆုံး အစသတ်အုတ်ကို ပန်းရံသမားအကြီးက မသတ်အပ်ရာသတည်း။ အဆုံးသတ်ပြီးလည်း ရွှေပြောင်းလုပ်ရှား၍လည်း မပြုအပ်။ နှမ်းတလုံး ဆံခြည်တတံမျှ မရွှေစေရာ။ ဆယ်ရက်ကိုးရက်ကျူးမှ အင်္ဂတေထုံးကိုင်ပေရာ၏။ အချောအမော ပြုပေရာသည်။

ဆိုအပ်ခဲ့ပြီးသောနည်းတို့ကို ညီညွတ်စွာ လျော်အောင် မပြုနိုင် မစီရင်နိုင်သော ပန်းရံသမားတို့သည် ကျမ်းလာသည်အတိုင်း ပိသုကာတင်တို့ကို မစားအပ်။ ညီညွတ်စွာ လျော်အောင်မစီရင်နိုင်သော ပန်းရံသမားကိုလည်း ဘုရားတကာတို့က ပိသုကာကျမ်းလာသည် အတိုင်း မလျော့မည့်အပ်။ လက်ခကံကျေးဆိုရမှာ ပေးနိုင်သောထုံး ယူနိုင်သောသူတို့၏ ပမာနဖြစ်ချေသည်။ ပိသုကာပွဲဆိုရမှာ မလျော့အပ်။ အယုတ်သဖြင့် ထွန်တုံးထွန်သွား စီရင်သောသူကိုမျှလည်း ပိသုကာတည်ပါ၏။ သို့ရာတွင်လည်း ဘုရားတကာတို့၏ ပစ္စည်းမှာသာ အကြောင်းရင်းဖြစ်ချေသည်။ မတတ်နိုင်သောသူကိုလည်း အနိုင်အထက် စီရင်ချေသော် စေတနာကုက္ကုစ္စဖြစ်ချေတတ်သည်။ သို့ဖြစ်၍ ဆရာတုမရှိမှီရုံ၊ ဘုရားတကာ၏ ပစ္စည်းဉစ္စာကို ထောက်ကာ ဉာဏ်ဖြင့်ထောက်ဆ၍ ဖျင်တစုံ အတောင်ငါးဆယ်ရှိချေသည်။ အတောင်ငါး

ဆယ်ကို ၄ တောင်ဆုန်းပြု၍ စီရင်လေ။ ငွေစင်ငါးကျပ်မှာလည်း ငါးမူးတွင်အဆုံးပြု၍ စီရင်ရာ၏။

## ထီးတင်နည်း

ထီးတင်သောအခါလည်း ပန်းလည်တိုင်ကဲ့သို့ သေန်အရပ်၌ စောင်းတန်းပြု၍ သံတိုင်ကို အစပြုမှ အဖျားက အရင်းတင်လေ။ ပန်းလည်တိုင်ကဲ့သို့ စွပ်သောခါလည်း အသံမမြည်စေအပ်။ ကြပ်သည်ဟူ၍ နုတ်တုံစွတ်တုံ မပြုနှင့်။ ထီးပုံချသောခါလည်း အသံမမြည်စေရာ။ ရိုက်နှက်၍ မစွပ်ရာ။ ထီးပုံကိုလည်း ရှေ့နောက်ပြန်၍ မတင်ကောင်း။ အောက်သို့လည်း မကျကောင်း။ အောက်က သေချာစွာတိုင်းပြီးမှ တင်ပါလေ။ မတင်ခင် ပန်းလည်တိုင်ကဲ့သို့ ရဟန်းသံဃာတို့ကို ဖိတ်ပင့်၍ ပရိတ်မေတ္တာ ဘိသိက်မင်္ဂလာမြောက်ပြီးမှ ကောင်းချီးကြော်ငြာ၍ သုံးဆယ့်တဘုံ၌ ကြင်လည်ကုန်သော လူနတ်ဗြဟ္မာအပေါင်းတို့အား ကုသိုလ်ဝေ၍ တင်ပါလေ။ သံတိုင်တွင်းသို့ မစွပ်ခင် ပန်းရံသမားကို အလျှင်ပန်ဦးရာ၏။ အခွင့်ပန်သောအခါ ပိသုကာတို့သည် ပန်းလည်တိုင် တင်သကဲ့သို့ ပရိတ်တော်ဂုဏ်တော် ဂါထာဗန္ဓတတ်အားသမျှ ရွတ်၍ဆဒိပါလသုတ်ရွတ်၍ အသာချရာ၏။ ထီးတင်သောအခါ ဘုရားတကာက ပန်းရံသမားကို အလျှင် အခွင့်ပန်ဦးရာ၏။ အခွင့်ပန်သောအခါ ပန်းရံသမားလည်း သာဓုနုမောဒနာ နှစ်သက်စွာ စေတနာနှင့်တကွ အသာခွင့်လွှတ်ရာ၏။ မလွှတ်ပဲ ခဲခက်ပြောဆိုမိသော် ဘုရားတကာ စေတနာ ကုက္ကုစ္စဖြစ်သော် ပန်းရံသမား သံသရာအပြစ်မကင်း ဖြစ်ချေသည်။ ဘုရားတကာ စေတနာ မဖျက်အပ်ရာ။ ကဝိလမိုင်းဆိုသည် အမှန်တည်း။ ထီးတင်ပန်းလည်တိုင် အခန်းပြီး၏။

## စေတီဖိနပ်တော် စားနည်းနှင့် ထုပ်လျှောက်စားအကြောင်းဟော

ဧကော မဇော ဝါဏိဇ္ဇော၊ ဒွေ မုမော သမဏဗြဟ္မဏော။
တြိ သီဟောရာဇာ၊ စတု သောနောစ လုဒ္ဒကော။
ပဥ္စ ဂေါဏောစ ဒလိဒ္ဒောစ၊ ဆ ဂဒြဘောစ စောရကော။
သတ္တ ဂဇော အမစ္စော၊ အဋ္ဌ သုညော ကာကောစ သောဘဏ်။

ဧကော၊ တခုကြွင်းမူကား။ မဇော၊ တံခွန်သင့်၏။ ဝါဏိဇ္ဇော၊ ကုန်သည်တို့ဆောင်ရာ၏။ ဒွေ၊ ၂ ခုကြွင်းမူကား။ မုမော၊ အခိုးသင့်၏။ သမဏဗြဟ္မဏော၊ ရဟန်းပုဏ္ဏားတို့ဆောင်ရာ၏။ တြိ၊ ၃ ခုကြွင်းမူကား။ သီဟော၊ ခြင်္သေ့သင့်၏။ ရာဇာမင်းတို့ ဆောင်ရာ၏။ စတု၊ လေးခုကြွင်းမူကား။ သောနော၊ ခွေးသင့်၏။ လုဒ္ဒကော၊ မုဆိုးတို့ဆောင်ရာ၏။ ပဥ္စမော၊ ငါးခုကြွင်းမူကား။ ဂေါဏော၊ နွားသင့်၏။ ဒလိဒ္ဒေါ၊ သူဆင်းရဲတို့ဆောင်ရာ၏။ ဆ၊ ၆ ခုကြွင်းမူကား။ ဂဒြဘော၊ မြည်းသင့်၏။ စောရကော၊ ခိုးသူတို့ဆောင်ရာ၏[၁]။ သတ္တ၊ ၇ ခုကြွင်းမူကား။ ဂဇော၊ ဆင်သင့်၏။ အမစ္စော၊ အမတ်တို့ဆောင်ရာ၏။ အဋ္ဌ၊ ရှစ်ခုကြွင်းမူကား။ သုညော၊ သုန်း၏။ ကာကော၊ ကျီးသင့်၏။ သောဘဏ်၊ ပြည့်တန်ဆာတို့ဆောင်ရာ၏။

---

၁။ ရှေးဟောင်းလက်မှုပညာပေါင်းချုပ်ကျမ်း၌–ရွာသူကြီး သူဌေးတို့၏ နေရာတည်း–ဟု ရှိ၏။

ဤကား အိမ်ကျောင်းတို့ကို လျှောက်ထပ်နှစ်ဖက်ကို တောင်ဖွဲ့၍ ၃ မိုက်နှင့်မြှောက်။ ဂ ခုစား။ အကြွင်းကို မှန်အောင် သင့်ရာသင့်ရာ ဆောင်လေ။

စေတီတော် ဖိနပ်တော်တို့ကိုလည်း သည်နည်းအတိုင်းမှတ်၍ ရဟန်းပုဏ္ဏားတို့မှာ ၂ ခုကြွင်း၊ မင်းတို့မှာ ၃ ခုကြွင်းယူဟု ဆိုသော်လည်း ပိသုကာကျမ်းတို့က အသုန်း ၃ ပါးကို ရှောင်သည်ဖြစ်၍ ၂ ခုကြွင်းကိုပင် ယူ၍ရမည်။ ဆင်းရဲသားတို့မှာ ၅ ခုကြွင်းကိုသာ ဆောင်ရာသည်။ သူဌေးသူကြွယ်တို့မှာ အမတ်ရွာသူကြီးမှာလည်း ၇ ခုကြွင်းကို ဆောင်ရာ၏။ စေတီ ဖိနပ်တော်စားနည်း ပြီး၏။

## ရှင်မဟိန္ဒမထေရ်နှင့် စေတီတော်ရာ

အဘယ်ကြောင့် ဖိနပ်တော်ကို မိန်းမ ခွေး ကြီးကန်းတို့ မဝင်ရာသနည်းဟူမူကား ဓမ္မာသောကမင်းကြီး၏ သားတော်ဖြစ်သော ရှင်မဟိန္ဒရဟန္တာမြတ်သည် ဒေသစာရီကြွတော်မူသောအခါ ဒေဝါနမ္ပိယတိဿမင်းနေသော သီဟိုဠ်ပြည်သို့ရောက်လျှင် လျှောင်ကြီးလှုပ်၍ မင်းကြီးသည် ရှင်မဟိန္ဒကိုမေးသော် ဤအရပ်၌နောင်သောအခါ စေတီ ကြီးစွာ တည်ရလတ္တံ့ သတည်းဟု မိန့်တော်မူလျှင် ဒေဝါနမ္ပိယတိဿမင်းကြီးကား ယခုပင် တည်ချင်ပါသည် လျှောက်သော် ဒါယကာမင်းကြီးလက်ထက်အခါ မရောက်သေး။ နောင်မင်းကြီး ဖြစ်ပေါ်လတ္တံ့သော ဒုဋ္ဌဂါမဏိမင်း လက်ထက်ရောက်သောအခါမှ နတ်သိကြားတို့နှင့်တကွ ညီညွတ်၍ တည်လတ္တံ့သတည်းဟု အမိန့်ရှိလျှင် ဒေဝါနမ္ပိယ တိဿမင်းကြီးလည်း စေတီတော်နေရာကိုသာ ပြတော်မူပါဆိုလျှင် ရှင်မဟိန္ဒထေရ်လည်း စေတီတော်ရာကို ဦးသုံးကြိမ်ချ၍ နေတော်မူလျှင် လူအပေါင်းတို့သည် မေးလျှောက်ကုန်၏။ အရှင်သည် စေတီကို ယခုထင်ရှားမရှိပဲလျှင် အဘယ်ကြောင့် ရိုသေမြတ်နိုး၍ ရှိခိုးခြင်းကိုပြုဘိသနည်းဟု ဆိုကြကုန်သော် အိုလူအပေါင်းတို့ စေတီတော်အရာလည်း ဘုရားသခင်နေတော်မူရာကဲ့သို့ပင် ဖြစ်ချေသည်။ ဓာတ်တော်မံပြီးသော အရာကိုလည်း တိရစ္ဆာန် မိန်းမတို့ မဝင်မနင်းအပ်ချေပြီ။ အဘယ်ကြောင့် မဝင်မနင်း မကျော် အပ်သနည်းဟူမူကား မိန်းမမှာလည်း ဝတ်စားမသန့်မပြန့်သောကြောင့် ကျော်မိ နင်းမိချေသော် အပါယ်လေးပါးသို့ သွားရသောအကြောင်း ဖြစ်ချေသည်။ တိရစ္ဆာန် ကြီးကန်း ခွေးတို့မှာလည်း ကျင်ကြီးကျင်ငယ် စွန့်ချေသောကြောင့် ထိုအတူဖြစ်ချေသည်ဟု အမိန့်ရှိတော်မူလျှင် ဒေဝါနမ္ပိယတိဿမင်းကြီးသည် ကျောက်တိုင်ကို စာရေး၍ မဟာရံကဲ့သို့ စိုက်ရံလေ၏။ နေ့တိုင်း နေ့တိုင်း ပူဇော်သက္ကာရပြုလေကုန်၏။ ဤသို့ နည်းနာတို့ကို ထောက်ထား၍ ဓာတ်တော်မံပြီးသော စေတီရာတို့ကို ခွေး ဝက် ကြီးကန်း မိန်းမတို့ကို မဝင်မနင်းကောင်း ဟူလိုသော်။

အခြေလေးခုတွင် ခွေး ဝက် ယုတ်သည်။ လူတွင် မိန်းမယုတ်သည်။ အတောင်ရှိသော ငှက်တွင် ကြီးကန်းယုတ်သည်။ သို့ဖြစ်၍ မဝင်အပ်ဟု ဆိုသည်တည်း။

## အုတ်မြစ်တိုက်၊ သတ္တဌာနတိုက်၊ သပိတ်မှောက်၊ ပန်းလည်တိုင်တို့ကို ရက်၊ လ၊ နှစ် မကူးအပ်ခြင်း

**နေ့ချင်းပိတ်အပ်ခြင်း။** ။အဘယ်ကြောင့် အုတ်မြစ်တိုက်၊ သတ္တဌာနတိုက်၊ သပိတ်မှောက် ပန်းလည်တိုင်တို့ကို နေ့ချင်းပိတ်ရမည် နေ့မကူးအပ်ဆိုရာမှာကား လောဘကြီးသော

သူတို့သည် ကုသိုလ်ကောင်းမှုဟု မထောက်သဖြင့် ရွှေဆင်းတု ရွှေပွတ်စု ငွေပွတ်စု ရွှေပေါက်ပေါက် ငွေပေါက်ပေါက် ရွှေပန်းငွေပန်းတို့ကို ယူချေသော် အပါယ်လေးပါး၌ ကြီးစွာသော ဆင်းရဲကို ခံရချေ၏။ လောက၌လည်း ပြုန်းတီးပျက်စီးချေ၏။ ဘုရားဒါယကာတို့လည်း စေတနာတန့်တိုသဖြင့် ဒေါသစိတ်ဖြစ်စေတတ်သောကြောင့် ဌာပနာတိုက်ကို နေ့ချင်းပိတ်ရမည် ဟူလိုသော်။

**လမကူးအပ်ခြင်း။** ။အဘယ်ကြောင့် ဌာပနာတိုက်၊ ပန်းလည်တိုင်စိုက်တွင်းတို့ကို လမကူးအပ်သနည်းဟူမူကား တလထက်နှစ်လ ရှည်ကြာစွာထားလျှင် တိရစ္ဆာန်တို့သည် အသိုက်အအုံ အဥလည်းဖြစ်စေ အကောင်ကိုလည်းဖြစ်စေ ဖွားသည်ရှိသော် မသန့်မသက် ဖြစ်သောကြောင့် လောကနိမိတ်ဟု ဖြစ်တတ်သည်။ စေတနာ ယိုယွင်းတတ်၏။ ရှည်ကြာစွာ မထားအပ်သတည်း။

ပန်းလည်တိုင်၌ အုတ်မဖုံးမိပဲ အဘယ်ကြောင့် လမကူးအပ်သနည်းဟူမူကား လျှင်ကြီးစွာ လေမုန်တိုင်းလာခိုက်ကြုံသော် အတိမ်းအယိမ်း ရှိတတ်သည်။ မကောင်းသော ငှက်တို့သည် နားတတ်သည်။ ထိုကြောင့် လမကူးအပ်သည်ဟူသတည်း။

**နှစ်မကူးအပ်ခြင်း။** ။နှစ်မကူးအပ်သုံးပါးဟူသော်ကား ပေါင်းမကူးသဖြင့် နိမ့်စွာ တည်ပြီးကား ကာလတာရှည်စွာထားသည်ရှိသော် မလိမ္မာသောသူတို့သည် တက်သက်၍ အလေး အပေါ့ သွားလေရာ၏။ ခွေး ဝက် တိရစ္ဆာန်သော်လည်း ကျော်နင်း လေ ရာ၏။ ထို့ကြောင့်လည်း ပေါင်းမကူးသဖြင့် နိမ့်နိမ့်ချချတည်၍ နှစ်မကူးအပ်ဟူလိုသော်။ ။လိုဏ်ကူး ပြီးမှ ကိုယ်တော်မတည်ပဲ တာရှည်စွာ နှစ်ကူးအောင် ထားသည်ရှိသော် မလိမ္မာသော သူငယ် ဖြစ်စေ တိရစ္ဆာန် ခွေး ဝက်ဖြစ်စေ ပုန်းအောင်းမှီခို၍ နေတတ်သည်။ ကျင်ကြီးကျင်ငယ် စွန့်သော် မသန့်မသက်ဖြစ်သောကြောင့် လိုဏ်ကူးပြီးလျှင် ကိုယ်တော်မတည်ပဲ နှစ်မကူးအပ် ဟူလိုသော်။ ။ထီးတော်တင်ပြီးမှ အဘယ်ကြောင့် အနုမောဒနာမပြုပဲ နှစ်မကူးအပ်သနည်း ဟူမူကား အဇ္ဈေဝ ကိစ္စံ ဒါတဗ္ဗံဟူသော ဂါထာလာသောကြောင့် ထောက်၍လည်းတကြောင်း အဇ္ဈေဝ၊ သုဝေဝ၊ ပရသုဝေဝ၊ မရဏံ နဇာနာမိဟူသော ပါဠိတော်ကို ထောက်ရှုသဖြင့် ဥစ္စာလည်း အမြဲမရှိ။ ကိုယ်ခန္ဓာလည်း အမြဲမရှိ။ ရပ်ရွာဒေသ ကာလလည်း အမြဲမရှိ။ ခယဝယ သဘောတရားသာဖြစ်ချေသည်။သင်္ခါရတရားကိုထောက်၍ လျှင်စွာပြီးစီးခြင်းသို့ ရောက်အပ်၏။ ထိုကြောင့် ထီးတော်တင်ပြီးသော် နှစ်မကူးခင် သာဓုအနုမောဒနာပြုအပ်သည်ဟူလိုသော်။

## ကောင်းမှုကုသိုလ်ပြုရာ၌ နိဗ္ဗာန်ကိုအာရုံပြုအပ်ခြင်း

ကုသိုလ်ကောင်းမှုပြုသည်မှာ နိဗ္ဗာန်မဂ်ဖိုလ်ချမ်းသာကို အာရုံပြု၍ လုပ်ကိုင်ပြုစုရမည်။ လောက၌ အသက်ရှည်ခြင်း လပ်သပွကာများခြင်း အနာရောဂါကင်းခြင်းကို မငဲ့ကွက်အပ်သော မြတ်စွာဘုရား ဟောတော်မူသော တရားတော်၌လည်း ကမ္မယောနိ ကမ္မဗန္ဓု ကမ္မသရဏာဟူ၍ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးသာ အကြောင်းရင်းဖြစ်ချေသည်။ ကုသိုလ်ကောင်းမှု စေတီ ကိစ္စပြုပါလျက်ကို အုတ်မြစ်ချအရာ ပန်းလည်တိုင်အရာ၌ အမျက်စုလဲ ဗေဒ္ဓဆိုးဗေဒ္ဓကောင်းဟူ၍

မရွေးသာပြီ။ ထိုသို့ရွေးခြင်းသည် မိစ္ဆာဒိဋ္ဌိအယူဖြစ်သည်ဟု အချို့သော သူတို့သည် ယူကြကုန်၏။

ဤသို့ယူခြင်းသည်ကား ကျမ်းဂန်ကိုတတ်သဖြင့် ဤလောက၌ ရတနာသုံးပါးသာလျှင် မှီခိုရာသည် ကိုးကွယ်ရာသည်ဖြစ်ချေသည်။ ကုသိုလ်ကံ အကုသိုလ်ကံ နှစ်ပါးသာလျှင်အမွေခံသည်ဖြစ်အံ့။ ဤလောက၌ ဘေးဘယ်ကို ဝိဒ္ဓံသာမိ ဟူ၍ သမာဓိအယူကို နှလုံးထား၍ ဝဋ္ဋနိဿိတတည်းဟူသော သံသရာ ဝဲသြဃမှသည် ထွက်မြောက်ရအံ့သောအကြောင်း ရှေးရှု၍သောတာပန်စိတ်ကဲ့သို့ သုခကေဂ္ဂတာ တည်ကြည်သဖြင့် သောမဏဿ ဉာဏသမ္ပယုတ်ပြဋ္ဌာန်း၍ စေတနာသုံးတန် မတွန့်တို မညစ်ညူးသဖြင့် ပြုသောသူတို့ကိုကား အဘယ်မှာဆိုဖွယ်ရာမရှိပြီ။

ထိုသို့မဟုတ် ယခုအခါဝယ် အချို့သောသူတို့သည် ဤသို့သော ကောင်းမှုပြုရာတွင်ချွတ်ယွင်း၍ စေတနာဖြစ်ချေသည်။ ဥစ္စာကုန်ခဲ့သည် သားမြေးကျေးကျွန်တို့ သေပျောက်သည်ဟူ၍ တရားမလိမ္မာသောသူတို့သည် ပြောဆိုချေသော် ဟုတ်လိနိုးနိုး ထင်မှားသဖြင့် စေတနာတွန့်တို၍ ကုက္ကုစ္စဖြစ်ချေသည်။

ပန်းလည်အရာ အုတ်မြစ်ချအရာ တို့ကို လောကပိသုကာကျမ်း လာသည်အတိုင်းရွေးချယ်၍ ပြုသည်ရှိသော် ငါတို့ပြုသော ကုသိုလ်ကောင်းမှုကိစ္စသည် ပန်းရံသမားတို့သည်ကျမ်းဂန်လာသောအတိုင်း သေချာရွေးချယ်၍ ပြုသည်ဖြစ်လျက် ယခုဝေဒနာ တစုံတခုအမှုဘေးဘယဖြစ်သည်ဆိုရာမှာ ငါတို့ ရွေးကဝိပါက်ကံသာဖြစ်ချေသည်ဟု ကုက္ကုစ္စဖြစ်သောစေတနာကို မဖြစ်စေသဖြင့် ရတနာသုံးပါးကို ယုံကြည်ကာ နိဗ္ဗာန်ကိုအာရုံပြု၍ ကောင်းမှုဒါနပြုရသည်ရှိသော် ဥပမာသည် ကြေးနီရောသောငွေကို မိုက်ခွက်ဖြင့်ချက်လျှင် ငွေကောင်းခန့်သာတင်သကဲ့သို့တည်း။ ကြေးနီကား မကောင်းသော မိစ္ဆာဒိဋ္ဌိစိတ်နှင့်တူ၏။ မိုက်သမားကားပိသုကာကို တတ်လိမ္မာသော ပန်းရံသမားနှင့်တူ၏။ ငွေကောင်းရသည်ကား ကောင်းသောသမာဓိအယူနှင့်တူ၏။ သို့ဖြစ်၍ အစခပ်သိမ်းတို့ကို ရွေးလည်ရွေးကောင်း၏။ မရွေးသော်လည်းကောင်း၏။ ဗုဒ္ဓဝစနံ သစ္စံ လောကဝစန နသစ္စံဟူ၍ ကျမ်းဂန်လာချေသည်။

ဥက္ကလာပမင်းကြီးသည် ဆံတော်ရှစ်ဆူကို ဖူးမြင်သောခဏ၌ စေတနာပီတိဇောအားကြီး၍ ဥက္ကောင်းတော်ကိုဖြတ်၍ ဆံတော်မြတ်ကို ပူဇော်မည်အကြံရှိ၍ သန်လျက်ကိုကိုင်လျှင်မိဖုရားကြီးက ဤသို့ဆို၏။ ရှင်မင်းကြီး ရပ်တော်မူဦး။ ရှင်မင်းကြီး အသက်ရှည်စွာနေပါလျှင်ဘုရားသခင် မှာတော်မူသည့်အတိုင်း သိင်္ဂုတ္တရကုန်း၌ စေတီတည်ရလိမ့်သတည်း။ အသက်ထက်ဆုံး ရှိခိုးပူဇော်ရသဖြင့် ကုသိုလ်တရားသည် ပွားများလတ္တံ့သတည်းဟု ဆိုလျှင်မင်းကြီးသည် မိဖုရားဆိုသောစကားသည် သင့်မြတ်ပေ၏ဟု ယူတော်မူ၍ သန်လျက်ကိုချလေ၏။ ထိုအတူ ယခုအခါ ဘုရားဒါယကာ ဒါယကာမတို့သည် အနာရောဂါကင်းရှင်း၍ အသက်ရှည်ပါလျှင် ခန္ဓာမစဲသမျှ ကာလပတ်လုံး ဒါနသီလ ဘာဝနာတို့သည် ပြန့်ပွားသဖြင့် လူချမ်းသာနတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ ရသောအကြောင်း ဖြစ်ချေသည်။ သို့ဖြစ်၍ ပိသုကာကျမ်းလာသည်အတိုင်း ရွေးချယ်၍ပြုကုန်ရာ၏ ဟူလိုသော်။

**ပုဂံ ပြဿဒါးဘုရား။** ။ပုဂံပြည်ကို အမတ်ကြီးတယောက်သည် လောက၌ သုံးစွဲသော ဗေဒင်ဂဏန်းတို့ကို မယုံသဖြင့် အုတ်နှင့်တည်စ၍ လုပ်သောအခါလည်း ပြဿဒါးနေ့လုပ်၍ အုတ်မြစ် ချသောခါလည်း ပြဿဒါးနေ့ချ၍ ထိုအမတ်သည် စေတီပန်းလည်မတင်ခင် လင်မယား နှစ်ယောက်လုံး ရောဂါနှိပ်စက်၍ သေလေ၏။ ဥစ္စာ ပစ္စည်းတို့သည်လည်း ကျေးကျွန်တို့အသီးသီး ခိုးယူ၍ ကုန်သဖြင့် ယခုထက်တိုင်အောင် အဆမပြောက်နိုင်ပဲလျက် ပြဿဒါးဘုရားဟု တွင်လေသတည်း။

ရတနာသုံးပါး မယုံကြည် အလှူပေးလည်း အကျိုးမရ သီလဆောက်တည်၍လည်း အကျိုးမရ ကမ္မာဦးက နတ်သာကိုးကွယ်ရာဟု နတ်ကိုယုံကြည်သော သူမှုသာလျှင် မိစ္ဆာဒိဋ္ဌိ ဖြစ်ချေသည်။ ပန်းလည်အုတ်မြစ်ချအရာကို ရွေးချယ်ကာမျှ၌ မိစ္ဆာဒိဋ္ဌိအယူဟူ၍ မဆိုအပ်။ ဤသို့သော နည်းနာတို့ကို ကြည့်ရှုမှတ်သား၍ ပန်းရံသမားပုံသောသူတို့သည် သိကြား တတ်လိမ္မာအောင် သင်ကြားပါလေ။

**ပိသုကာတို့ လိုက်နာရန်။** ။ထီးတင်သော ပိသုကာမှာကား ပန်းလည်တိုင်ကဲ့သို့ နှစ်ပွဲတည်ရမည်။ ခွင့်ပန်ရာမှာ ဝတ်စားစုံတို့ဖြင့် ခွင့်ပန်ရာ၏။ ပန်းရံသမားတို့က မဆီးမတား ဘုရားတဂါစေတနာ မဖျက်အပ်ရာသည်။ ဝတ်စားစုံဆိုသည်ကား ဉာဏ်ပညာဖြင့် တွေးတော ဆင်ခြင် တတ်နိုင်ကုန်အားသောသူ မတတ်နိုင်သော သူတို့ကြည့်၍လည်းကောင်း ကာလ ဌာန အရပ်ထုံးကိုလည်းကောင်း ထောက်၍သာခုခေါ်၍ ခွင့်လွှတ်ရာ ဆုတောင်း။ လပ်ကောင်း ဟောပေ။ ပိသုကာနှင့်ဆရာစားကို ပန်းရံသမားကြီးက ပိုင်ချေသည်။ ဆရာစားဟူသည်ကား ရသမျှလက်ခံကို ဆယ်စု စု၍ တစု ဆရာစားနုတ်ပြီးမှ ကြွင်းသောစုကို နောက်လိုက်တပည့်တို့၏ တတ်လိမ္မာလက်ရိပ်ဆန္ဒကို ထောက်ရှု၍ ပေးအပ်ကုန်၏။ ဤလောက၌ ခပ်သိမ်းသော တိုင်းနိုင်ငံ၌ နေကုန်သောသူတို့သည် အရှင်ဖြစ်သောမင်းအား တနှစ်တခါ ဆယ်ပိုင်းတဖို့ ခွန်မှု ပေးရာသကဲ့သို့တည်း။

**ဘုရားပြို ဘုရားပျက်နှင့် ဟောင်းနွမ်းသော စေတီဘုရားများကို ပြုပြင်ရသော အစီအရင်**

အနှစ်ရှည်လျားစွာ ပြိုပျက်၍ရှိသော် စေတ် မိုးကြိုး လောင်မီး နတ်စက်ကျ၍ ပြိုပျက် သောဘုရား လျှောင်ကြီးစွာလှုပ်၍ ပြိုးပျက်သောဘုရား မုန်တိုင်းလေကြီးလာ၍ ပြိုပျက်သော ဘုရား အနှစ်ရှည်စွာရှိသော် ဟောင်းနွမ်းသောဘုရား စေတီတို့ကို ပြုပြင် ပြင်ဆင် လောင်း ထပ်၍ တည်ရသော အစီအရင်ကား ဤသို့လျှင်တည်း။

လေးမျက်နှာ၌ စဉ်လွှင့်သော အုတ်စတို့ကို ကောက်ယူ၍ ထမင်းလေးဆုပ် ရေလေး မှုတ်တို့နှင့် မုနောလင်ပန်းပုံ၍ လေးစုထည့်ပြီးမှ သုဝဏ္ဏဘုမ္မိဂါထာကို ၇ ခါရွတ်၍ တောင်က အုတ် မြောက်သို့ ပို့ရမည်။ မြောက်က အုတ်ကို တောင်သို့ပို့ရမည်။

အရှေ့ကအုတ်ကို အနောက်သို့ ပို့ရမည်။ အနောက်ကအုတ်ကို အရှေ့သို့ပို့ရမည်။ ဘုရားစေတီ၌ မှီခို၍နေသော ဖုတ်ပြိတ် နတ်မိစ္ဆာတို့ကို ကျွေးမွေး၍ နှင်ဖြိုပြီးသော် ဘုရား အရှေ့တည့်တည့်အရပ်၌ ရှင်ဥပဂုတ် မာရ်နတ်သား ဝိသုကြုံနတ် ကဝါလမိုင်းတို့ကို ရည်မှတ်၍

တန်ဆောင်းလုပ်ပြီးမှ ပန်းပေါက်ပေါက် ဆီမီးကြက်လျှာ ငှက်ပျောသစ်သီး ရတတ်သမျှပူဇော်၍ ကုသိုလ်၏အကျိုးကို အမျှဝေကုန်ရာ၏။ ရှင်ဥပဂုတ်မှာ ရှင်ဥပဂုတ် ငါးဂါထာနှင့် ရွတ်၍ ပူဇော်ရမည်။ လိုအပ်သောဆုကို တောင်းရာ၏။ ရေချမ်းအိုးကြီးလေလုံးကို သပြေပန်းတို့ဖြင့် စိုက်၍ ဇဝံအစိန္တေယျာဂါထာ တထောင်စုပ်။ ပရိတ်ကြီးတစောင်လုံးရွတ်၍ ကောင်းသောဆုကို တောင်းပြီးမှ စေတီထိပ်တည့်တည့် သွန်ချရာ၏။

ဘုရားအရှေ့ ရှင်ဥပဂုတ်စင် တောင်ရံတွင် ဘုရားကိုးဆူ ကိုးဌာနကို လူထိပ်နှင့်အမျှ စင်လုပ်၍ ငှက်ပျောပင်ကို ၉ကွက်လုပ်၍ ထီး တန်ခွန် ကြက်လျှာ ၉ ခုစီ၊ သစ်သီး ၃ မည်၊ မုန့် ၃ မည်၊ ပန်း ၃ မည်၊ ယို ၃ မည်၊ ဖယောင်းတိုင်က ခြည် ၁၇ မျှင်၊ ဖယောင်း ၂ ကျပ်သားစီ အရှည်တထွာလုပ်ပြီးမှ ဇဝံအစိန္တေယျဂါထာကို အရင်းကစ၍ ရေရမည်။ ဆွမ်းမှာ ဒါယကာ တယောက်လျှင် ဆန်ဖြူဘခွက်။ ရွာဖြစ်လျှင် နှစ်ခွက်။ မြို့ဖြစ်လျှင် လေးခွက်။ တပြည်လုံးတွင် ရှစ်ခွက်သော ဆန်ကို ၃ ထပ်ဖွပ်၊ ၃ ထပ်ဆေး၊ စည်းသား၍ယောကျ်ားချက်စေ။ ခနောက်မှာ ခြသေ့ရုပ်၊ နဂါးရုပ်၊ ဂဠုန်ရုပ်လုပ်၍ ချက်။ ဆီမီးကျွမ်းအောင် ဤဂါထာနှင့် ရွတ်၍ ပူဇော်ရမည်။ လိုအပ်သောဆုကို တောင်းရမည်။

### ဆီမီးကျွမ်းအောင်ပူဇော်သောဂါထာ

ဗုဒ္ဓေါမေ မတ္တိမေသေဋ္ဌော၊ သာရိပုတ္တောစ ဒက္ခိဏော။
ပစ္ဆိမေ စေဝ အာနန္ဒော၊ ဥတ္တရေနစ မောဂ္ဂလာနော။
ကောဏ္ဍညော ပုဗ္ဗဘာဂသ္မိံ၊ ပါယပ္ပေစ ဂဝမ္ပတိ။
ဥပါလိနေရတိစေဝ၊ အဂ္ဂိနေယျဋ္ဌ ရေဝတော။
ရာဟုလော စေဝ သေန္နေ၊ သဗ္ဗံဇေယျမင်္ဂလံ။
အဟံဝန္ဒာမိ ပူဇိတော၊ ယောညထွာပူဇိတော လောကေန။
နိဒုက္ခော နိဥပ္ပဒ္ဒဝေါ၊ နိရောဂါ နိဘယာ ဝိနာသန္တု။
မဟာတေဇော မဟာလာဘော၊ မဟာယသော သဒါဟောန္တု။
ဘဝတုသဗ္ဗမင်္ဂလံ၊ အာယုဒီဃံသဒါသုခံ။
သုခသမ္ပတ္တိဝရာဝရံ၊ သဗ္ဗသတ္တရူ ဝိနာသနံ။
သဗ္ဗရောဂ ဝိနာသနံ၊ ပရိတ္တံ မဟာနုဘာဝံ။
သဗ္ဗအန္တရာယာပိ၊ ဝိနသန္တုအသေသတော။

ဤဂါထာဖြင့်ရွတ်၍ အရဏ်လာအချိန်၌ ပူဇော်ခြင်းမှ မြတ်စွာဘုရားဟောတော်မူသော ဆဒိသာပါလသုတ်တွင် လာသောအတိုင်း သောတာပန်တည်သော သမာဒေဝ နတ်တို့ကို ပူဇော်၍ ကုသိုလ်အဖို့ကို ဝေကုန်ရာ၏။ လိုအပ်သော ဆုကိုလည်း တောင်းကုန်ရာသော အစီအရင်ကား ဘုရားရှေ့စူးစူး ၉ ဌာနတောင်ပါးတွင် ရင်ဘတ်နှင့် အမျှစင်လုပ်၍ ငှက်ပျောပင်နှင့် ဂြိုဟ်ခွက်ကဲ့သို့ လေးခွက်ပြု၍ သာတာဂီရိနတ်၊ ဟေမဝန္တနတ်၊ ပုဏ္ဏကနတ် (ဟေမကုတိ)[၁] နတ် ၄ပါး။ ဘုရားအရှေ့တောင် ဘုရားအရံအစောင့် သာသနာနတ်၊ ရက္ခစိုး၊ဘုမ္မစိုး၊

---

၁။ ဂုတ္တိယ(ဆဒိသာပါလသုတ်)

အာကာသစိုး နတ် ၄ ပါး။ ။ ဘုရားတောင်စူးစူး၌ ကာလနတ်၊ သူရဿတီနတ်၊ ပိမ္ပာသူရနတ်[၁] ၄ ပါး။ ။အနောက်တောင်က ဓတရဋ္ဌ၊ ဝိရူပက္ခ၊ ကုဝေရ၊ စတုလောကနတ် ၄ပါး။ ။ အနောက်စူးစူး၌ ဟာရိရနတ်၊ မဟိရနတ်[၂]၊ ပါပနတ်၊ ပိင်္ဂလနတ်၊ နတ် ၄ ပါး။ အနောက်မြောက်က ပစ္စုန်မိုးနတ်သား၊ မာတလိနတ်သား၊ တိုင်းကြီးစောင့်သောနတ်သား၊ သမုဒ္ဒရာရေ၌ေ ်သော မဏိမေခလာ နတ် ၄ ပါး။ ။မြောက်စူးစူးက သင်္ခနတ်၊သင်္ခလနတ်၊ သုသုရနတ်၊ ကက္ကုသေတ နတ်[၃] ၄ပါး။ ။ အရှေ့မြောက်ထောင့်၌ အထက်၌စောင့်သော လနတ်သား၊ နေနတ်သား၊ သိကြားမင်း၊ ဗြဟ္မာမင်း ၄ ပါး။ ။ အောက်၌စောင့်သော ဓရဋ္ဌနတ်၊ ဓတနဋ္ဌနတ်၊ ကမ္ဗလာနတ်၊ ကမ္ဗလသေဋ္ဌနတ်[၄] ၄ပါး။ ။ဤသို့လျှင် ဘုရားမြတ်စွာနှင့်တကွ ရဟန္တာကိုးပါး အရပ်ဆယ်ပါး၌ စောင့်သော နတ်ကြီး လေးဆယ်ကို ပူဇော်ရာ၏။ ခြောက်မျက်နှာ၌ စောင့်သောနတ်တို့မှာ ဆဒိသာပါလသုတ်၌လာသော ဂါထာနှင့်အညီ ရွတ်၍ ပူဇော်ရမည်။ လေးထောင့်၌ စောင့်သော နတ်တို့မှာ လိုအပ်သော ဆုကိုတောင်း၍ ပူဇော်ရမည်။

မြို့ဖြစ်လျှင် မြို့၌စောင့်သောနတ်၊ ရွာဖြစ်လျှင် ရွာ၌စောင့်သောနတ်၊ ရွာမနီး မြို့မနီးလျှင် အရပ်ထက်ဝန်းကျင်စောင့်သောနတ်တို့ကို အစဉ်မပြတ်ပူဇော်ရာ၏။ အရပ်၌ ပူဇော်တိုင်ကြား၍ ကုသိုလ်၏အဖို့ကို ဝေကုန်ရာ၏။ တောင်းသောဆုကိုလည်း တောင်းကုန်ရာ၏။

## ရှင်ဥပဂုတ်ဂါထာ

ရှင်ဥပဂုတ်ဂါထာသော်ကား--

(၁) ဥပဂုတ္တော မဟာထေရော၊ သမ္ဗုဒ္ဓေန ဝိယာကတော။
မာရဉ္စ မာရဗလဉ္စ၊ ဒမေဿတိအနာဂတေ။
မမသိသေပတိဋ္ဌိတော၊ မာရေနသုဏိတံ ကထ္ဝာန။
အန္တရာယောပိ ဝိနဿန္တု၊ ဣဒါနေဝ ဥပဂုတ္တံ။
မဟိဒ္ဓိကံ ရာဇတောဝါ၊ ဥပ္ပဒ္ဒဝံပိစ သောကရောဂါ။
ဝိမာယ၊ ပရိတ္တံဒေဝမင်္ဂလံ။ ။

(၂) ဥပဂုတ္တော မဟာဝိရော၊ သမ္ဗုဒ္ဓေန ဝိယာကတော။
မာရဉ္စ မာရဗလဉ္စ၊ အနာဂတေစ ပိအာဂတော။

(၃) တာဒိသော ထေရော၊ မာရေန ဇနိတံ။
သဗ္ဗအန္တရာဝိနဿန္တု၊ ဣဒါနေဝ။

---

၁။ ဗိမ္ပသေန(ဆဒိသာပါလသုတ်)
၂။ ဟာရဟာရိတ(ဆဒိသာပါလသုတ်)
၃။ သံဃနတ်၊ သံဃုလိမနတ်၊ သုသုရနတ်၊ ဥဂ္ဂတေဇနတ်(ဆဒိသာပါလသုတ်)
၄။ သေဋ္ဌနတ်၊ ကမ္ဗလသေဋ္ဌနတ်(ဆဒိသာပါလသုတ်)

ဥပဂုတ္တံ မဟိဒ္ဓိကံ၊ ယံယံဥပဒ္ဒဝံဇာတံ။
ဝိဓံသေသိ အသေသတော။

(၄) ဥပဂုတ္တော မဟာထေရော၊ လောဟပါသာဒံ မဇ္ဈေ ဒက္ခိဏဒ္ဒွာရာနံ။
မဟာသမုဒ္ဒရာနံ၊ လောဟပါလာဒဝေ မဇ္ဈေဝိဟရတိ။
တမ္ပထေရော အဟံဝန္ဒာမိ၊ ပူဇိတော။

(၅) တမ္ပထေရ အာနုဘာဝေန၊ ဣဒါနိ မယံ ကုသလကမ္မံ။
ကရိဿံ တံပုညကမ္မံ အနိဋ္ဌံဝဿံ၊ နဝဿန္တု ဝါယု နအာယန္တု။
မယံဇိတော ဝန္ဒာမိ။

ဥပဂုတ္တော၊ ဥပဂုတ်အမည်ရှိသော။ မဟာထေရော၊ တန်ခိုးကြီးသော မဟာထေရ်သည်။ ဒက္ခိဏဒ္ဒွာရံ၊ တောင်အရပ်မျက်နှာဖြစ်ထသော။ မဟာသမုဒ္ဒရာနံ၊ မဟာသမုဒ္ဒရာထဲ၌။ လောဟပါသာဒမဇ္ဈေ၊ ကြေးပြာသာဒ်အလယ်၌။ ဝိဟရတိ၊ နေတော်မူ၏။ တံမဟာထေရံ၊ ထိုမဟာထေရ်မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှစ်ခိုးပါ၏။ ပူဇာမိ၊ အထူးထူးသော အလှူဝတ္ထုတို့ဖြင့် ပူဇော်ပါ၏။

တေနထေရာ နုဘာဝေန၊ ထိုတန်ခိုးကြီးသော ရှင်ဥပဂုတ် မဟာထေရ်မြတ်၏ အာနုဘော်တော်ကြောင့်။ ဣဒါနိ၊ ယခုအခါ၌။ မယံ၊ အကျွန်ုပ်တို့သည်။ ကုသလကမ္မံ၊ ကုသိုလ်၏အမှုဖြစ်သောကိစ္စကို။ ကရိဿာမ၊ ပြုပါကုန်အံ့။ တံပုညကမ္မံ၊ ထိုအကျွန်ုပ်တို့ ပြုအပ်သော ကောင်းမှု၏ကိစ္စသည်။ အနိဋ္ဌံ၊ အပြီးသို့မရောက်မီ။ ဝဿံ၊ မိုးတို့သည်။ နဝဿန္တု၊ မရွာစေသတည်း။ ဝါယူ၊ လေတို့သည်။ နအာယန္တု၊ မလာစေကုန်သတည်း။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ အန္တရာယာ၊ အန္တရာယ်အပေါင်းတို့သည်။ ဝိနာသန္တု၊ ပျောက်ပျက်စေကုန်သတည်း။ မယံ၊ အကျွန်ုပ်တို့သည်။ ယာစာမ၊ တောင်းပန်ပါ၏။ ။ဥပဂုတ်ဂါထာအနက်။

## မာရ်နတ်သား ဂါထာ

မာရ်နတ်သားကို ပူဇော်သော ဂါထာကား

ဘောမာရဒေဝ၊ မယံ။
ဣဒါနိ၊ သဂ္ဂမောက္ခတ္ထာယ။
ဣမံကုသလကမ္မံ၊ ကရိဿာမ။
တံပုညဖလံ၊ သမ်လဘန္တု။
ဣမံကမ္မံ၊ အနိဋ္ဌံ။
ဝဿာ၊ နဝဿန္တု။
ဝါယူ၊ နအာယန္တု။
မယံဝန္ဒာမ၊ ပူဇာမ။
ယာစိတော၊ သဗ္ဗပါဏိနံ။

အတ္ထာယ၊ စေ၀ဿတိ။
ဣမံဒိသံ၊ န၀ဿန္တု။
သဗ္ဗဒိသာသု၊ ၀ဿန္တု။

**အနက်ကား။** ။ဘောမာရဒေ၀၊ အိုမာရ်နတ်သား။ ဣဒါနိ၊ ယခုအခါ၌။ မယံ၊အကျွန်ုပ် တို့သည်။ သဂ္ဂမောက္ခတ္ထာယ၊ နတ်ရွာနိဗ္ဗာန် အကျိုးငှာ။ မယံ၊ ငါတို့သည်။ ကုသလကမ္မံ၊ ကုသိုလ်ကောင်းမှုဖြစ်သောအမှုကို။ ကရိဿာမ၊ ပြုပါအံ့။ တံပုညဖလံ၊ ထိုအကျွန်ုပ်တို့ပြုသော ကောင်းမှု၏အကျိုးကို။ အမေ့ဟိ၊ ငါတို့နှင့်။ သမံ၊ အမျှ။ လဘန္တု၊ ရစေကုန်သတည်း။ ပုညကမ္မံ၊ ယခုပြုအပ်သော ကောင်းမှု၏ ကိစ္စသည်။ အနိဋ္ဌံ၊ အပြီးသို့ မရောက်မီ။ ၀ဿာ၊ မိုးတို့သည်။ န၀ဿန္တု၊ မရွာစေကုန်သတည်း။ ၀ါယု၊ လေတို့သည်။ နအာယန္တု၊ မလာစေကုန်သတည်း။ ပူဇာမ၊ ပူဇော်ပါကုန်၏။ ယာစာမ၊ တောင်းပန်ပါကုန်၏။ မယံ၊ ငါတို့သည်။ ၀န္ဒာမိ၊ ရှိခိုး ပါကုန်၏။ ယာစိတော၊ တောင်းပန်အပ်သည်ဖြစ်၍။ သဗ္ဗပါဏီနံ၊ ခပ်သိမ်းသော သတ္တ၀ါ အပေါင်းတို့၏။ ဟိတာယ၊ အကျိုးစီးပွားအလို့ငှာ။ စေ၀ဿတိ၊ အကယ်၍ ရွာကုန်ငြားအံ့။ သဗ္ဗဒိသာသု၊ ခပ်သိမ်းသော အရပ်တို့၌။ ၀ဿန္တု၊ ရွာစေကုန်သတည်း။ ဣမံဒိသံ၊ ဤကောင်းမှုပြုရာ အရပ်တို့၌။ န၀ဿန္တု၊ မရွာစေကုန်သတည်း။

မာရ်နတ်သားကို ပူဇော်တောင်းပန်သော အနက်တည်း။

ပွဲကြီးလျှင် ၇ ရက်၊ ပွဲငယ်လျှင် ၃ ရက်ခန့် ဆွမ်းကျွေးမန်ကျွေးဖြစ်လျှင် ရက်ခန့်သာ ဆောင်ပါလေ။ ဤသို့စီရင်ပြီးမှ ဟောင်းနွမ်း ပြိုပျက် ကျိုးပဲ့သော စေတီပုထိုးတို့ကို ပြင်ဆင် ရာ၏။ ပစ္စုပ္ပန်သံသရာနှစ်ပါး စီးပွားချမ်းသာ ရှိရာသောအကြောင်းကို ထောက်ရှုဆင်ခြင်၍ စီရင်သောနည်းတည်း။

ဟောင်းနွမ်းသောစေတီ ပြင်ဆင်ရာသော စေတီပုထိုးတို့ကို ပြင်ဆင်ရာသော အမှုချည်း မဟုတ်။မြို့တည် ရွာတည် ကျောင်းတည် ကန်တူးနန်းတည် တို့၌လည်း စီရင်အပ်၏၊ ကူးနာ၎င်းနာ ရောဂ်ဏ္ဍရကပ် ရောက်သော်လည်း စီရင်အပ်၏။ ပိသုကာကျမ်းကား ဤရွေ့ပြီးပြည့်စုံ၏။ ဩ၊ သာဓု နိဗ္ဗာန်ဆု။

## ရုပ်ပွားတော်ထုနည်း

ပိသုကာစား၊ လက်သမားတို့၊ မှတ်သားကုန်ပါ၊ စေ့စေ့နာလော့၊လောကဝိဒူ၊ သဗ္ဗညု၏၊ ရုပ်တုကိုယ်စား၊ ထုလိုညားမူ၊ ဖွဲ့တော်ထိုင်နေ၊ ထက်၀က်ခွေသား၊ ဒူးတော်ဖျားကုန်၊ တိုင်းပြီး တံသော်၊ ထိုဖွဲ့တော်မှာ၊ တထောင်ထွာဟု၊ သေချာအမြဲ၊ စိတ်စွဲခေါ်ရိုး၊ သုံးချိုးချိုးလော့။ နှစ်ချိုးတမူ၊ တထောင်ဟူ၍၊ ကြွင်းမူတခါ၊ တချိုးမှာကို၊ တထွာဟူဆောင်၊ ထိုတတောင်ကို၊ ရှေးနောင်အတူ၊ သုံးချိုးယူလော့။ ရှေးတူစင်စစ်၊ သုံးမိုက်ဖြစ်၏၊ ထက်တချိုးမှာ၊ ရှစ်ခါလည်း ကောင်း၊ ချိုးပြန်ရှောင်းသော်၊ အပေါင်းစင်စစ်၊ လက်ရှစ်သစ်ဟု၊ အမှတ်ပြု၍၊ ရုပ်ထုလုပ်စေ ချင်သတည်း။

ဖွဲ့တော်တပြန်၊ ဒူးတော်စွန်က၊ အမှန်ပတ်လျက်၊ ခါးလည်းဝက်တည်း။ တချက်ကမ္ပလာ၊ ထက်ဆီမှာက၊ မေးတော်စကို၊ မုခအမှန်၊ တပြန်ဖွဲ့တော်၊ ထိုရော်အလား၊ ဒူးဖျားထက်က၊ ပခုန်းစကို၊ ယူထတပြန်၊ အမှန်မယွင်း၊ ပေါင်ရင်းပေါ်က၊ ဆံလျှော်စကို၊ တိုင်းထအမှန်၊ တပြန်မပျက်၊ ရေပွက်ဆုံစ၊ တမိုက်မျှသာ၊ ရောင်လျှံမှာကား၊ ပညာနှင့်ဆ၊ လုပ်ထတော်လျော်၊ ဥက္ကောင်းတော်ဟူ၊ လုံးပတ်မူကား၊ ယူလေ့အမှန်၊ တပြန်ဖွဲ့တော်၊ စွန်းပြန်ဆယ်စစ်၊ စင်စစ်အလျား၊ မေးဖျားအစ၊ တထွာရ၏။ နားဝနှစ်ဖက်၊ မျက်နှာပြက်မူ၊ တထွာယူလေ့။ ပုံတူမယွင်း၊ နားသီးစကို၊ တမိုက်ဆို၏။ ထိုနှာခေါင်းတော်၊ အလျားသော်ကား၊ လေးသစ်ထားလေ့။ မေးဖျားတော်က၊ နှုတ်ခမ်းစမှာ၊ သုံးသစ်ထားတည်း။တခါမေးထု၊ စတုလေးသစ်၊ ဖြစ်ရစေတုံ၊ မျက်ခမ်းတော်ကျယ်၊ သုံးသစ်ဝယ်တည်း။ အကျယ်မျက်လုံးတော်၊ ခေါ်သည်စစ်စစ်၊ လုံးသစ်လည်းကောင်း၊ နရောင်တော်သီး၊ အကြီးသုံးသစ်၊ ဖြစ်သည်တသွယ်။ ပစပ်ကျယ်ကား၊ လေးသစ်ထားလေ့။ နားတော်လျားမှာ၊ တထွာသာတည်း။ မျက်နှာသုံးသစ်၊ နို့နှစ်ဖက်ကြား၊ တထွာထားလေ့။ ခါးလုံးပတ်မှာ၊ သုံးထွာသာတည်း။ တထွာခါးကျယ်၊ လယ်တော်ဝယ်ကား၊ ရှည်သည်လေးသစ်၊ ဖြစ်သည်တခါ၊ နှစ်ထွာလုံးပတ်၊ လက်ကောက်ဝတ်က၊ လက်ဖျားစဖြစ်၊ ထွာနှစ်သစ်တည်း။ စင်စစ်တသီး၊ လက်ကတီးက၊ လက်သစ်ကျအောင်၊ တထွာဆောင်လေ့၊ ထိုနှောင်ထုလတ်၊ လက်ကောက်ဝတ်က၊ လက်သစ်ကျကို၊ တထွာဆို၏။ ကိုယ်ပခုံးဝယ်၊ အကျယ်တတောင်၊ လေးသစ်ဆောင်လေ့။ လက်မောင်းတော်မှာ၊ တထွာခြောက်သစ်၊ လုံးပတ်ဖြစ်၏။ စင်စစ်တခြား၊ ခြေဖဝါးတော်၊ အလျားတော်ကား၊ ထွာကျော်နှစ်သစ်၊ ခြောက်သစ်အနံ၊ အမှန်ဒူးတော်၊ အထူသော်ကား၊ မိုက်ကျော်စင်စစ်၊ နှစ်သစ်နှင့်ယှဉ်၊ မဆူမကြုံ၊ ထားတုံသင့်လျော်၊ မြင်သော်ရှုဖွယ်၊ သပ္ပာယ်ညီညွတ်၊ ကိုယ်တော်မြတ်ကို၊ လုပ်အပ်လှစွာ၊ သို့မှသာလျှင်၊ သံသရာပစ္စုပ္ပန်၊ နှစ်တန်အကျိုး၊ တက်တိုးစီးပွား၊ သုံးပါးချမ်းသာ၊ ရပါစေကြောင်း၊ ဉာဏ်ဖြင့်လောင်း၍၊ နတ်ကောင်းဝိသုကံ၊ စီမံအရာ၊ ပိသုကာကျမ်းထွက်၊ မပျက်စေရ၊ လုပ်အပ်လှသည်၊ ယူကြနည်းထုံး၊ မှတ်ပါကုန်သတည်း။

## သတ္တဋ္ဌာနသွင်းခြင်း

မဟာဗောဓိပင်ချုပုံ ၇ ဋ္ဌာနသွင်းခြင်းသည်ကား

ဖလံနိဗ္ဗာနံစ သေဋ္ဌံ။
သေဝမာနော ရသုတ္တမံ။
ဗောဓိမူလေ ဝသိသတ္တာ၊
ဒိဝသာနိ ဝိနာယကော။
တထာဂတေန မဟာနုဘာဝေါ။
ယံကိဥ္စိသတ္တရတနံ။
အဏ္ဍာနံ ဇေယျောဇေယျတု ဇေယျမင်္ဂလံ။

ဖလနိဗ္ဗာနံစ၊ အရဟတ္တဖိုလ်နိဗ္ဗာန်ဖြစ်ထသော။ ရသုတ္တမံ၊ အရသာအမြတ်လည်းဖြစ်ထသော။ သေဋ္ဌံ၊ နိဗ္ဗာန်ချမ်းသာမြတ်ကို။ သေဝမာနော၊ ခံစားပေ... ဗောဓိမူလေ၊

ပောဓိပင်ရင်း၌။ သတ္တဒိဝသာနိ၊ ခုနစ်ရက်ပတ်လုံး။ ဝိနာယကော၊ လူနတ်ဗြဟ္မာတို့၏ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရားသည်။ ဝသိ၊ နေတော်၏။ တထာဂတေန၊ ထိုသို့ခုနစ်ရက်ပတ်လုံးနေတော်မူသော မြတ်စွာဘုရားသည်။ မဟာနုဘာဝေါ၊ ကြီးစွာသောတန်ခိုးအာနုဘော်ဖြင့်။ ယံကိစ္စသတ္တရတနံ၊ အကြင်ခပ်သိမ်းကုန်သော ရတနာတို့ဖြင့်။ တဏှာနံ၊ ရန်သူအပေါင်းတို့ကို။ ဇေယျောဇေယျတု၊ အောင်အပ်သည်ဖြစ်သော။ ဇေယျမင်္ဂလံ၊ အောင်အပ်သောမင်္ဂလာသည်။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။ ။ဤဂါထာဖြင့်ရွတ်၍ ပောဓိပင်ကို အလယ်ချရမည်။

**အနိမိသချပုံ**

သတ္တာဟံ ဌိတကော ဗုဒ္ဓေါ။
ဉာပေတုံစ ကတညုတံ။
ပောဓိံ အနိမိသ စက္ခုဟိ၊
သမ္မာ ပူဇေသိ ပူဇယံ။
တထာဂတေန မဟာနုဘာဝေါ။
ယံကိဉ္စိသတ္တရတနံ။
တဏှာနံ ဇေယျောဇေယျတု ဇေယျမင်္ဂလံ။

ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ဌိတကော၊ ရပ်တော်မူလျက်။ ကတညုတံ၊ ကျေးဇူးတော်ရှိသောအဖြစ်ကို။ ဉာပေတုံ၊ သိစိမ့်သောငှာ။ ပောဓိံ၊ ပောဓိညောင်ဗုဒ္ဓဟေပင်ကို။ အနိမိသစက္ခုဟိ၊ မမှိတ်သောမျက်မိတော်တို့ဖြင့်။ သမ္မာ၊ ကောင်းစွာ။ ပူဇယံ၊ ပူဇော်အပ်သည်ဖြစ်၍။ ပူဇေသိ၊ ပူဇော်တော်မူ၏။ ဤဂါထာဖြင့်ရွတ်၍ အနိမိသကို ပောဓိပင်အရှေ့မြောက်အရပ်၌ ပောဓိပင်ကိုရှေ့ရှုလျက် အနောက်တောင်သို့ မျက်နှာပြု၍ ချရမည်။

**ရတနာစင်္ကြံချပုံ**

ဝိမုတ္တိဇံ သုခံ ဝိန္ဒိ၊ ပရိပုဏ္ဏမနောရထော။
စင်္ကမေ စင်္ကမိ ဗုဒ္ဓေါ၊ သတ္တာဟံ ရတနမယေ။
တထာဂတေန မဟာနုဘာဝေါ။
ယံကိဉ္စ သတ္တရတနံ။
တဏှာနံ ဇေယျောဇေယျတု ဇေယျမင်္ဂလံ။

ဝိမုတ္တိဇံ၊ မဂ်ဖိုလ်ကြောင့်ဖြစ်ထသော။ သုခံ၊ ချမ်းသာခြင်းကို။ ဝိန္ဒိ၊ ရသည်ဖြစ်၍။ ပရိပုဏ္ဏမနောရထော၊ ပြည့်စုံသောနှလုံးတော်မြတ်လည်းရှိထသော။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ သတ္တဟံ၊ ၇ ရက်ပတ်လုံး။ ရတနမယေ၊ ရတနာခုနစ်ပါးတို့ဖြင့်ပြည်စုံထသော။ စင်္ကမေ၊ စင်္ကြံ၌။ စင်္ကမိ၊ စင်္ကြံကြွတော်မူ၏။

ဤဂါထာဖြင့်ရွတ်၍ စင်္ကြံကို ပောဓိပင်မြောက်အရပ်၌ အရှေ့မျက်နှာပြု၍ ချလေ။

**ရတနာဃရရွှေအိမ်ချပုံ**

နိသိန္နော ဘဂဝါ ရမ္မေ၊ မန္ဒိရေ ရတနဇ္ဇလေ။
သတ္တာဟံ သမ္မသိ သမ္မာ၊ ဓမ္မဓာတုံ အနုတ္တရံ။
တထာဂတေန မဟာနုဘာဝေါ။
ယံကိဉ္စိသတ္တရတနံ။
တဏှာနံ ဇေယျောဇေယျတု ဇေယျမင်္ဂလံ။

ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ ရတနဇ္ဇလေ၊ ရတနာ ၇ နစ်ပါးတို့ဖြင့် ဆန်းကြယ်တောက်ပသထော။ ရမ္မေ၊ နှစ်လုံးမွေ့လျော်ဖွယ်လည်း ရှိထသော။ မန္ဒိရေ၊ ရတနာဃရအမည်ရှိသော ရွှေအိမ်၌။ သတ္တာဟံ၊ ၇ ရက်ပတ်လုံး။ နိသိန္နော၊ နေတော်လျက်။ အနုတ္တရံ၊ အတုမရှိသော။ ဓမ္မဓာတုံ၊ တရားသဘောကို။ သမ္မာ၊ ကောင်းစွာ။ သမ္မသိ၊ သုံးသပ်တော်မူပေ၏။

ဤဂါထာဖြင့်ရွတ်၍ ရတနာဃရရွှေအိမ်ကို ဗောဓိပင် အနောက်မြောက်ထောင့်၌ အရှေ့သို့မျက်နှာပြု၍ ချလေ။

**အဇပါလညောင်ပင်ချပုံ**

သံကောစိဇိတာ မာရိဒ္ဓိ၊ မုခမ္ဗုဇဝနံ ဘုသံ။
သတ္တာဟံ အဇပါလဿ၊ မူလေ ဗုဒ္ဓေါရဝိဝသိ။
တထာဂတေန မဟာနုဘာဝေါ။
ယံကိဉ္စိသတ္တရတနံ။
တဏှာနံ ဇေယျောဇေယျတု ဇေယျမင်္ဂလံ။

မာရိဒ္ဓိ၊ မာရ်နတ်သား၏ တံခိုးဟူသောရေသည်။ မုခမ္ဗုဇဝနံ၊ မျက်နှာတော်တည်း ဟူသောကြာတောကို။ ဘုသံ၊ လွန်စွာ။ သံကောစိဇိတာ၊ ချမ်းမြေ့စေတော်မူတတ်၏။ သတ္တာဟံ၊ ၇ ရက်ပတ်လုံး။ အဇပါလဿ၊ ဆိတ်ကျောင်းသားတို့စိုက်အပ်သောညောင်ပင်၏။ မူလေ၊ အရင်း၌။ ဗုဒ္ဓေါရဝိ၊ ဘုရားတည်းဟူသောနေမင်းသည်။ ဝသိ၊ နေတော်မူပြီ။

ဤဂါထာကိုရွတ်၍ အဇပါလညောင်ပင်ကို ဗောဓိပင်အရှေ့စူးစူး၌ အရှေ့မျက်နှာပြု၍ ချလေ။

**မုစလိန္ဒနဂါးရုံချပုံ**

သတ္တာဟံ၊ မုစလိန္ဒဿ၊ ဖဏိနောဘာဂမန္ဒိရေ။
ဝသိ သတ္ထာ မဟာဝီရော၊ တဒနုဂ္ဂဟဝုဒ္ဓိယာ။
တထာဂတေန မဟာနုဘာဝေါ။
ယံကိဉ္စိသတ္တရတနံ။
တဏှာနံ ဇေယျောဇေယျတု ဇေယျမင်္ဂလံ။

ဝသိ၊ ဝသီဘော် ၅ ပါး လေ့ကျက်ခြင်းလည်းရှိတော်မူထသော။ မဟာဝိရော၊ ကြီးစွာလုံးလလည်းရှိတော်မူထသော။ သတ္တာ၊ မြတ်စွာဘုရားသည်။ မုစလိန္ဒဿ၊ မုစလိန္ဒအမည်ရှိသော အိုင်၏။ မူလေ၊ အနီးကြေးပင်ရင်း၌။ ဖဏိနော၊ နဂါးမင်း၏။ ဘောဂမန္ဒိရေ၊ အခွေဟူသောအိမ်၌။ သတ္တာဟံ၊ ၇ ရက်ပတ်လုံး။ တဒနုဂ္ဂဟဝုဒ္ဓိယာ၊ ထိုနဂါးမင်းအား ချီးပင့်သောအစီးအပွားအလို့ငှာ။ ဝသိ၊ နေတော်မူ၏။

ဤဂါထာဖြင့်ရွတ်၍ မုစလိန္ဒာနဂါးရုံကို ဗောဓိပင်အရှေ့တောင် အရှေ့သို့မျက်နှာပြု၍ချလေ။

**လင်းလွန်းပင်ချပုံ**

ဘုဥ္ဇိမာနော ရသသေဌံ၊ စီရလဒ္ဓံ ဝိမုတ္တိဇံ။
ရာဇာယတနမူလမှိ၊ သတ္တာဟံ ဘဂဝါ ဝသိ။
တထာဂတေန မဟာနုဘာဝေါ။
ယံကိဥ္စိသတ္တရတနံ။
တဏှာနံ ဇေယျောဇေယျတု ဇေယျမင်္ဂလံ။

ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ စီရလဒ္ဓံ၊ လေးသင်္ချေနှင့်ကမ္ဘာတသိန်း ကာလပတ်လုံး ဆည်းပူးတော်မူသဖြင့် ကြာမြင့်စွာမှ ရတော်မူအပ်သော။ ဝိမုတ္တိဇံ၊ မင်္ဂဖိုလ်ကြောင့်ဖြစ်သော။ ရသသေဌံ၊ မြတ်သောအရသာကို။ ဘုဥ္ဇိမာနော၊ ခံစားတော်မူလျက်။ ရာဇာယတနမူလမှိ၊ ရာဇာယတနလင်းလွန်းပင်ရင်း၌။ သတ္တာဟံ၊ ၇ ရက်ပတ်လုံး။ ဝသိ၊ နေတော်မူ၏။

ဤဂါထာဖြင့်ရွတ်၍ လင်းလွန်းပင်ကို ဗောဓိပင်တောင်အရပ်၌ အရှေ့သို့မျက်နှာပြု၍ချလေ။

ဘဂဝါ၊ မြတ်စွာဘုရားသည်။ ရာဇာယတနဋ္ဌာနေ၊ ရာဇာယတနလင်းလွန်းပင်နေရာ၌၊ နိသိန္နော၊ နေတော်မူ၏။ အဋ္ဌသတ္တာဟံ၊ ရှစ်ခုမြောက်သောသတ္တာဟ၌။ အဇပါလံ၊ ဆိတ်ကျောင်းသားတို့နေရာဖြစ်သောညောင်ပင်သို့။ ဂတော၊ ကြွတော်မူပြန်၍။ နိသိဒိ၊ နေတော်မူသောအခါ၌။ သဟံပတိဗြဟ္မရာဇာ၊ သဟံပတိအမည်ရှိသောဗြဟ္မမင်းသည်။ ဓမ္မစက္ကံ၊ ဓမ္မစက်တရားတော်မြတ်ကို။ ပကာသေန္တာ၊ ဟောတော်မူစိမ့်သောငှာ။ ယာစာတိ၊ တောင်းပန်ပေ၏။

ဤကား သတ္တဋ္ဌာနချသောဂါထာပြီး၏။

**သတ္တဌာနဘုရားရှိခိုး**

သတ္တဌာနချပြီးသောကာလ နောက်ပိတ်ရှိခိုးရအံ့သောဂါထာကား—

မဇ္ဈေစ ဗောဓိပလ္လင်္ကေ၊ သေန္ဒေစ အနိမိဿံ။
ဥတ္တရေစ စင်္ကမံ၊ ပါယပ္ပေစရတနဃရံ။
ပုပ္ပေဌာနေ အဇပါလံ၊ အဂ္ဂိနေစ မုစလိန္ဒေ။
ဒက္ခိဏေ ရာဇာယတနံ၊ ဧတေသတ္တ မဟာဌာနေ။
အဟံဝန္ဒာမိသဗ္ဗဒါ။ ။

မဇ္ဈေစ၊ အလယ်၌ကား။ ဗောဓိပလ္လင်္ကေ၊ ဗောဓိရွှေပလ္လင်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူခြင်းသည်လည်းကောင်း။ သေန္ဒေ၊ အရှေ့မြောက်ထောင့်အရပ်၌။ အနိမိဿံ၊ အနိမိဿ၌ နေတော်မူခြင်းသည်လည်းကောင်း။ ဥတ္တရေ၊ မြောက်အရပ်၌။ စင်္ကမံ၊ စင်္ကြံကြွတော်မူခြင်းသည်လည်းကောင်း။ ပါယပ္ပေစ၊ အနောက်မြောက်ထောင့်အရပ်၌။ ရတနဃရံ၊ ရတနဃရ ရွှေအိမ်၌ နေတော်မူခြင်းသည်လည်းကောင်း။ ပုပ္ပေဌာနေ၊ အရှေ့အရပ်၌။ အဇပါလံ၊ အဇပါလ ညောင်ပင်ရင်း၌ နေတော်မူခြင်းသည်လည်းကောင်း။ အဂ္ဂိနေ၊ အရှေ့တောင်ထောင့်အရပ်၌။ မုစလိန္ဒေ၊ မုစလိန္ဒအိုင်နား၌ နေတော်မူခြင်းသည်လည်းကောင်း။ ဒက္ခိဏေ၊ တောင်အရပ်၌။ ရာဇယတနံ၊ ရာဇယတနအမည်ရှိသော လင်းလွန်းပင်ရင်း၌ နေတော်မူခြင်းသည်လည်းကောင်း။ ဧတေသတ္တမဟာဌာနေ၊ ဤခုနစ်ပါးသော ဌာနတော်မြတ်တို့ကို။ ကျွန်ုပ်သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

ပဌမံ ဗောဓိပလ္လင်္ကေ၊ ဒုတိယံ အနိမိဿံ။
တတိယံ စင်္ကမံ၊ စတုတ္ထံ ရတနာဃရံ။
ပဥ္စမံ အဇပါလံ၊ ဆဋ္ဌမံ မုစလိန္ဒံ။
သတ္တမံ ရာဇာယတနံ၊ ဧတေသတ္တမဟာဌာနေ။
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

ပဌမံ၊ ရှေးဦးစွာသော အခါ၌ကား။ ဗောဓိပလ္လင်္ကေ၊ ဗောဓိပင်ရင်း ရွှေပလ္လင်ထက်၌ နေတော်မူခြင်းသည်လည်းကောင်း။ ဒုတိယံ၊ နှစ်ကြိမ်မြောက်၌ကား။ အနိမိဿံ၊ အနိမိဿ၌ ရပ်တော်မူခြင်းသည်လည်းကောင်း။ တတိယံ၊ သုံးကြိမ်မြောက်၌ကား။ စင်္ကမံ၊ စင်္ကြံကြွတော်မူခြင်းသည်လည်းကောင်း။ စတုတ္ထံ၊ လေးကြိမ်မြောက်၌ကား။ ရတနာဃရံ၊ ရတနာရွှေအိမ်၌ နေတော်မူခြင်း သည်လည်းကောင်း။ ပဥ္စမံ၊ ငါးကြိမ်မြောက်၌ကား။ အဇပါလံ၊ အဇပါလ ညောင်ပင်ရင်း၌ နေတော်မူခြင်းသည် လည်းကောင်း။ ဆဋ္ဌမံ၊ ခြောက်ကြိမ်မြောက်၌ကား။ မုစလိန္ဒံ၊ မုစလိန္ဒာအိုင်နား၌နေတော်မူခြင်းသည်လည်းကောင်း၊ သတ္တမံ၊ ခုနစ်ကြိမ်မြောက်၌ကား။ ရာဇာရတနမူလံ၊ ရာဇာယတနအမည်ရှိသော လင်းလွန်းပင်ရင်း၌ နေတော်မူခြင်းသည်လည်းကောင်း။ ဧတေသတ္တမဟာဌာန၊ ဤခုနစ်ပါးသော နေရာတော်မြတ်တို့ကို။ အဟံ၊ ကျွန်ုပ်သည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ပူဇာမိ၊ ပူဇော်ပါ၏။

သတ္တဌာနရှိခိုးပြီး၏။

ရှိခိုးပြီးလျှင် လိုအပ်သောဆုကိုတောင်း၍ သုံးဆယ့်တဘုံ၌ ကျင်လည်ကုန်သော လူနတ်ဖြဟ္မာ သတ္တဝါအပေါင်းတို့အား အမျှဝေ၍ ဌာပနာတိုက်ကို ပိတ်ရာ၏။

## ဇေယျတု

တနည်းသော်ကား။ ။မဟာကာရုဏိကော နာထော၊ ဟိတာယ သဗ္ဗပါဏိနံ။
ပူရေတွာ ပါရမီ သဗ္ဗာ၊ ပတ္တော သမ္ဗောဓိမုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဖလံနိဗ္ဗာနံစ သေဋ္ဌံ၊ သေဝမာနော ရသုတ္တမံ။
ဗောဓိမူလေ ဝသိ သတ္တာ၊ ဒိဝသာနိဝိနာယကော။
ဧတေနသစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။

ဗောဓိပင် ရွှေပလ္လင်ကို ၃ ခါရွတ် ဌပနာချလေ။

သတ္တာဟံ ဌိတကော ဗုဒ္ဓေ၊ ဉာပေတုံစ ကတညုတံ။
ဗောဓိံ အနိမိသံစက္ခုဟိ၊ သမ္မာပူဇေသိ ပူဇာယံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။

အနိမိသကို ၃ ကြိမ်ရွတ်၍ ဗောဓိပင် အရှေ့မြောက်ထောင့်အရပ်၌ ဗောဓိပင်ကို အရှေ့သို့ မျက်နှာပြု၍ ချလေ။

ဝိမုတ္တိဇံ သုခံ ဝိန္ဒံ၊ ပရိပုဏ္ဏမနောရထော။
စင်္ကမေ စင်္ကမိ ဗုဒ္ဓေ၊ သတ္တာဟံ ရတနမယေ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။

ဤဂါထာကို ၃ ကြိမ်ရွတ်၍ စင်္ကြံကို ဗောဓိပင် မြောက်အရပ်၌ အရှေ့သို့မျက်နှာပြု၍ ချလေ။

နိသိန္နော ဘဂဝါ ရမ္မေ၊ မန္ဒိရေ ရတနဇ္ဇလေ။
သတ္တဟံ သမ္မသိ သမ္မာ၊ ဓမ္မဓာတု မနုတ္တရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။

ဤဂါထာကို ၃ ကြိမ်ရွတ်၍ ရွှေအိမ်ကို ဗောဓိပင် အနောက်မြောက်ထောင့်၌ အရှေ့သို့ မျက်နှာပြု၍ ချလေ။

သံကောစိတ္တိဇိတ္တာ မာရိဒ္ဓိံ၊ မုဒမ္ဘုဇ ဝနံ ဘုသံ။
သတ္တာဟံ အဇပါလသ္မိ၊ မူလေ ဗုဒ္ဓရဝိဝသိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။

ဤဂါထာကို ၃ ကြိမ်ရွတ်၍ အဇပါလ ညောင်ပင်ကို ဗောဓိပင် အရှေ့စူးစူးက အရှေ့သို့ မျက်နှာပြု၍ ချလေ။

သတ္တာဟံ မုစလိန္ဒဿ၊ ဖဏိနော ဘောဂမန္ဒိရေ။
ဝသိ သတ္တာ မဟာဝိရော၊ တဒနုဂ္ဂဟာ ဗုဒ္ဓိယာ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။

ဤဂါထာကို ၃ ကြိမ်ရွတ်၍ နဂါးရုံကို ပေါ့ခိပင်အရှေ့တောင်အရပ်၌ အရှေ့သို့ မျက်နှာပြု၍ ချလေ။

ဝိန္ဒမာနော သုခံ သေဋ္ဌံ၊ စိရလဒ္ဓံ ဝိမုတ္တိဇံ။
ရာဇာယတန မူလမှိ၊ သတ္တာဟံ ဘဂဝါ ဝသိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။

ဤဂါထာကို ၃ ကြိမ်ရွတ်၍ ရာဇာယတန လင်းလွန်းပင်ကို ပေါ့ခိပင် တောင်အရပ်၌ အရှေ့သို့ မျက်နှာပြု၍ ချလေ။ ။ပြီး၏။

## မဟာဇေယျမင်္ဂလာ ၄၃ ဂါထာ

သိလာမယေ စတုပတ္တေ၊ မဟာရာဇေဟိ အာဘတေ။
ကတွာ ဧကံ ပဋိဂ္ဂဟိ၊ မဓုပိဏ္ဍံ တဃိ ဇိနော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
လဒ္ဓာနုတ္တရ ဓမ္မဿ၊ ဂမ္ဘီရတ္တာ လောကနာထော။
အပ္ပေါသုက္ကတ မာပန္နော၊ ပါဏိနံ ဓမ္မဒေသနေ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
အဇ္ဈိဋ္ဌော ဗြဟ္မုနာ ဗုဒ္ဓေါ၊ ရမ္မေ ဗာရာဏသီပုရေ။
ဓမ္မစက္ကံ ပဝတ္တေသိ၊ ပရိသာသု ဝိသာရဒေါ။
အညာ ကောဏ္ဍညပါမုခေ၊ ဘိက္ခူ ခိဏာသဝေ ဇိနော။
ဝိပ္ပါတုံ ဓမ္မဒူတေယျ၊ ဝိသဇ္ဇေသိ တဟိံ တဟိံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
မာပယိတွာ ဓမ္မနာဝံ၊ ကတပုည မဟာဇနံ။
ဘဝဏ္ဏဝ မတာရေသိ၊ မဟာကာရုဏိကောဇိနော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
ဉရုဝေလံ ဇိနော ဂန္တွာ၊ အဇ္ဈေရံ ပါဋိဟာရိယံ။
ဒဿယိတွာ တဟိ ဘိက္ခူ၊ ဒမေသိ ကဿပါဒိကေ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
သသာဝကော ဇိနော ဂန္တွာ၊ ရမ္မံ ရာဇဂဟံ ပုရံ။
ဗိမ္ဗိသာရံ သာနရဋ္ဌံ၊ မနုဂဏ္ဍံ အဗောဓယိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။

ပဋိဂ္ဂဟိတေ သမ္ဗုဒ္ဓေ၊ ရမ္မေ ဝေဠုဝနုတ္တမေ။
မဟာ မဟီ အကမ္ပိတ္ထ၊ နစ္စမာနာဝ ပီတိယာ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
တတ္ထ ဝဿံ ဝသိတွာန၊ နာထော ရာဇဂဟေ ပုရေ။
ဉာတိနံ သင်္ဂဟတ္ထာယ၊ အဂမံ ကပိလံ ပုရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
ပါဋိဟိရံ ဇိနော ကတွာ၊ နဘော ရတန ဇင်္ဂမေ။
သာကိယာနံ နရိန္ဒာနံ၊ အကရိ မာနမဒ္ဒနံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
သံသာရသာဂရာ လောကံ၊ သန္တရန္တော သဒေဝကံ။
သာဝတ္ထိနဂရေ ရမ္မေ၊ စိရကာလံ ဝသိ ဇိနော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
ကဏ္ဍမ္ဗရုက္ခမူလမှိ၊ ယမကံ ပါဋိဟာရိယံ။
ဒဿေတွာ တိတ္ထိယေ ဗုဒ္ဓော၊ ပလာပေသိ တဟိံ တဟိံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
ပဒါနုဝီတိဟာရေဟိ၊ တဟိံ ဒေဝိဿရံ ပုရံ။
ပါဋိဟီရာဝသာနမှိ၊ အဂမာပိ ဝရုတ္တမော။
ဂန္တွာ ပုရိန္ဒဘဝနံ၊ မဟန္တေ ပဏ္ဍုကမ္ဗလေ။
နိသိဒိ ခုဒ္ဒကံပိစ၊ ပတ္ထာရေ သိလာယတနေ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
တာဝတိံသေ ဝဿံ ဗုဒ္ဓော၊ သိလာယံ ပဏ္ဍုကမ္ဗလေ။
ပါရိဆတ္တကမူလမှိ၊ ဝိဟာသိ ပုရိသုတ္တမော။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
တိဒသိန္ဒပုရေ ဝဿံ ဝသိ၊ မာသတ္တယံ သတိ။
ဒေဝါနံ ဒေသယီ ဗုဒ္ဓော၊ အဘိဓမ္မ မနုတ္တရံ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
ဝုဋ္ဌဝဿော ပဝါရေတွာ၊ မဏိနိဿေနိနာမကော။
ပဝတ္တမာနေ သက္ကာရေ၊ မနုဿပထ မာဂမိ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
ဒေဝေါရောဟနကာလမှိ၊ အာနုဘာဝေ မဟေသိနော။
ပဿိံသု ယေ တဒါ သဗ္ဗေ၊ ဗုဒ္ဓတ္တံ ပတ္ထယိံသု တေ။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
သင်္ကဿနဂရဒွါရေ၊ ဓမ္မဗုဒ္ဓေန ဒေသိတေ။
ဗဟူနံ ဇနကာယာနံ၊ ဓမ္မာဘိသမယော အဟု။
ဧတေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။

ဝိဗ္ဘန္တံ မဒဝေဂေန၊ နာဠာဂိရိဂဇိဿရံ။
မေတ္တာသမေန သမ္ဗုဒ္ဓော၊ နိမ္မာနံ အကရ ဘူသံ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
ဝမကေ ဒေဝဒတ္တမှိ၊ ဃောရေ အင်္ဂုလိမာလကေ။
ဓနပါလေ ရာဟုလေစ၊ သဗ္ဗတ္ထသမမာနသော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
ယက္ခံ အာဠာဝကံ ဗုဒ္ဓေါ၊ ကူဒ္ဓိမံအတိကက္ခလံ။
ဝေနေယျညု ပဝိနေသိ၊ သောတာပတ္တိဖလုတ္တမေ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
နန္ဒောပနန္ဒဘောဂိန္တံ၊ ဥဂ္ဂတေဇံ မဟာဗ္ဗလံ။
ဒမေတွာ ဥဂ္ဂတေဇေန၊ သရဏေသု ဝိယောဇယိ။
တေန သစ္စဂဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
ဒေဝတာယေဃာတနတ္ထာယ၊ ဇနေ ပေသေသိ စာပိနော။
တေသံ အာဒိဖလံ ဒတွာ၊ အသံဒေသိ ဥတ္တမံ။
တေနသစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
မာဂဏ္ဍိတ္ထိမနာဒါယ၊ အက္ကောသေတိဗဟုဇနေ။
သမ္မေဟိဒသဝတ္ထုဟိ၊ တံ သဟာသိ နရုတ္တမော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
စတုဒိဿော ပသာဒေဟိ၊ ပဗ္ဗတောဝိယအကမ္ပနိယော။
အကမ္ပနိယော သမ္ဗုဒ္ဓေါ၊ လောကဓမ္မေဟိ အဋ္ဌဟိ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
ဓမ္မာဓိပတိနော ပါဒေ၊ ဖုလ္လပင်္ကဇရူပမေ။
ဒိသာ တေ သဗ္ဗသော သဗ္ဗေ၊ အယံ လောကော အသင်္ဂရော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
မုနိန္ဒော မူလဘာသာယ၊ ဓမ္မံ ဒေသေသိ ဥတ္တမေ။
တံ သုတွာ ပဋိပဇ္ဇန္တိ၊ သကဘာသာယ တေဇနာ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
သဒ္ဓမ္မဒေသနာကာလေ၊ ပိဋ္ဌိဘာဂမှိ နိသိန္နာ။
ပုဏ္ဏစန္ဒံဝ ဂဂနေ၊ မုခံ ဟသန္တိ သတ္ထုနော။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
အာဘာဝဂ္ဂါ နိသိန္နာသု၊ ပရိသာသု ဝိနာယကော။
စိတ္တေ ဂဟေတွာ ဒေသေသိ၊ ဓမ္မံ တေသံ ဝိသုံ ဝိသုံ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇေယျမင်္ဂလံ။
အစိန္တိယ ပဘာဝဿ၊ ဥတ္တမင်္ဂလံ မဟေသိနော။
ပဿိတုံ နေဝ သက္ကောန္တိ၊ ဗြဟ္မလောကဂတာ အပိ။

တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဗုဒ္ဓေါယံ ဒေသယီ ဓမ္မံ၊ အနုကမ္ပာယ ပါဏိနံ။
တံ သုတွာ ပဋိပဇ္ဇန္တိ၊ သမ္ဗုဒ္ဓက္ခာ ပမောစယာ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ညာတော သဗ္ဗတ္ထ သံဗုဒ္ဓေါ၊ သဒ္ဓမ္မော စတမောနုဒေါ။
သံဃော သုပ္ပဋိပန္နောစ၊ သန္တံ အဝိတထံ ဓုဝံ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဇာတိဒုက္ခပရေတာနံ၊ ဗုဒ္ဓါဒိရတနတ္တယံ။
သဗ္ဗဒါ သဗ္ဗပါဏိနံ၊ တာဏံ လေဏံ ပရာယနံ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။
ဇယန္တော ဗောဓိယာ မူလေ၊ သကျာနံ နန္ဒိဝဍ္ဎနော။
ဧဝမေဝ ဇယော ဟောတု၊ ဇယျဿု ဇယမင်္ဂလေ။
တေန သစ္စဝဇ္ဇေန၊ ဟောတု မေ ဇယမင်္ဂလံ။

မဟာဇယမင်္ဂလာ ၄၃ ဂါထာ၊ စာလုံးပေါင်း ၁၃၇၆ လုံး။ ရွှေပေငွေပေတွင်ရေး၍ ဌာပနာသွင်းလေ။

## သီရိဓမ္မသောကမင်းကြီးဂါထာ

အဒ္ဓံ နမာမိ ပရမာ အဂ္ဂိ၊ နမာမိ ဗုဒ္ဓတေဇေန။
ဗလေန ပရတေဇေန၊ ဇယျတု ဇယမင်္ဂလံ။
အဒ္ဓံ နမာမိ ပရမာ အဂ္ဂိ၊ နမာမိ ဓမ္မတေဇေန။
ဗလေန ပရတေဇေန၊ ဇယျတု ဇယမင်္ဂလံ။
အဒ္ဓံ နမာမိ ပရမာ အဂ္ဂိ၊ နမာမိ သံဃတေဇေန။
ဗလေန ပရတေဇေန၊ ဇယျတု ဇယမင်္ဂလံ။
သုဝေ ရာဇာ အန္တရာယာ ဝိနဿန္တု၊ ပက္ကမန္တု ကာမသိဒ္ဓိကာမကာနိ။
အဂ္ဂိဘယံ စောရဘယံ သီဟော သဗ္ဗောစ၊ သဗ္ဗအန္တရာယောပိ ဝိနဿန္တု အသေသတော။

## ဒုဋ္ဌဂါမဏိမင်းကြီး စေတီတည်သောအခါ ရဟန္တာတို့ရွတ်သောဂါထာ

တံ့ပိ သေဋ္ဌောတိလောကသ္မိံ၊ တံ့ပိ လောကေ မဟိဒ္ဓိကော။
လောကေဟိ မင်္ဂလံ သေဋ္ဌံ၊ လောကပါပပဝါဟနံ။
ပန္တျုဿဝယသုန္တရံ၊ ပုညကမ္မံကရောကတံ။
သာသနဒေဝရာဇာ၊ ဒုက္ခပမောစယ။
ဇရာဇာတိသမ္ဘသတ္တေသု၊ ယတ္တိမတ္တာဉပဇ္ဇယဝသတ္တိမမံ။
သဒ္ဓိဘဝန္တျုသာဝံ ကုန္နဥ္ဆ၊ ဝိရိယံ သစ္စံ မောက္ခံ နိဗ္ဗာနံ။
ကုဟာတံဒါနသီလဥ္ဆ၊ ပညာပုညတာကယံယဿတုပ္ပံ။

သီရိဝဏ္ဏံ သုခံ ရူပံ၊ စတုစေတနာယောယံ။
အဌဒေသနာယောယံ၊ ဒသစေတနာယောယံ။
ဣတ္ထိပူရိသာသစတုဇေယံ၊ စတုသာရံအဌဒိသံ။
အဌဇေယံ့အဌသာရံ၊ ဒသဒိသံဒသဇေယံ့။
သဒသာရံသမိဇ္ဈိန္တု၊ စန္ဒောယထာပရိပုဏ္ဏံ။
သမိဇ္ဈန္တုပရိပုရေန္တု၊ သဝန္တု မေ ဇေယျမင်္ဂလံ။

ဒုဋ္ဌဂါမဏိမင်းကြီး စေတီတော်ကိုတည်သောအခါ ရဟန္တာတို့ရွတ်သောဂါထာမြတ်ကို ငွေပေ ရွှေပေတွင်ရေး၍ ဌာပနာသွင်းရာ၏။

## နရပတိဇေယျသူသရဗ္ဗာယ်သောဂါထာ

ဗုဒ္ဓေါ နမာမိ၊ ဓမ္မော နမာမိ၊ သံဃော နမာမိ၊
ဗုဒ္ဓေါ မေ ရက္ခန္တု နိဗ္ဗု ဓမ္မော မေ ရက္ခန္တု နိဗ္ဗု၊
သံဃော မေ ရက္ခန္တု နိဗ္ဗု၊ အာယုဒီဃံ ဝရာဝရံ။
သဗ္ဗသုခံ သဗ္ဗသိဒ်ိ သဗ္ဗသိဒ္ဓိ၊ သမိဇ္ဈန္တု ပရိပူရေန္တု။
သိဒ်သိဒ်ိ သိဒ္ဓိ ဘဝန္တု သဗ္ဗဒါ။

နရပတိဇေယသူသရဗ္ဗာယ်သောဂါထာတည်း။ ။သည်ဂါထာကို ဣတိပိသောနှင့် ငွေပေ ရွှေပေ ကြေးနီပြားတွင်ရေး၍ ပန်းလည်တိုင်ရင်းတွင် ပတ်လေ။

## ပန်းလည်တိုင် အလယ်၌ ကွပ်ရသော ဂါထာ

ကတမေ ဓမ္မာ ကုသလာ၊ ယသ္မိံသမယေ ကာမာဝစရံ၊ ကုသလံ စိတ္တံ၊ ဥပ္ပန္နံ ဟောတိ၊ သောမနဿသဟဂတန္တိ၊ အာဒိနာနယေန၊ အာကာသဂင်္ဂံ သြတရန္တောဝိယ၊ နိရန္တရံ၊ ဘာဝတိံသဘဝနေ၊ ပဏ္ဏုကမ္ဗလာသီလာသနေ၊ ပါရိစ္ဆတ္တမူလမှိ၊ ဝရပလ္လင်္ကေ၊ အာဘုဇိတွာ၊ မာတရံ သက္ခိံကတွာ၊ ဒေဝါနံမဇ္ဈေ၊ အဘိဓမ္မပိဋကံ ဒေသေသိ ဘဂဝါ။

သည်ဂါထာကို ရွှေပေ ငွေပေတွင်ရေး၍ သင်္ကန္ဓာတော ပြင်ကရေး၍ ပန်းလည်တိုင် အလယ်ကွပ်လေ။

## ပန်းလည်တိုင်အဖျား၌ ကွပ်ရသောဂါထာ

ပဉ္စက္ခန္ဓာ၊ ရူပက္ခန္ဓော၊ ဝေဒနက္ခန္ဓော၊ သညာက္ခန္ဓော၊ သင်္ခါရက္ခန္ဓော၊ ဝိညာဏက္ခန္ဓော။ တတ္ထကတမော၊ ရူပက္ခန္ဓော၊ ယံကိဉ္စိရူပံ၊ အတိတာနာဂတ ပစ္စုပ္ပန္နံ အဇ္ဈတ္တံဝါ၊ ဗဟိဒ္ဓါဝါ၊ သြဠာရိကံဝါ၊ သုခုမံဝါ၊ ဟီနံဝါ၊ ပဏီတံဝါ၊ ယံဒုရေသန္တိကေဝါ၊ တဒေကဇ္ဈံ၊ အဘိ သညုဟိတွာ၊ အဘိသံခိပိတွာ၊ အယံဝုစ္စတိ၊ ရူပက္ခန္ဓော။

သည်ဂါထာကို ရွှေပေငွေပေတွင် အထဲကရေး။ သဗ္ဗုဒ္ဓေကို ပြင်ကရေး၍ ပန်းလည်တိုင်ဖျားတွင် ကွပ်လေ။

## ရှင်ဥပဂုတ်ဂါထာ

(၁) ဥပဂုတ္တော မဟာဝီရော၊ သမ္ဗုဒ္ဓေန ဝိယာကတော။
မာရဠ္ဌ မာရဗလဠ္ဌ၊ ဒမေဿတိ အနာဂတေ။
(၂) မမ သီသေ ပတိဋ္ဌိတော၊ မာရေန သုဏိတံ ကတ္ဝာ။
အန္တရာယာ ဝိနဿန္တု၊ အဟံ ဝန္ဒေ ဣဒါနေဝ။
(၃) ဥပဂုတ္တံ မဟိဒ္ဓိကံ၊ ရာဇတောဝ ဥပဒ္ဒဝမ္ပိစ။
သောကရောဂါ၊ ပရိတ္တံ ဒေဝမင်္ဂလံ။
(၄) ဥပဂုတ္တော မဟာထေရော၊ သမ္ဗုဒ္ဓေန ဝိယာကတော။
မာရဠ္ဌ မာရဗလဠ္ဌ၊ ဒမေဿတိ အနာဂတေ။
(၅) အာဂတော ဝါယော၊ ထေရော မာရေန ဇနိတံ။
သဗ္ဗအန္တရာယံ ဝိဓံသကံ၊ ယံ ယံ ဥပဒ္ဒဝံ ဇာတံ။
ဝိဓံသေတိ အသေသတော။
(၆) ဥပဂုတ္တော မဟာထေရော၊ သမ္ဗုဒ္ဓေန ဝိယာကတော။
မာရဠ္ဌ မာရဗလဠ္ဌ၊ ဒမေဿတိ အနာဂတေ။
ယံ ယံ ဥပဒ္ဒဝံဇာတံ၊ အန္တရာယာ ဝိနဿန္တု အသေသတော။
(၇) ဘန္တေ ဥပဂုတ္တော မဟာထေရော၊ အာဂတော နာဂတော။
ဒေဝရာဇာ သဗ္ဗဒုက္ခာပမုစ္စေတွာ၊ သဗ္ဗဇေယျမင်္ဂလာနိ ဘဝန္တု သဗ္ဗဒါ။

ရှင်ဥပဂုတ်ဂါထာကို ဆီ ၅ိ ခြည် ၁၀၈မျှင် ဆီမီးစာလုပ်၍ ခွက်တွင် ထည့်ပြီး ခုနစ်ရက် ရှိခိုး ရွတ်ပြီးလျှင် ရေချမ်းအိုးတလုံးကို ၄မျက်နှာ လေးပေါက်ဖောက်၍ ဆီမီးခွက်ကို အုပ်၍ ဆီမီးညှိရမည်။ ကိုးကွယ်ခြင်းမှာ ရှေးထုံးကဲ့သို့ ပူဇော် ကိုးကွယ်လေ။ ရှာလယ် တည့်တည့်။ ခပ်သိမ်းသောဘေးဒဏ်ရန် မာန်အန္တရာယ်အပေါင်း ကင်းရာ၏။ လေကြီး မိုးကြီး ဘေးလွတ်သော ဂါထာတည်း။

## စိန္တာမဏိဂါထာ

အိန္ဒမော အနန္တကောဋိကပ္ပေ၊ သဗ္ဗညုတဉာဏံ စိန္တိတိစိန္တော။
သဗ္ဗ ဒေဝါယာသင်္ဂမော၊ သောမနသော မနောဟာရော။
စိန္တော စိန္တနံ စိန္တိတိစိန္တော၊ ဘူမိပဒေသေ စိန္တောစိန္တတိ။
တြိဘူမိရတိ စိန္တောစိန္တတိ၊ သတ္တလောကံ စိန္တောစိန္တတိ။
ဩကာသလောကံ စိန္တောစိန္တတိ၊ သင်္ခါရလောကံ စိန္တောစိန္တတိ။
နာမရူပံ စိန္တောစိန္တတိ၊ သုခံ ဒုက္ခံ အဒုက္ခမသုခံ စိန္တော စိန္တတိ။
ကုသလာ ကုသလံ အဗျာကတံ စိန္တော စိန္တတိ၊ စိတ္တံ စေတသိကံ ရူပံ။
နိဗ္ဗာနံ စိန္တောစိန္တတိ၊ မဂ္ဂဖလံ စိန္တောစိန္တတိ။
ဈာနံ ဈာနင်္ဂံ စိန္တောစိန္တတိ၊ နိရောဓံ နိရောဓ သမာပန္နံ စိန္တောစိန္တတိ။

အရဟတ္တံ အရဟတ္တမဂ္ဂံ စိန္တေတိစိန္တေ္တာ၊ သတ္တဓမ္မသတ္တဗောဇ္ဈင်္ဂံ စိန္တေတိစိန္တေ္တာ။
အရိယံ အဋ္ဌင်္ဂိကံမဂ္ဂံ စိန္တေတိစိန္တေ္တာ၊ စတုရောဓမ္မံ စိန္တေတိစိန္တေ္တာ။
စတ္တာရိဣဒ္ဓိပါဒါနိ စိန္တေတိစိန္တေ္တာ၊ ပဋိသမ္ဘိဒါမဂ္ဂေ စိန္တေတိစိန္တေ္တာ။
စတ္တာရိပဋိသမ္ဘိဒါမဂ္ဂါနိ စိန္တေတိစိန္တေ္တာ၊ စတ္တာရိ အရိယသစ္စာနိ စိန္တေတိစိန္တေ္တာ။
အဝိဇ္ဇာသု အဝိဇ္ဇာဘာဂိယေသု စိန္တေတိစိန္တေ္တာ၊ ဝိမုတ္တိဉာဏေသု စိန္တေတိစိန္တေ္တာ။
ပုဗ္ဗေနိဝါသ၊ ဒိဗ္ဗစက္ခု၊ အာသဝက္ခယ ဉာဏေသု စိန္တေတိစိန္တေ္တာ။
လောကိယ လောကုတ္တရဉာဏေသု စိန္တေတိစိန္တေ္တာ၊ ကဗဋ္ဌိကာရာဟာရေသု
စိန္တေတိစိန္တေ္တာ။
အဇ္ဈတ္တဓမ္မ ပရမတ္ထဓမ္မေသု စိန္တေတိစိန္တေ္တာ၊ ကုတ္တိဘာဝ ပုဗ္ဗာဝေသု စိန္တေတိစိန္တေ္တာ။
ပဥ္စကာမဂုဏေသု စိန္တေတိစိန္တေ္တာ၊ အပ္ပက ဗဟုကေသု စိန္တေတိစိန္တေ္တာ။
အတိဘာနာဂတ ပစ္စုပ္ပန္နေသု စိန္တေတိစိန္တေ္တာ၊ သဗ္ဗဇာနစိတ္တေသု စိန္တေတိစိန္တေ္တာ။
စိန္တနမတ္တေန တေနမနောဟာရေန၊ သဗ္ဗကာမပူရဏံ မဏိရတနံဝိယ။
ဂရုဂါရဝါဒိဝသေန သဇ္ဈာယန္တာနံ၊ သဗ္ဗကာမပူရဏော ပဝရော။
အယံမန္တော စိန္တာမဏိယော နာမာတိ၊ သမ္မာသမ္ဗုဒ္ဓေန ဒေသိတော။
ကုစ္စေတံ ကုတိ စိန္တာမဏိရတနံ၊ အာသနံ အာသနေ တိဋ္ဌတုဒီပါယဒီပါယ။
ဝသာယ ဝသာယ ဒဒါတု ဒဒါတု၊ အယံမန္တာ မံပါလေန္တု ဟုလုဟုလု
သွာဟာယျကာမ်။

**ညွှန်းကား**။ ဩံ နမောအနန္တကောဋိကပ္ပေ သဗ္ဗညုတဉာဏံ သဗ္ဗဒေဝဂဏော။
စိန္တော စိန္တာမဏိယော၊ မံ သံဂြဟိတေ အတုလျဂုဏဝရဓမ္မော။
သဗ္ဗကာမပယောဂပူရဏော၊ စိန္တာမဏိ ပြသိဒ္ဓေါပဝရော။
တြိဘူဝနသွာရော သုဂတော၊ သဗ္ဗဝေရီနံ နိဝါရဏော။
အကာလမရဏနိဝါရဏော၊ မတျုဝဉ္စနာ ဒီဃာယုကော။
သိဒ္ဓိကာရော ပုညဝန္တော၊ မဟာတေဇော မဟာယသော ဘဂ္ဂဝန္တော။
ဒိဋ္ဌဓမ္မဝေဒနိယဘူတော၊ အရိယဖလဝရဓမ္မော။
အနန္တနန္တသမ္မာသမ္ဗုဒ္ဓေါ၊ ဗိသုဒ္ဒေဝေါ နရာသဘော။
ပရမေသွာရော မဟာဒေဝေါ၊ ဂဏပတ္တော ကုန္တော ဗြဟ္မာ။
မဟေသွာရော ဘုမ္မိဝသုန္ဓရော၊ မဥ္ဇုသိရိယော မဏိမေခလော။
အာကာသဒေဝေါ ရုက္ခဒေဝေါ၊ နာဂေါ သုပဏ္ဏော ဂန္ဓဗ္ဗော။
စတုလောကပါလော သူရိယော၊ စန္ဒိမာ နက္ခတ္တတာရော။
ဟိမဝန္တော သိနေရု ပဗ္ဗတော၊ စက္ကဝါဠသီလုစ္စယော သတ္တပဗ္ဗတော။
ဂင်္ဂါ၊ ယမုနာ၊ အစိရဝတီ၊ မဟီ၊ သရဘူ၊ ဇမ္ဗုရုက္ခော၊ ကဒမ္ဗော ကပ္ပရုက္ခော၊
သီရိသော ပါတလီ၊ သိမ္ဗလီ၊ ပါရိဆတ္တကော၊ ဆဒ္ဒန္တော၊ ရောဝဏော ဥသ
ဘော၊ သီရိကော၊ ဝေပုလ္လပဗ္ဗတော၊ မနောဟာရော၊ စိန္တနမန္တော၊ စိန္တာမဏိ
ယော၊ ကုစ္စေတံ၊ အာသနံ၊ တိဋ္ဌတု တိဋ္ဌတု၊ ဒီပါယ ဒီပါယ၊ ဝသာယ ဝသာသ၊
ဒဒါတုဒဒါတု၊ စိန္တာမဏိရတနံ၊ ပါလေန္တု ဟုလု ဟုလု သွာဟာယျ သွာဟာ။

အနန္တကောဋ္ဌိကပ္ပေ၊ အတိုင်းမရှိသောကမ္ဘာကုဋေ္ဌဖြစ်သော သဝိညာဏကသင်္ခါရ အဝိညာဏက သင်္ခါရကို။ သဗ္ဗညုတညာဏံ၊ သဗ္ဗညုတညာဏ်တော်ဖြင့်။ စိန္တေ၁၊ သိတော်မူသောမြတ်စွာဘုရားသည်။ စိန္တတိ၊ ဇာနာတိ၊ သိတော်မူ၏။ သဗ္ဗာဃ၊ အလုံးစုံသော။ ဒေဝါယ၊ နတ်အပေါင်း၏။ သင်္ဂမော၊ ဆည်းကပ်ရာလည်းဖြစ်ထသော။ သောမနသော၊ ကိလေသာတည်းဟူသော အညစ်အကြေးလည်းကင်းသည်ဖြစ်၍ ဖြူစင်စွာသော နှလုံးတော်လည်းရှိထသော။ မနောပဟာရော၊ သတ္တဝါတို့၏နှလုံးအလိုကို ဆောင်တော်မူတတ်ထသော။ စိန္တေ၁၊ သဗ္ဗညုတညာဏ်၏တည်ရာလည်းဖြစ်တော်မူတတ်ထသော။ စိန္တေ၁။ သူတပါး၏စိတ်ကိုပိုင်း၍ သိတော်မူတတ်ထသော မြတ်စွာဘုရားသည်။ စိန္တနံ၊ သတ္တဝါတို့၏စိတ်ကို။ စိန္တတိ၊ ဇာနာတိ၊ သိတော်မူ၏။ ဘုမိပဒေသေ၊ သတ္တဝါ၏တည်ရာဖြစ်သောဘုံ၌။ စိန္တေ၁၊ မြတ်စွာဘုရားသည်။ စိန္တတိ၊ သိတော်မူ၏။ တြိဘုမိယတိ၊ ကာမဘုံ ရူပဘုံ အရူပဘုံ တည်းဟူသော သုံးပါးသောဘုံတို့၌ဖြစ်သောသတ္တဝါတို့၏ ဇာန္ဒြေရင့်သည်မရင့်သည်ကို။ စိန္တေ၁၊ မြတ်စွာဘုရားသည်။ စိန္တတိ၊ သိတော်မူ၏။ သတ္တလောကံ၊ သတ္တဝါတို့၏အဖြစ်အပျက်ကိုလည်း။ စိန္တေ၁၊ သည်။ စိန္တတိ၊ ၏။ သြကာသလောကံ၊ ဘုံသုံးပါးတို့၏အဖြစ်အပျက်ကိုလည်း။ စိန္တေ၁၊ သည်။ စိန္တတိ၊ ၏။ သင်္ခါရလောကံ၊ စတုဘူမိကသင်္ခါရတရားတို့၏အဖြစ်အပျက်ကိုလည်း။ စိန္တေ၁၊ သည်။ စိန္တတိ၊ ၏။ နာမရူပံ၊ နာမ်ရုပ်တရားကိုလည်း။ စိန္တေ၁၊ သည်။ စိန္တတိ၊ ၏။ သုခံ၊ သုခဝေဒနာကိုလည်းကောင်း။ ဒုက္ခံ၊ ဒုက္ခဝေဒနာကိုလည်းကောင်း။ အဒုက္ခမသုခံ၊ ဥပေက္ခာဝေဒနာကိုလည်းကောင်း။ စိန္တေ၁၊ သည်။ စိန္တတိ၊ ၏။ ကုသလံ၊ ကုသိုလ်ကိုလည်းကောင်း။ အကုသလံ၊ အကုသိုလ်ကိုလည်းကောင်း။ အဗျာကတံ၊ အဗျာကတ တရားကိုလည်းကောင်း။စိန္တေ၁၊သည်၊စိန္တတိ၊ ၏။စိတ္တံ၊အကျဉ်းအားဖြင့် ရှစ်ဆယ်ကိုးအကျယ်အားဖြင့် ၁၂၁ပါးသောစိတ်ကိုလည်းကောင်း။ စေတသိကံ၊ ၅၂ ခုသော စေတသိက်ကိုလည်းကောင်း။ ရူပံ၊ နှစ်ဆယ့်ရှစ်ခုသောရုပ်ကိုလည်းကောင်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကိုလည်းကောင်း။ စိန္တေ၁၊ သည်။ စိန္တတိ၊ ၏။ မဂ္ဂဖလံ၊ သောတာပတ္တိမဂ်ဖိုလ်၊ သကဒါဂါမိမဂ်ဖိုလ်၊ အနာဂါမိမဂ်ဖိုလ်၊ အရဟတ္တမဂ်ဖိုလ်ကိုလည်းကောင်း။ စိန္တေ၁၊ သည်။ စိန္တတိ၊ ၏။ ဈာနံ၊ ငါးပါးသောဈာန်တရားကိုလည်းကောင်း။ ဈာနင်္ဂံ၊ ဈာန်တရားငါးပါးဈာန်အင်္ဂါကိုလည်းကောင်း။ စိန္တေ၁၊ သည်။ စိန္တတိ၊ ၏။ နိရောဓံ၊ နိရောဓသမာပတ်ကိုလည်းကောင်း။ နိရောဓသမာပန္နံ၊ နိရောဓသမာပတ်ဝင်သော ပုဂ္ဂိုလ်ကိုလည်းကောင်း။ စိန္တေ၁၊ သည်။ စိန္တတိ၊ ၏။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကိုလည်းကောင်း။ အရဟတ္တမဂ္ဂံ၊ အရဟတ္တမဂ်ကိုလည်းကောင်း။ စိန္တေ၁၊ သည်။ စိန္တတိ၊ ၏။ သတ္တဓမ္မံ၊ အဘိဓမ္မာ ၇ ကျမ်းကိုလည်းကောင်း။ သတ္တဗောဇ္ဈင်္ဂံ၊ ၇ ပါးသော ဗောဇ္ဈင်တရားကိုလည်းကောင်း။ စိန္တေ၁၊ သည်။ စိန္တတိ၊ ၏။ အနရိယံ၊ အပြစ်မရှိသော။ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ မဂ္ဂံ၊ မဂ်တရားကို။ စိန္တေ၁၊ သည်။ စိန္တတိ၊ ၏။ စတုရောဓမ္မံ၊ လေးပါးသောတရားကိုလည်း။ စိန္တေ၁၊ သည်။ စိန္တတိ၊ ၏။ စတ္တာရိဣဒ္ဓိပါဒါနိ၊ လေးပါးသောဣဒ္ဓိပါဒ်တရားကိုလည်း။ စိန္တေ၁၊ သည်။ စိန္တတိ၊ ၏၊ ပဋိသမ္ဘိဒါမဂ္ဂော၊ ပဋိသမ္ဘိဒါမဂ်တရား၏ တည်ရာဖြစ်သော အကြောင်းကိုလည်း။ စိန္တေ၁ သည်။ စိန္တတိ၊ ၏။ စတ္တာရိ ပဋိသမ္ဘိဒါမဂ္ဂါနိ၊ အတ္ထပဋိသမ္ဘိဒါ ဓမ္မပဋိသမ္ဘိဒါ နိရုတ္တိပဋိသမ္ဘိဒါ ပဋိဘာဏပဋိသမ္ဘိဒါတည်းဟူသော လေးပါးသော ပဋိသမ္ဘိဒါတရား တို့ကိုလည်း။

စိန္တေ ၁၊ သည်။ စိန္တတိ၊ ၏။ စတ္တာရိ၊ လေးပါးသော။ အရိယသစ္စာနိ၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ တည်းဟူသော သစ္စာလေးပါးတရားတို့ကို။ စိန္တေ ၁၊ သည်။ စိန္တတိ၊ ၏။ အဝိဇ္ဇာသု၊ အဝိဇ္ဇာတို့၌။ အဝိဇ္ဇာဘာဂိယေျသု၊ အဝိဇ္ဇာ၏ အဖို့တို့လည်းကောင်း၊ စိန္တေ ၁၊ သည်။ စိန္တတိ၊ ၏။ ဝိမုတ္တိညာဏေသု၊ ဝိမုတ္တိညာဏ်တို့၌။ စိန္တေ ၁သည်။ စိန္တတိ၊ ၏။ ပုဗ္ဗေနိဝါသ ဒိဗ္ဗစက္ခု အာသဝက္ခယ ညာဏေသု။ လ။ ညာဏ်တို့၌လည်းကောင်း။ စိန္တေ ၁၊ သည်။ စိန္တတိ၊၏။ လောကိယလောကုတ္တရညာဏေသု။ လောကီဖြစ်သော သဗ္ဗညုတညာဏ် လောကုတ္တရာဖြစ်သောမဂ်ညာဏ် ဖိုလ်ညာဏ်တို့၌။ စိန္တေ ၁၊ သည်။ စိန္တတိ။ ၏။ကဗဠီကာဟာရေသု၊ အလုတ်အလွေး၌ ပါသော သြဇာတို့၌လည်း။ စိန္တေ ၁၊ သည်။ စိန္တတိ၊ ၏။ အတ္တဓမ္မ ပရမတ္ထ ဓမ္မေသု၊ ပညတ္တိဓမ္မ ပရမတ္ထဓမ္မတို့၌လည်း။ စိန္တေ ၁၊ သည်။ စိန္တတိ၊ ၏။ ဠတ္ထိဘာဝ ပုမ္ဘာဝေသု။ ဠတ္ထိဘော ပုံဘောတို့၌လည်း။ စိန္တေ ၁၊ သည်။ စိန္တတိ၊ ၏။ ပဉ္စကာမဂုဏေသု၊ ငါးပါးသော ကာမဂုံတို့၌လည်း။ စိန္တေ ၁၊ သည်။ စိန္တတိ၊ ၏။ အပ္ပက ဗဟုကေသု၊ နည်းသောသတ္တဝါ များသော သတ္တဝါတို့၌လည်း။ စိန္တေ ၁၊ သည်။ စိန္တတိ၊ ၏။ အတီတာ နာဂတ ပစ္စုပ္ပန္နေသု၊ အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော သတ္တဝါတို့၌လည်း။ စိန္တေ ၁၊ သည်။ စိန္တတိ။ ၏။ သဗ္ဗဇနစိတ္တေသု၊ ခပ်သိမ်းသော သတ္တဝါတို့၏ စိတ်တို့၌လည်း။ စိန္တေ ၁၊ သည်။ စိန္တတိ။ ၏။ စိန္တနမတ္တေန၊ ကြံကာမျှသော။ ဧတေနမနောဟာရေန၊ ဤသို့သော နှလုံး၏ အလိုကို ဆောင်တတ်သောအားဖြင့်။ သဗ္ဗကာမပူရဏံ၊ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏ အလိုကို ပြည့်စုံစေတတ်သော။ မဏိရတနံဝိယ၊ စိန္တာမဏိပတ္တမြားရတနာကဲ့သို့။ ဂရုဂါရဝါဒိဝသေန၊ ရိုသေလေးမြတ် ပူဇော်ခြင်းစသော အစွမ်းအားဖြင့်။ သဇ္ဈာယန္တာနံ၊ သရဇ္ဈာယ်အပ်ကုန်သော သူတို့အား။ သဗ္ဗကာမပူရဏော၊ ခပ်သိမ်းသော ဘေးဥပဒ္ဒဝေါ ကင်းခြင်း တည်းဟူသော အလို ဘုန်းကျက်သရေတက်ခြင်း၊ စည်းစိမ်ချမ်းသာ ပြန့်ပြောခြင်းတည်းဟူသော အလိုကို ပြည့်စေတတ်သော။ ပဝရော၊ မြတ်စွာထသော။ အယံမန္တော၊ အကြင်မန္တရားကို။ စိန္တမဏိယောနာမာတိ၊ စိန္တမဏိမန္တန်ဟူ၍။ သမ္ဗုသမ္ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဒေသိတော၊ ဟောတော်မူ၏။ ဠစ္စေတံ၊ ဠတိဧတံ၊ ဤသို့ဟောတော်မူအပ်သော စိန္တာမဏိမန္တန်မြတ်သည်။ မေ၊ ငါ၏။ အာသနံအာသနေ၊ နေရာ၌။ ဒီပါယ၊ ဆီမီးကဲ့သို့ ထွန်းပသည်ဖြစ်၍။ တိဋ္ဌတု၊ တည်စေသတည်း။ ဝသာယ၊ အလိုနှင့်လျော်စွာ။ ဒဒါတု၊ ပေးစေသတည်း။ သွာဟာ၊ ပညာရှိ တကာသူမြတ်တို့၏ လေ့လာအားရ ချီးမွမ်းအပ်သော။ အယံမန္တာ၊ ဤမန္တရားမြတ်သည်။ ဟုလုဟုလု၊ အဖန်တလဲလဲ နှလုံးထဲ၌ အမြဲတည်သည်ဖြစ်၍။ မံ၊ ငါတို့ကို။ပါလေန္တု၊ စောင့်ရှောက်စေကုန်သတည်း။

အံ့၊ အလွန်တရာ များလှစွာသော စီးပွားချမ်းသာ အသက်ရှည်စွာ တည်ခြင်းသည်။ နမောနမကာရ နဘာဝေန၊ ရိုသေလေးမြတ် ရှိခိုးရသော နဘော်အားဖြင့်။ ဟောတုဘဝတု၊ ဖြစ်စေသတည်း။ ။အနန္တကောဋိကပ္ပေ၊ အတိုင်းမရှိသော ကမ္ဘာအကုဋေ၌ဖြစ်သော။ သဗ္ဗညုတညာနံ၊ သဗ္ဗညုတညာဏ်၏တည်ရာလည်း ဖြစ်တော်မူထသော။ သဗ္ဗဒေဝေ ဂဏော၊ ခပ်သိမ်းသောနတ်တို့ကို။ စိန္တေ ၁၊ သိတော်မူအပ်သော မြတ်စွာဘုရားသည်။ မံ၊ ငါ့ကို။ သံဂြဟိတော၊ ကောင်းစွာစောင့်ရှောက် မစတတ်ထသော မြတ်စွာဘုရားသည်။ စိန္တာမုနိယော၊ ခပ်သိမ်းသောလူတို့၏ စိတ်ကိုသိတော်မူတတ်ထသော။ အတုလျဂုဏဝရဓမ္မော၊ အတုမရှိသည်

ဖြစ်၍ များစွာသောဂုဏ်တော်၏ တည်ရာလည်းဖြစ်တော်မူတတ်ထသော။ သဗ္ဗကာမပယောဂပူရဏော၊ ခပ်သိမ်းသောအလိုကို ဖြည့်တတ်ထသော။ စိန္တာမဏိ၊ ကြံတိုင်းအောင်သော စိတ်၏အလိုကို။ ပြသိဒ္ဓေ၊ ပြီးစေတတ်ထသော။ ပဝရော၊ မြတ်စွာထသော။ တြိဘုဝနသဒ္ဓာရော၊ ဘုံသုံးပါး၌ဖြစ်သော သူတို့သည် အဖန်တလဲလဲ အမြဲဆည်းကပ်ထသော။ သုဂတော၊ ကောင်းသောသွားခြင်း ရှိတော်မူတတ်ထသော။ သဗ္ဗဝေရီနံ၊ ခပ်သိမ်းသောရန်သူအပေါင်းတို့ကို။ နိဝါရဏော၊ မြစ်ပေလတ့်သော။ အကာလမရဏနိဝါရဏော၊ ဥပပိဠကာ၊ ဥပစ္ဆေဒကာ၊ ဥပဃာတက ကံအပေါင်းတို့ဖြင့် သေခြင်းကိုတားမြစ်တတ်ထသော။ မတျုဝဉ္စနာ၊ သေမင်း၏စစ်သည်ကို နှိမ်နိုင်တတ်ထသော။ ဒီဃာယုကော၊ ရှည်သောအသက်တော်လည်း ရှိတတ်ထသော။ သိဒ္ဓိကာရော၊ လိုအပ်သောအကျိုး၏ ပြီးစီးခြင်းကို ပြုပေတတ်ထသော။ ပုညဝန္တော၊ သဗ္ဗညုတညာဏ်၏ တည်ရာလည်း ဖြစ်တော်မူတတ်ထသော။ မဟာတေဇော၊ ကြီးစွာသော တန်ခိုးလည်းရှိထသော။ မဟာယသော၊ များသောအခြံအရံနှင့်လည်း ပြည့်စုံတော်မူထသော။ ဘဂဝန္တော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်တော်မူထသော။ ဒိဋ္ဌဓမ္မဝေဒနိယဘူတော၊ မျက်မှောက်သောကိုယ်၏အဖြစ်၌ ခံစားအပ်သော။ အရိယဖလဝရဓမ္မော၊ မြတ်သောအရဟတ္တဖိုလ်ကိုလည်း ဆောင်တော်မူတတ်ထသော။ အနန္တသမ္မာသမ္ဗုဒ္ဓေ၊ အတိုင်းမရှိသော မြတ်စွာဘုရားသည်လည်းကောင်း။ နရာသဘော၊ လူတို့ထက်မြတ်တော်မူထသော။ ဝိသုဒေဝေါ၊ ဝိသုဒေဝနတ်လည်းကောင်း။ မဟာဒေဝေါ၊ ကြီးမြတ်သောနတ်လည်းကောင်း။ ပရမေသွာရော၊ ပရမေသူရိန်လည်းကောင်း။ ဂဏပတ္တော၊ ဖုတ်မလွှတ်နတ်အပေါင်းကို အစိုးရသောကိုယ်၏အဖြစ်သို့ရောက်သော။ မဟေသွရော၊ ကြီးမြတ်သော အစိုးရခြင်းရှိသော။ ဣန္ဒော၊ သိကြားမင်းလည်းကောင်း။ ဗြဟ္မာစ၊ ဗြဟ္မာလည်းကောင်း။ ဘုမ္မိဝသုန္ဓရော၊ ဘုမ္မဇိုးနတ်လည်းကောင်း။ မဋ္ဌုသရိယော၊ မဋ္ဌုသာရကိုစောင့်သော နတ်လည်းကောင်း။ မဏိမေခလော၊ သမုဒ္ဒရာကို စောင့်သော မဏိမေခလာ နတ်လည်းကောင်း။ အာကာသဒေဝေါ၊ အာကာသဇိုး နတ်လည်းကောင်း။ ရုက္ခဒေဝေါ၊ ရုက္ခစိုးနတ်လည်းကောင်း။ နာဂေါ၊ နဂါးလည်းကောင်း။ သုပဏ္ဏော၊ ဂဠုန်လည်းကောင်း။ ဂန္ဓဗ္ဗော၊ ဂန္ဓဗ္ဗနတ်လည်းကောင်း။ စတုလောကပါလော၊ စတုလောကပါလနတ် လည်းကောင်း။ သူရိယော၊ နေနတ်သားလည်းကောင်း။ စန္ဒိမာ၊ လနတ်သားလည်းကောင်း။ နက္ခတ္တတာရော၊ နက္ခတ်သတ္တဗီသ၌တည်သော နတ်လည်းကောင်း။ ဟိမဝန္တော၊ ဟိမဝန္တောစောင့်သော နတ်လည်းကောင်း။ သိနေရုပဗ္ဗကော၊ မြင့်မိုရ်တောင်၌ စောင့်သောနတ်လည်းကောင်း။ စက္ကဝါဠသိလုစ္စယော၊ စကြဝဠာတိုက်၌ စောင့်သောနတ်လည်းကောင်း။ သတ္တပဗ္ဗတော၊ သတ္တရဘန်တောင်စဉ်ခုနစ်ထပ်၌စောင့်သောနတ်လည်းကောင်း။ ဂင်္ဂါ၊ ဂင်္ဂါ၌စောင့်သောနတ်လည်းကောင်း။ ယမုနာ၊ ယမုနာမြစ်၌စောင့်သောနတ်လည်းကောင်း။ အစီရဝတီ၊ အစီရဝတီမြစ်၌စောင့်သောနတ်လည်းကောင်း။ မဟီစ၊ မဟီမြစ်၌စောင့်သောနတ်လည်းကောင်း။ သရဘူစ၊ သရဘူမြစ်၌စောင့်သောနတ်လည်းကောင်း။ ဇမ္ဗုရုက္ခော၊ ဇမ္ဗုသပြေပင်စောင့်သောနတ်လည်းကောင်း။ ကဒမ္ဗော၊ ထိမ်ပင်၌စောင့်သောနတ်လည်းကောင်း။ ကပ္ပရုက္ခော၊ ပဒေသာပင်၌စောင့်သောနတ်လည်းကောင်း။ သီရိသကော၊ ကုက္ကိုပင်၌စောင့်သောနတ်လည်းကောင်း။ ပါတလိ၊ သခွပ်ပင်၌စောင့်သောနတ်လည်းကောင်း။ သိမ္ဗလိ၊ လက်ပံပင်၌စောင့်သော နတ်လည်းကောင်း။

ပါရိဆတ္တကော၊ ပင့်လယ်ကသစ်ပင်၌ စောင့်သောနတ်လည်းကောင်း။ ဆဒ္ဒန္တော၊ ဆဒ္ဒန်အိုင်၌ စောင့်သောနတ်လည်းကောင်း။ ရောဝဏော၊ ရောဝဏ်နတ်လည်းကောင်း။ ဥသဘော၊ နွားလားဥသဘလည်းကောင်း။ သီရိကော၊ အတိုင်းမသိသောစည်းစိမ်ချမ်းသာကိုပေးတတ်သော။ ဝေပုလ္လပဗ္ဗတော၊ ဝေပုလ္လတောင်၌ဖြစ်သော။ မနောဟာရော၊ နှလုံးအလိုကိုဆောင်တတ်သော။ စိန္တနမန္တော၊ စိန္တာမဏိပတ္တမြားကဲ့သို့။ မနောဟာရော၊ နှလုံးအလိုကိုဆောင်တတ်သော။ စိန္တာမဏိယော၊ စိန္တာမဏိမန္တန်သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဣစ္ဆေတံ၊ ဣတိတော် စိန္တာမဏိရတနံ၊ စိန္တာမဏိပတ္တမြားကဲ့သို့ ခပ်သိမ်းသောအလိုကိုပြည့်စုံစေတတ်သော ဤမန္တန်မြတ်သည်။ မေ၊ ငါ၏။ အာသန်အာသနေ၊ နေရာ၌။ ဒီပါယဒီပါယ၊ ဆီမီးကဲ့သို့ ထွန်းပသည်ဖြစ်၍။ တိဌတု၊ တည်ခစေသတည်း။ ဝသာယ၊ အလိုနှင့်လျော်စွာ။ ဒဒါတု၊ ပေးစေသတည်း။ သွာဟု၊ ပညာရှိတကာသူမြတ်တို့သည် လေ့လာအားရချီးမွမ်းတတ်ထသော။ သွာဟု၊ မကောင်းသောဘေးဥပဒ္ဒဝေါဘိုကို ဖျောက်တတ်ပေသော။ အယံမန္တော၊ ဤမန္တရားမြတ်သည်။ ဟုလုဟုလု၊ အဖန်ဘလဲလဲ နှလုံးထဲ၌ အမြဲတည်သည်ဖြစ်၍။ မံ၊ ငါ့ကို။ ပါလေန္တု၊ အစဉ်နိစ္စစောင့်ရှောက်မ စေကုန်သတည်း။ ။စိန္တာမဏိဂါထာအနက်တည်း။ ပိသုကာကျမ်း စေတီကိစ္စပြီး၏။ ။စိရံတိဌတု။

## အိမ်ကျောင်းလက္ခဏာ

သစ်ရပ်ပခုံးထမ်းရွှေကို။ ဟတ္ထပန္နာ၊ တောင်ကိုဖွဲ့၍။ တရိကဏ္ဏိတံ၊ သုံးမိုက်နှင့်မြောက်။ သတ္တဘာဂေ၊ ၇ ခုနှင့်စား။ တံသေသံ၊ ထိုစားကြွင်းသည်။ ဂေဟဥ္စ ဝိဟာရေ၊ အိမ်ကျောင်း၏ လက္ခဏာတည်း။

ဧကော ဒုက္ခော၊ ဒွေ ဇေယျော။
တြိ ဒဏ္ဍော၊ စတု လာဘော၊ ပဥ္စ မရဏံ။
ဆ သုခမေဝ၊ သုညံ မရဏံ ဘဝေ။

ဧကော၊ ၁ ခု ကြွင်းမူကား။ ဒုက္ခော၊ ဆင်းရဲ၏။ ဒွေ၊ ၂ ခု ကြွင်းမူကား။ ဇေယျော၊ အောင်မြင်၏။ တြိ၊ သုံးခုကြွင်းမူကား။ ဒဏ္ဍော၊ ဒဏ်သင့်၏။ စတု၊ လေးခု ကြွင်းမူကား။ လာဘော၊ လပ်ရွှင်၏။ ပဥ္စ၊ ငါးခုကြွင်းမူကား။ မရဏံ၊ သေ၏။ ဆ၊ ခြောက်ခု ကြွင်းမူကား။ သုခမေဝ၊ ချမ်းသာကြီးစွာ၏။ သုံညံ၊ သုန်းမူကား။ မရဏံ၊ သေ၏။

## သစ်ရပ်စားနည်း

"အောင် ပ ဝယ်သည်နှစ်၊ ၄ စစ် ဝယ် သည် လည်၊ အောင် ထွေ လည်းကောင်း၊ ထသည်ပြင် မတင်ကျ"။ အောင် ၁ နွေ။ ပ ကြာသပတေး။ ထိုနှစ်ရက်သားကို။ ၂ ခု ကြွင်း သင့်ရာ၏။ ၄ ၂ လာ၊ စစ် အင်္ဂါ။ ဝယ် ၄ ဟူး။ သည် ၆ ကြာ။ ထိုလေးရက်သားကို ၄ ခု ကြွင်း သင့်ရာ၏။ အောင် ၁ နွေ။ ထွေ စနေ။ ထိုနှစ်ရက်သားကို ၆ ခု ကြွင်း သင့်ရာ၏။ သစ်ရပ်စားကိုဆိုသည်။

## ထုပ်လျှောက်စား အကြွင်းဟော

ထုပ်လျှောက်ကို။ ဟတ္ထံဗန္ဓ၊ တောင်ဖွဲ့၍။ နိသိကတ္ဝာ၊ ပေါင်း၍ရှေ့ပြီးမှ။ တြိကုဏ္ဏိတံ ၃ မိုက်နှင့်မြှောက်။ အဋ္ဌပါကော၊ ၈ ခုစား။ တံသေသံ၊ ထိုစားကြွင်းသည်။ ဂေဟာဥ္စဝိဟာရေ အိမ်ကျောင်း၏ လက္ခာတည်း။

ဓေကော ဓဇော ဝါဏိဇ္ဇော၊
ဒွေ့ ဓူမော သမဏဗြာဟ္မဏော။
တြိ သီဟော ရာဇဂေဟော၊
စတု သောနော လုဒ္ဒကော။
ပ ဥ္စဂေါဏာ ဒလိဒ္ဒော၊
ဆ ဂဒြဘော သေဋ္ဌိနော။
သတ္တ ဂဇော ဓနိယော၊
သုညံ ကာကော သောဘိနီ။

ဓေကော၊ ၁ ခုကြွင်းမူ။ ဓဇော၊ တံခွန်သင့်၏။ ဝါဏိဇ္ဇော၊ ကုန်သည်နေရာတည်း။ ဒွေ၊ ၂ ခုကြွင်းမူ။ ဓူမော၊ အခိုးသင့်၏။ သမဏဗြာဟ္မဏော၊ ရဟန်းပုဏ္ဏားနေရာတည်း။ တြိ၊ ၃ ခုကြွင်းမူ။ သီဟော၊ ခြင်္သေ့သင့်၏။ ရာဇဂေဟော၊ မင်းနေရာတည်း။ စတု၊ ၄ ခုကြွင်းမူ။ သောနော၊ ခွေးသင့်၏။ လုဒ္ဒကော၊ မုဆိုးနေရာတည်း။ ပဥ္စ၊ ၅ ခုကြွင်းမူ။ ဂေါဏော၊ နွားသင့်၏။ ဒလိဒ္ဒကော၊ သူဆင်းရဲနေရာတည်း။ ဆ၊ ၆ ခုကြွင်းမူ။ တုရင်္ဂေါ၊ မြင်းသင့်၏။ အမစ္စော၊ အမတ်တို့ နေရာတည်း။ သတ္တ၊ ၇ ခုကြွင်းမူ။ ဟတ္ထိယော၊ ဆင်သင့်၏။ ဓနိယော၊ သူဌေးတို့နေရာတည်း။ သုညံ၊ သုန်းမူကား။ ကာကော၊ ကျီးသင့်၏။ သောဘိနီ၊ ပြည့်တန်ဆာ ကျွန်ပိုင်မိန်းမ နေရာတည်း။ ထုပ်လျှောက်စားကို ဆိုလိုသည်။

## ကျောင်းကန်ဇရပ်၌ ထုပ်လျှောက်စားနည်း

ကျောင်းကန်ဇရပ်စသည်တို့ကို တိုင်းထွာစီရင်ရသည်ကား။ ထုပ်ကိုတိ၊ လျှောက်ကိုဏ္ဍ။ ဆိုသည်ကား ထုပ်ကို ထွာစွန်း မိုက်စွန်း လက်သစ်စွန်း မလုပ်ရာ။ ထွာရှုတ် မိုက်ရှုတ် လက်သစ်ရှုတ် မလုပ်ရာ။ ပိသုကာတို့ တိုင်းရသော တောင်သည်ကား။

ဒသကေသာ ကေတိလမတံ၊ ဆတိလမတံ ကေယာဝကံ။
စတုယာဝကံ ကေအင်္ဂုလံ၊ အဋ္ဌအင်္ဂုလံ ကေမုဋ္ဌိ။
တြိမုဋ္ဌာ ရတနံ ဘဝေ။ ။

ဒသကေသာ၊ ဆံပင်ဆယ်တံ။ ကေတိလမတံ၊ နှမ်းတလုံးဖြစ်၏။ ဆတိလမတံ၊ နှမ်း ၆ လုံးသည်ကား။ ကေယာဝကံ၊ တမုယောဖြစ်၏။ စတုယာဝကံ၊ ၄ မုယောသည်ကား။ ကေအင်္ဂုလံ၊ လက်တသစ်ဖြစ်၏။ အဋ္ဌအင်္ဂုလံ၊ လက်ရှစ်သစ်ကား။ ကေမုဋ္ဌိ၊ တမိုက်ဖြစ်၏။ တြိမုဋ္ဌာ၊ ၃ မိုက်သည်ကား။ ရတနံ၊ တတောင်ရသည်။ ဘဝေ၊ ဖြစ်၏။ ။အိမ်ကျောင်းကောင်းတို့ကို ထိုအတောင်ဖြင့် တိုင်းထွာစီရင်ရာ၏။

## ကျောင်းကန်အိမ်ရာဆောက်ပြီးနောက် မနေအပ်ခြင်းများ

စုလံကတွာ ဂေမာသံ၊ ကတ္တဂေဟေ ဝိဟာရေ၊။
နဝသေ ကတ္တေသတိ၊ ဆမာသေ မဇ္ဈေဝေဠုစခတ္တိကော။
တေဇာယဥ္စဟိနဥ္စ ဗဟုရောဂေါ၊ ဗဟုဒုက္ခော ဒိနေဒိနေ။

စုလံကထွာ၊စုလည်းပြုပြီးလျှက်။ ဂေမာသံ၊တလမြောက်သောသစ်တို့ကို။ကတ္တဂေဟေ၊ ဆောက်သောအိမ်တို့ကိုလည်းကောင်း။ ဝိဟာရေစ၊ ကျောင်းတို့ကိုလည်းကောင်း။ နဝသေ၊ မနေအပ်။ ကတ္တေသတိ၊ ဆောက်ပြီးသော်။ ဝိဟာရေ၊ ကျောင်းတို့ကိုလည်းကောင်း။ ဂေဟံ အိမ်ကိုလည်းကောင်း။ ဆမာသေ၊ ခြောက်လမြောက် လုပ်သောကာလ မတက်သောအိမ် ကျောင်းတို့ကိုလည်းကောင်း။ နဝသေ၊ မနေအပ်။ မဇ္ဈေဝေဠုစခတ္တိကော၊ အလယ်ပိုင်း၌ သစ် ဆက်ဝါးဆက်ရှိသော။ ဝိဟာရေစ၊ ကျောင်းတို့ကိုလည်းကောင်း။ ဂေဟေစ၊ အိမ်တို့ကိုလည်း ကောင်း။ နဝသေ၊ မနေအပ်။ ဤသို့ဆိုလျှက် နေမိမူကား။ တေဇာယဥ္စဟိနဥ္စ၊ တန်ခိုးတေဇာ ယုတ်သည်ဖြစ်အံ့။ဗဟုရောဂေါ၊ အနာနှိပ်စက်များသည်လည်းကောင်း။ ဗဟုဒုက္ခော၊ ဆင်းရဲ ကြီးသည်လည်းကောင်း ဖြစ်အံ့။ ဒိနေဒိနေ၊ နေ့တိုင်းနေ့တိုင်း အငြင်းအခုန်များသည်ဖြစ်အံ့။ ကျောင်းကန်အိမ်ရာတို့ကို ဆောက်သည့်နေ့မှစ၍ တနေ့မချွတ် မတက်မချင်း စောင့်စည်းမစ၍ အိပ်ရာ၏။ ထိုသို့မစောင့်ပဲနှင့် ၆လလွန်၍ ၇လရောက်သော် မတက်အပ်ပြီ။ ။

## အိမ် ကျောင်း မဆောက်အပ်ရာသော သစ်ဆယ်ပါး

ပိတ္တာ ကရိစ သိမ္ဗလိ၊ ဆဿလသာ အဿထာ တာလဥ္စ။
ဝိပေတကာ ကုလဥ္စ ကပိတ္တာ၊ ဇမ္ဗုရုက္ခော ဧတေရုက္ခာ။
ဂေဟဥ္စဝိဟာရေ နကာရေယျ။

မိတ္တာ၊ မအူ။ ကရိစ၊ ကသစ်။ သိမ္ဗလိ၊ လက်ပံ။ ဆဿလသာ၊ ပင်လယ်ရှား။ အဿ ထာ၊ ညောင်။ တာလမ္ဘ ရှစ်ရှား။ ဝိပေတကာ၊ သစ်ဆိမ့်။ ကုလဥ္စ၊ ကလော။ ကပိတ္တာ၊ သီး။ ဇမ္ဗုရုက္ခော၊ သပြေပင်။ ဧတေရုက္ခော၊ ထိုသစ်ပင်ဆယ်ပါးတို့သည်။ ဂေဟဥ္စဝိဟာရေ၊ အိမ်ကျောင်းမဆောက်အပ်ရာသောသစ်တည်း။ ထိုသစ်ပင်ဆယ်ပါးတို့၏။ ရူပံ၊ အဆင်းကို။ ပဋိဘာနံ၊ ပညာရှိသော။ ပုရိသော၊ ယောကျ်ားမြတ်သည်။ ဝိဇာနေယျ၊ သိရာ၏ ရှောင်ရာ၏။

အပုပ္ဖာ အပတ္တကဋ္ဌေဝ၊ ဝမ္မိကာ သကုဏကတာ။
ဗန္ဓနံ သီရိယာ ဆိန္နာ၊ တံ ပူရိသော၊ ဝိဇာနေယျ။

အပုပ္ဖာ၊ သစ်ပင်တကာအပွင့်ရှိ၍ ထိုသစ်အပွင့်မရှိသောသစ်။ အပတ္တံ၊ သစ်ပင်တကာ အရွက်ရှိ၍ ထိုသစ်ပင်အရွက်မရှိသောသစ်။ ဝမ္မိကာ၊ တောင်ပို့ထက်၌ ရောက်သောသစ်။ ဗန္ဓနံ၊ နွယ်ရစ်သောသစ်ပင်။ သကုဏကတာ၊ ငှက်သိုက်မှထွက်၍ပျံခဲ့သောသစ်ပင်။ သီရိ ယာ၊ အပင်အထိပ်ရောင်ရောင်ရှိသောသစ်။ ဆိန္နာ၊ လေဖြင့်ခတ်၍ကျိုးသောသစ်။ တံ၊ ထို သစ်ပင်တို့၏။ ရူပံ၊ အဆင်းကို။ ပဋိဘာနံ၊* ပညာရှိသူတို့သည်။ ဝိဇာနေယျ၊ သိကုန်ရာ၏။

* ဂါထာတွင် 'ပူရိသော' ရှိသည်။

## ကျောင်း အိမ် ဆောက်အပ်ရာသော သစ် ခုနစ်ပါး

ပေသလာ ကိဿတာ၊ စမ္ပက သရဖီ ဗဟုပဿာ။
အဇ္ဇပန္နာ ပတ္တရာ၊ ပတ္တိခရာ တေရက္ခာ။
ဂေဟာဇ္ဇဝိဟာရေ၊ တံပူရိသာ ဝိဇာနေယျ။ ။

ပေသလာ၊ အင်ကြင်း။ ကိဿတာ၊ ကျွန်းသား။ စမ္ပကာ၊ စကားသား။ သရဖီ၊ သရဖီသား။ ဗဟုပဿာ၊ ခုံညင်း။ အဇ္ဇပန္နာ၊ ပင်ကန်။ ပတ္တရာ၊ ပိတောက်။ ပတ္တိခရာ၊ ရှား။ တေရက္ခာ၊ ဤသစ်ပင်၇ပါးတို့ကို။ ဂေဟာဇ္ဇဝိဟာရေ၊ အိမ်ကျောင်းဆောက်အပ်ရာသော သစ်ပင်တည်း။ တံ၊ ထိုသစ်ပင်တို့ကို။ ပဋိဘာနံ၊ ပညာရှိသောသူတို့သည်။ ဝိဇာနေယျ၊ သိကုန်ရာ၏။

## သစ်ဆယ်ပိုင်း အမျက်ရွေးနည်း

မျိုးလေးပါးတို့၊ မှတ်သာစိမ့်ငှာ၊ သိသာစေအောင်၊ လုပ်ဆောင်ကြီးငယ်၊ ပြုဖွယ်ဖွယ်ကား၊ လှေဝယ်စရာ၊ လည်ပိန်မှာဖြင့်၊ (ရည်မိန့်မှာဖြင့်) အိမ်ရာကျောင်းကန်၊ တတ်ပွန်လေကာ၊ အဌာရဿ၊ ထိုစသည်ဖြင့်၊ ပြားမျှများစွာ၊ သစ်ဘကာကို၊ မကြာသျှင်မူ၊ ဆယ်ပိုင်းစုလေ့၊ ရှေ့ပြု အစ၊ ပဌမတုံ၊ မျက်ပိုင်းကြုံမူ၊ လျင်ဟုံမင်းမျှ၊ ပူဇော်ရ၍ ' ထိုမျှတထောက်၊ နှစ်ပိုင်းရောက်မူ၊ ဝမ်းမြောက်ရှင်မြူး၊ ချစ်သူဖူးအံ့။ တထူးမှန်စွာ၊ သုံးပိုင်းမှာကား၊ အန္ဓပါနေ၁်၊ အဖျော်ထမင်း၊ များတုံလျှင်းအံ့။ မယွင်းမှန်စွာ၊ ၄ပိုင်းမှာကား၊ ဘရိယာဟု၊ ချစ်စွာမယား၊ သေသည်များအံ့။ ထင်ရှားထိုနောက်၊ ၅ပိုင်းရောက်မူ၊ ဝမ်းမြောက်ဝမ်းသာ၊ မရှိရာဟု၊ ချစ်စွာအနေ၊ လင်သေလင်ကွာ၊ ဖြစ်ရာမချွတ်၊ အမြဲမှတ်လေ့။ တလတ်ထိုနောက်၊ ၆ပိုင်းရောက်မူ၊ အိတ်စလည်းပေါက်၊ စအိုလည်းပေါက်၊ ဘေးရောက်ဥစ္စာ၊ ပျက်စီးရာအံ့။ မှန်စွာထိုနောက်၊ ၇ပိုင်းရောက်မူ၊ ဝမ်းမြောက်ကြည်ဖြူ၊ ပေးလှူပြန့်ပွား၊ မြေးသားခြွေရွေ၊ ရွှေငွေလပ်သပွကာ၊ ပြန့်ပွားရာ၏။ မှန်စွာထိုနောက်၊ ၈ပိုင်းရောက်မူ၊ ပြေပြောက်ရောဂါ၊ အနာထွေပြား၊ မယားနှင့်လင်၊ မွေးချင်းဘိဘိ၊ သားသမီးနှင့်၊ ရန်ကြီးခိုက်ပွား၊ ဘေးရန်များ၏။ ထင်ရှားထိုနောက်၊ ၉ပိုင်းရောက်မူ၊ ဝမ်းမြောက်ဖြင်ညီး၊ သားကြီးဩရဿ၊ နိစ္စခန္ဓာ၊ ရောက်လေရာ၏။ မှန်စွာစတေ၊ ဆယ်ပိုင်းနေမူ၊ ဖြိုးထူဥစ္စာ၊ များစွာခြွေရံ၊ မဟိသံဂေါဏ၊ များထကျွဲနွား၊ စည်ပင်ပွား၍၊ သုံးစားမကုန်၊ ကြွယ်တုံဥစ္စာ၊ ပြန့်ပြောရာ၏။ ဆရာများစွာ၊ ထင်ရှားလပ်တုံ၊ ဝိသုကြုံတို့၊ ရွေးတုံအမျက်၊ ပညာတက်သည်၊ အမျက်စေ့စုံ ရွေးလတ်တုံတည်း။

## ဇေတဝန်ကြီးဆင်နည်း

ဇေတဝန်ကြီးဆင်နည်းကား၊ ကွန်းစင် ၂၄တောင်၂မိုက်၊ စူလဲ ၂မိုက်၊ လည်သီး ၃တောင်။ အလယ်ဘုံလက်ကတီး တတောင့်ထွာနှင့် ၄တောင်သစ်ရှုတ်။ အရှုတ်၂ပြန်၊ ၃တောင်တမိုက်ဖွင့်။ ပဍ္ဍမိ၊ ၄ထောင်တမိုက်ဖွင့်။အလယ်ဘုံလည်သီး ၂တောင် တမိုက်၊သစ်ရပ် အောက်ဘုံလက်ကတီး တတောင်ထွာနှင့် ၆သစ်ရှုတ်၊ အရှုတ်၂ပြန်၊ ၃တောင်ထွာဖွင့်။ အောက်ဘုံပဍ္ဍမိ၊ ၄တောင် တမိုက်၊ ၄သစ်ဖွင့်။ ယက်မ ရှစ်တောင်တမိုက် ထွင်း။ အထက် ၅ တောင်၂မိုက်နေလေ၏။ ထိုသစ်ရပ်နှင့် အင်တန်အောင် ထုပ်၅တောင်တည်။ ထုပ်စွန်တဆဲ့လေးသစ်၊ လျောက်တဆဲ့တ

တောင်၂မိုက်၊ လျှောက်စွန် ၂တောင် ၂မိုက်၊ ချင်စွန် ၂တောင် ၂မိုက်၊ ခေါင်တိုင် ၂တောင် ၂မိုက်၊ ကွန်းစင်လျှောက်အကုန် (၁၇) တောင် အထက်ခေါင် အကုန်အတောင် ၂၀၊ ခေါင်လျှောက်၇တောင်၂မိုက်။ အထက်ဘုံချင် ၆တောင် ၂မိုက်၊ ကွန်းစင်ထုပ်ပြား တဆဲ့၄သစ်၊ ထုပ်ထု ဆယ်သစ်၊ ကွန်းစင်လျှောက်ပြား တဆဲ့၄သစ်။ ကွန်းစင်လျှောက်ထု ဂသစ်၊ ခေါင်ဖျား တဆဲ့လက်လေးသစ်၊ ခေါင်ထုပ် ဆယ်သစ်၊လည်ညှပ်ပြား တတောင်၊လည်ညပ်ထု ၆သစ်၊မုတ်စု ပြား ဆဲ့နှစ်သစ်၊ အထု ကိုးသစ်၊ အလယ်ဘုံမုတ်စု ဆယ်တောင်၊ ချင်ညှပ် အတွင်းသုံးတောင်၊ တမိုက်တွင်ထွင်း၊ ချင်စွန်းမှာခံတွင်းအချင်ကို ၃ စုစု၍၊ နှစ်စုချင်စွန်း၊ အလယ်ဘုံလက်ကတီး၊ ချင် ၇ တောင် တမိုက်၊ အလယ်ဘုံ ပဥ္စမီ၊ ချင် ၉ တောင်တမိုက်၊ အောက်ဘုံ လက်ကတီး၊ ချင် ၇ တောင်နှစ်မိုက်၊ အောက်ဘုံ ပဥ္စမီ၊ ချင်ဆယ်တောင်။ အောက်ဘုံမုတ်စု ဆဲ့နှစ်တောင်၊ အောက်ဘုံချင်ညှပ်မှာ ၃ တောင်ထွာတွင် ထွင်း။ အောက်ဘုံ ချင်စွန်းခံတွင်း၊ အချင်းကို ၃ စုစု၍၊ နှစ်စုချင်စွန်း၊ ယက်မပြက် ၂ မိုက်၊ ယက်မထု ၄ သစ်၊ ခါးပန်းပြား တတောင်၊ ခါးပန်းထု ၆ သစ်၊ကြမ်းပြင်ထောက်တိုသုံးစည်၊ ရှေ့လက်ရမ်း၊နောက်လက်ရမ်း ထောက်တိုချပ်၊ ကွန်းအကြားထောက်တို သုံးလုံးထား။ သစ်တိုသစ်ရှည်ပေါင်း ၁၇၃ လုံး။ ဇေတဝန်ကြီး ဆင်နည်းတည်း။ ။ပြီး၏။

## ဇေတဝန်ငယ်ဆင်နည်း

ဇေတဝန်ငယ်ဆင်နည်းကား ကွန်းစင်သစ်ရပ် ၂၁ တောင် ၂ မိုက်၊ စုလဲ ၂ မိုက်၊ ထုပ်တွင်း ၄ တောင်၊ ထုပ်စွန်း ဆဲ့နှစ်သစ်၊ လျှောက်တွင်း ဆဲ့တတောင်၊ လျှောက်စွန်း ၂ တောင် ၁ မိုက်၊ ခေါင်စွန်း သုံးတောင်၊ ခေါင်လျှောက် ၆ တောင် ၂ မိုက်၊ ချင် ၆ တောင်၊ ချင်စွန်း ၂ တောင်တမိုက်၊ ထုပ်ပြား ဆဲ့လေးသစ်၊ ထုပ်ထု ဆယ်သစ်၊ လျှောက်ပြား ဆဲ့လေးသစ်၊ လျှောက်ထု ၇ သစ်၊ အထက်ဘုံပြီး၏။ ။ လည်သီး ၂ တောင် ၂ မိုက် ၄ သစ်၊ အလယ်ဘုံ လက်ကတီး တတောင်ထွာနှင့် ၄ သစ်ရှုတ်၊ အရှုတ် ၂ပြန်၊ ၃ တောင်တမိုက်၊ ပဥ္စမီ ၄ တောင်နှင့် ၆ သစ်ဖွင့်၊ လက်ကတီးချင် ၇ တောင်၊ ပဥ္စမီချင် ၈ တောင် ၂ ထွာခန့်တွင် ချင်ကို ၃ စုစု၍ တစုပစ်။ ၂ စု လက်ကတီး ချင်စွန်း ထွက်စေ။ မုတ်စု ကိုးတောင်ထွာ၊ မုတ်စုပြား ဆယ်သစ်၊ အထု ၇ သစ်၊ ကွန်းစင်လည်ညှပ်ပြား ၂ မိုက် ၄ သစ်၊ အထု ၅ သစ်၊ အလယ်ဘုံလည်သီး ၂ တောင် ၁ မိုက်၊ အောက်ဘုံလက်ကတီး ၅ တောင်ထွာနှင့် ၆ သစ်ရှုတ်၊ အရှုတ် ၂ ပြန် ၃ တောင်ထွာဖွင့်၊ ပဥ္စမီ ၄ တောင် ၁ မိုက်ဖွင့်။ ပဥ္စမီချင် ၉ တောင်၊ အောက်ဘုံသက်ကတီး ချင် ၇ တောင် ၁ မိုက်၊ အောက်ဘုံချင်စွန်းမှ အလယ်ဘုံချင်စွန်း နည်းတူယူလေ။ အောက်ဘုံ မုတ်စု ဆယ်တောင့်ထွာ၊ အလယ်ဘုံလည်ညှပ်မှာ ကွန်းစင်လည်ညှပ်နှင့်နည်းတူယူလေ။ မုတ်စု အပြားကား အလယ်ဘုံနည်းတူယူ။ အောက်ဘုံချင်း ၇ တောင်တွင်ထွင်း၊ ယက်မပြား တဆဲ့လေးသစ်၊ အထု ၃ သစ်၊ ခါးပန်းထု ၄ သစ်၊ အပြား ၂ မိုက်၊ ဇေတဝန်ငယ် ဆင်နည်းကားပြီး၏။

## လည်ပေါ်ဆင်နည်း

လည်ပေါ်ဆင်နည်းကား ကွန်းစင်သစ်ရပ် ၁၇ တောင်၊ စုလဲ ၂ မိုက်၊ လည်သီး ၃ တောင်ချ၊ ထုပ် ၅ တောင်၊ ထုပ်စွန်း ဆဲ့နှစ်သစ်၊ လျှောက် ဆယ်တောင်၊ လျှောက်စွန်း

နှစ်တောင်ထွာ၊ ချင်စွန်း နှစ်တောင်ထွာ၊ ခေါင်တိုင်ကား ချင်စွန်း လျှောက်စွန်းနှင့်အမျှ၊ ခေါင်စွန်း ၃ တောင်တမိုက်၊ ခေါင်လျှောက် ၇ တောင်တမိုက်၊ ချင် ၆ တောင်ထွာ၊ လက်ကတီး နှစ်တောင်ရှုတ်၊ အရှုတ်နှစ်ပြန် ၄ တောင်ဖွင့်၊ ပဥ္စမီ ၅ တောင်ဖွင့်၊ အချင် ၉ တောင်ထွာ၊ လက်ကတီးချင် ၇ တောင်ထွာ၊ မုတ်စု တဆဲ့တတောင်၊ မုတ်စုလည်ညှပ်။ အထူအပြားမှာ ဇေတဝန်ကဲ့သို့ယူ။ ချင်စွန်းလည်း ထိုနည်းတူပင်ယူ။ အောက်ချင် ၇ တောင်တမိုက်တွင်ထွင်း။ လည်ပေါ် ဆင်နည်းပြီး၏။ ။

## စမွာယ်လဆင်နည်း

စမ္ပါယ်လဆင်နည်းကား ထုပ် ၅ တောင်တည်။ထုပ်စွန် တဆဲ့လေးသစ်။ လျှောက်ကား တဆဲ့နှစ်တောင် ၂ မိုက်။ လျှောက်စွန်း ၂ တောင်ထွာ။ ခေါင်တိုင် ၂ တောင်။ ချင်စွန်း ၂ တောင်ထွာ။ ချင် ၇ တောင်။ ခေါင်လျှောက် ၇ တောင် ၂ မိုက်။ ချင်စွန်းခေါင်တိုင် လျှောက်စွန်းအမျှ။ ထုပ်ပြား ဆဲ့ခြောက်သစ်။ ထုပ်ထူ ဆဲ့နှစ်သစ်၊ လျှောက်ပြား ဆဲ့ခြောက်သစ်၊ လျှောက်ထူ ၈ သစ်၊ ကွန်းစင်သစ်ရပ် နှစ်ဆဲ့လေးတောင် ၂ မိုက်၊ စုလည်း ၂ မိုက် ၄ သစ်၊ လည်သီး သုံးတောင် တမိုက်၊ လက်ကတီး တတောင်ထွာနှင့် တမိုက်ရှုတ်၊ အရှုတ် ၂ ပြန်၊ ၃ တောင် ၂ မိုက်ဖွင့်။ ပဥ္စမီ ၄ တောင်တမိုက်ဖွင့်၊ လက်ကတီးချင် ၇ တောင် ၂ မိုက်။ ပဥ္စမီချင် ၉တောင်၊မုတ်စု ဆယ်တောင် ၂ မိုက်၊အလယ်ဘုံ ၂ တောင် ၂မိုက်၊လည်သီးသစ်ရပ် လက်ကတီး ၂ တောင် ရှုတ်၊ အရှုတ် ၂ ပြန်၊ ၄ တောင်ဖွင့်။ ပဥ္စမီ ၄ တောင် ၂ မိုက် ၄ သစ်ဖွင့်၊ ပဥ္စမီချင် ဆယ်တောင်တမိုက်၊ လက်ကတီးချင် ၈ တောင်၊ မုတ်စု ဆဲ့တစ်တောင် ၂ မိုက်၊ မုတ်စု ပြား ဆဲ့လေးသစ်၊ အထူ ၇ သစ်ခန့်ထွင်း။ ချင်ကို ၃ စုစု၍ ၁ စုပစ်၊ ၂ စု ချင်စွန်းယူ။ နှစ်ဘုံလုံး ထိုနည်းတူ ယူလေ။ အောက်ဘုံလျှောက်ပြား တဆဲ့လေးသစ်၊ အထူ ခြောက်သစ်၊ လည်ညှပ်ပြား ၂ မိုက် လက်လေးသစ်၊ အထူ ခြောက်သစ်၊ ခါးပန်းပြား ၂ မိုက်၊ အထူ ၅ သစ်၊ ယက်မပြား ၂ မိုက်၊ အထူ လေးသစ်၊ စပ္ပာယ်လဆင်နည်းပြီး၏။

## ဝေဠုဝန်ဆင်နည်း

ဝေဠုဝန်ဆင်နည်းကား ထုပ်၅ တောင်၊ ထုပ်စွန်း တဆဲ့နှစ်သစ်၊ လျှောက် ဆယ်တောင်၊ လျှောက်စွန်း ၅ မိုက်၊ ခေါင်တိုင် ၅ မိုက်၊ မြှားတိုင် ထက်ဝက်၊ မြှား ကမ်ရပ် ထက်ဝက်၊ လက်ကတီး တထောင်ထွာ ၆ သစ်ရှုတ်၊ အရှုတ် ၂ ပြန်၊ ၃ တောင်ထွာဖွင့်၊ ပဥ္စမီ ၆ တောင် ၆ သစ်ဖွင့်၊ လည်သီး ၂ မိုက် လက် ၄ သစ်။ ချင်အောက်ဘုံသစ်ရပ် ၃ တောင် ၂ မိုက်ဖွင့်။ အောက်ဘုံပဥ္စမီ ၄ တောင် ၂ မိုက် ၂ သစ်ဖွင့်။ အထက်ဘုံ မုတ်စုပြား တထွာ၊ အထူ ၇ သစ်၊ မုတ်စုအရှည် တဆဲ့သုံးတောင်တမိုက်။ အောက်ဘုံမုတ်စု ဆယ်တောင်တမိုက်၊ အောက်ဘုံ လက်ကတီးချင် ၈ တောင်၊ အောက်ဘုံပဥ္စမီချင် ၉ တောင် ၂ မိုက်၊ အထက် လက်ကတီးချင် ဆဲ့တတောင်၊ ပဥ္စမီ ထိုနည်းပင်။ ကွန်းစင် ဆဲ့ခုနှစ်တောင် ၂ မိုက်၊ စုလဲ ၂ မိုက်၊ စကြာ ၂ ဖွင့်ဆင်နည်းကား ပြီး၏။

## စကြာတပွင့်ဆင်နည်း

စကြာတပွင့်ဆင်နည်းကား ထုပ် ၅ တောင်၊ လျှောက် ဆယ်တောင်၊ လျှောက်စွန်း ၂ မိုက် တဆဲ့နှစ်သစ်၊ ခေါင်တိုင် ၅ မိုက်၊ မြွားတိုင် ထက်ဝက်၊ မြွားကမ် ထက်ဝက်၊ လက်ကတီး ၂ တောင် ၆ သစ်ရှုတ်၊ အရှုတ် ၂ ပြန် ၄ တောင်ထွာဖွင့်။ ပဥ္စမီ ၇ တောင်ဖွင့်။ မုတ်စု တဆဲ့လေးတောင်၊ ကွန်းစင်သစ်ရပ် တဆဲ့ငါးတောင်တမိုက်၊ စုလဲ ၂ မိုက်။ ။စကြာတပွင့် ဆင်နည်းကားပြီး၏။

## ပုဗ္ဗာရုံကျောင်းဆင်နည်း

ပုဗ္ဗာရုံကျောင်းဆင်နည်းကား ကွန်းစင် ၃၇ တောင်၊ စုလဲ တတောင်လေးသစ်၊ ကွန်းစင် ထုပ်ကား ၆ တောင်၊ အစွန် ၂ မိုက်၊ ကွန်းလျှောက် တဆဲ့လေးတောင်၊ လျှောက်စွန် ၃ တောင် တမိုက်၊ ခေါင်လျှောက် ၉ တောင်၊ အချင်း ၈ တောင်တမိုက်၊ ချင်စွန်း ၃ တောင်တမိုက်၊ ခေါင်တိုင် ချင်စွန်း လျှောက်အမျှ။ ကွန်းစင်ထုပ်ပြား ၂ မိုက် ၄ သစ်၊ အထု တဆဲ့လေးသစ်၊ ကွန်းစင် လျှောက်ပြား ၂ မိုက်လေးသစ်၊ အထု တဆဲ့လေးသစ်၊ ပဥ္စမီလည်သီး ၄ တောင်၊ တတောင် ၂ မိုက် ၄ သစ် ရှုတ်။ အရှုတ် ၂ ပြန်၊ ၃ တောင် ၂ မိုက်ဖွင့်။ ပဥ္စမီ ၄ တောင် ၂ မိုက်ဖွင့်။ တတိယ လက်ကဘီး တတောင် ၂ မိုက်၊ ၄ သစ်ရှုတ်၊ အရှုတ် ၂ ပြန်၊ ၃ တောင် ၂ မိုက်ဖွင့်။ ပဥ္စမီ လေးတောင် ၂ မိုက်ဖွင့်။ ဒုတိယသည်သီး ၂ တောင်ထွာ၊ ဒုတိယ လက်ကတီး ပတောင် ၂ မိုက်လေးသစ်။ ရှုတ်၊ အရှုတ် ၂ ပြန်။ ၃ တောင် ၂ မိုက်ဖွင့်။ ပဥ္စမီ လေးတောင် ၂ မိုက်ဖွင့်၊ ပဌမ လည်သီး ၂ တောင်ထွာ၊ ပဌမလက်ကတီး တတောင် ၂ မိုက်ရှုတ်၊ အရှုတ် ၂ ပြန်၊ ၃ တောင် ၂ မိုက်ဖွင့်။ လေးထပ်လုံး တဆဲ့တတောင်၊ အပြား ဆဲ့လေးသစ်၊ အထု ဆယ်သစ်၊ လက်ကတီးချင် ၇ တောင် ၂ မိုက်၊ ပဥ္စမီချင် ၈ တောင် ၂ မိုက်၊ လေးထပ်လုံး ဤနည်းဘူပင်။ ကွန်းစင်လည်ညှပ်ပြား တတောင်၊ အထု ၆ သစ်၊ လေးထပ်လုံး လည်ညှပ် နည်းတူပင်။ ချင်စွန်းမှာ ခံတွင်းချင်ကို ၃ စုစု၍၊ တစုပစ်။ ၂ စု ချင်စွန်း လေးထပ်လုံးနည်းတူ။ ယက်မပြား ၁ မိုက်၊ အထု ၄ သစ်၊ ခါးပန်းပြား ၂ မိုက် ၄ သစ်၊ အထု ၅ သစ်၊ အောက် ဘုံချင် ဆယ်တောင်တမိုက်တွင် ထွင်း။ ယက်မတွင် ပဌမဘုံ ရှစ်ရပ်၊ ယက်မပေါ် ကကို လျှောက် ထိအောင် ၅တောင် ၂မိုက်၊ယက်မလည်ကကို မြေဝင်အကုန် ဆယ်တောင်တမိုက်တွင် သုံးတောင် မြေပေါ် ၇ တောင် တမိုက်၊ အရိပ်တွင် သစ်ပေါင်း=၁၃၀။ ကွန်းစင်အရှည် ထောက်တို အားလုံးပေါင်း ၁၃၀၅လုံး။ အလျားအတောင် ၅၀၁မိုက်ရှိ၏။ အနံ အတောင် ၃၁တတောင် တမိုက်ရှိ၏။ အရှေ့သင်ကန်းထောက်တိုင် ၂စင်၊ အနောက် ၂စင်၊ မြောက်ကြမ်းပြင်ထောက်တို ၃စင် ထောက်တိုပေါင်း ၁၀၇လုံး၊ ပတ်လည်တိုင်ပေါင်း ၄၀၉လုံးရှိ၏။ တောင်မြောက် သစ်စင် အနံ တဆဲ့လေးစင်ရှိ၏။ အလျားအရှေ့အနောက် တဆဲ့ကိုးစင်ရှိ၏။ သစ်တို သစ်ရှည် အားလုံးပေါင်း ၂၇၁လုံးရှိ၏။ ။ပြီး၏။

သစ်ရင်းကိုတည့်တည့် ရည်၍ တွင်းဝင်တပါးထားဘိဦး၍ သစ်ရင်းဖွားမျက်နှာကိုတိုင်း။ ထိုတိုင်းသည်တိုင်နှင့်လည်းကောင်း၊ မြေဝင်အထက်ကသည် ပြန်ကတိုင် တိုင်း၍ရွှတ်လေ။

## ယက်မထွင်းဟောသောကျမ်း

ဇယသိဒ္ဓိ သုခံယာယာတိ၊ မိတ္တာ မရဏံ နသံသယေ။
ဝိသာခါစ မာတာပိတု၊ ဝိဝါဒံ ကလဟံဘဝေ။

ဇေယသိဒ္ဓိတွင် ထွင်းမိမူကား အောင်မြင်အံ့။ မိတ္တာတွင် ထွင်းမိမူကား သေအံ့။ ယုံမှားမရှိသင့်။ ဝိသာခါတွင် ထွင်းမိမူကား အမိအဖအမွေကို ခံစားရအံ့။ ဝိဝါဒတွင် ထွင်းမိမူကား အငြင်းအခုန်ခိုက်ရန်များအံ့။ သစ်ရင်းမျက်နှာကိုတိုင်း၍ ယက်မထွင်းဟောသောကျမ်းပြီး၏။

## ထုပ်လျှောက်စွန်းထားရာ မထားရာ

ဧကအင်္ဂုလိ ပုတ္တမံ၊ ပုတ္တလာဘော ဒွေအင်္ဂုလိ။
တြိအင်္ဂုလိ ဂေါဏလာဘော၊ လဘတိ စတုအင်္ဂုလိ။
ပဥ္စအင်္ဂုလိ ဓနံနဿ၊ မိတ္တလာဘော ဆအင်္ဂုလိ။
သတ္တအင်္ဂုလိ ပုတ္တမတံ၊ အဋ္ဌအင်္ဂုလိ ဇယံဘဝေ။
နဝအင်္ဂုလိ၊ ရာဇပူဇံ၊ ဒသအင်္ဂုလိ ဇေယျံဘဝေ။

ဧကအင်္ဂုလိ၊ လက်တသစ်ထားမူကား။ ပုတ္တမတံ၊ သားသေအံ့။ ဒွေအင်္ဂုလိ၊ လက် ၂သစ်ထားမူကား။ ပုတ္တလာဘော၊ သားရအံ့။ တြိအင်္ဂုလိ၊ သုံးသစ်ထားမူကား။ လဘတိ၊ လပ်များအံ့။ ပဥ္စအင်္ဂုလိ၊ ငါးသစ်ထားမူကား။ ဓနဿ၊ ဥစ္စာပျက်စီးအံ့။ ဆအင်္ဂုလိ၊ ၆ သစ်ထားမူကား။ မိတ္တလာဘော၊ အဆွေခင်ပွန်းကောင်းရအံ့။ သတ္တအင်္ဂုလိ၊ ၇သစ်ထားမူကား။ ပုတ္တမတံ၊ သားသေအံ့။ အဋ္ဌအင်္ဂုလိ၊ ၈ သစ်ထားမူကား။ ဇေယံ၊ အောင်မြင်အံ့။ နဝအင်္ဂုလိ၊ ၉ သစ်ထားမူကား။ ရာဇပူဇံ၊ မင်းပူဇော်ခံရအံ့။ ဒသအင်္ဂုလိ၊ ဆယ်သစ်ထားမူကား။ ဇေယျံဘဝေ၊ အောင်မြင်ပြီးအံ့။ ။ထုပ်လျှောက်စွန်းထားရာ မထားရာကို ဆိုသည်။

## လှေကားပြုလုပ်နည်း

လှေကားနည်းကား လှေကားပေါင် ဦးသုံ ၅ တောင်တမိုက်၊ အောက်စွန်း ၇ သစ်၊ အထက်စွန်း ၉ သစ်၊ ခွင် ၄ မိုက်၊ ၅ ကျည်လုပ်နည်း။ ။လှေကားပေါင်ဦးသုံ ၆ တောင် ၂ မိုက်၊ အောက်စွန်း ၉ သစ်၊ အထက်စွန်း ဆယ်သစ်၊ လှေကားခွင် ၇ မိုက်၊ ၇ ကျည်လုပ်နည်း။ ။လှေကားပေါင်ဦးသုံ ၇ တောင် ၂ မိုက်၊အောက်စွန်းတဆဲ့လေးသစ်၊ အထက်စွန်းဆဲ့ခြောက်သစ်၊ လှေကားဖွင့် ၉ မိုက်၊ ၉ ကျည်လုပ်နည်း။ ။လှေကားပေါင်ဦးသုံ ၈ တောင်တမိုက်၊ အောက်စွန်း တဆဲ့လေးသစ်၊ အထက်စွန်း အဆဲ့ခြောက်သစ်၊ လှေကားဖွင့် ၉ မိုက် ၄ သစ်၊ ဆဲ့တကျည်လုပ်နည်း။ ။လှေကားပေါင်ဦးသုံ၊ ၉ တောင်၊ အောက်စွန်း ၂ မိုက်၊ အထက်စွန်း ၂ မိုက် ၄ သစ်၊ လှေကားဖွင့် ဆယ်မိုက်၊ တဆဲ့သုံးကျည်လုပ်နည်း။ ။လှေကားပေါင်ဦးသုံ ဆယ်တောင်၊ အောက်စွန်း ၂ မိုက်လေးသစ်၊ အထက်စွန်း ၂ မိုက် ၆ သစ်၊ လှေကားခွင် တဆဲ့လေးမိုက်၊ တဆဲ့လေးကျည်လုပ်နည်း။ ။

## သေနာပတိစစ်သူကြီး၏လှေကား

သေနာပတိအမတ် စစ်သူကြီးတို့လှေကား။ ။"လှေကားပေါင်ဦးသုံ ဆယ့်တတောင် တမိုက်၊ အောက်စွန်း ၃ မိုက်၊ အထက်စွန်း ၃ မိုက် ၄ သစ်၊ လှေကားခွင် တဆဲ့သုံးမိုက်၊ လှေကားကျည် တဆဲ့ခြောက်ကျည်"။

## ယာယီနန်းလှေကား

ပြည့်ရှင်မင်းကြီးတို့တွင် ယာယီနန်းလှေကားလုပ်နည်း။ ။လှေကားပေါင်ဦးသုံ တဆဲ့ ငါးတောင်တမိုက်၊ အောက်စွန်း ၃ မိုက် ၄ သစ်၊ အထက်စွန်း ၄ သစ်၊ လှေကားခွင် တဆဲ့ လေးမိုက်၊ လှေကားတဆဲ့နှစ်ကျည်။ ။

## ဘုရင်မင်းမြတ်နန်းလှေကား

ရေမြေသခင် ရှင်ဧကရာဇ်မင်းတို့ နန်းလှေကား၊ ပုရောဟိတ်ပုဏ္ဏားတို့မှာ ဆိုအပ်ခဲ့ ပြီးသော လှေကားတို့တွင် လှေကားပေါင်ကို ၃ စုစု၍၊ တစုကိုလှေကားခွင် ပြုရာ၏။

## ပြည့်တန်ဆာမတို့၏လှေကား

ပြည့်တန်ဆာမိန်းမတို့ ပေါင်ဦးသုံလှေကား၊ လှေကားပေါင်ကို ၃ စုစု၍၊ တစုကို လှေကားခွင်ပြုရာ၏။

## ဆင်းရဲသားတို့၏လှေကား

ဆင်းရဲသားအမျိုးမှာကား လှေကားပေါင် ဆယ်တောင်မပြည့်သရွေ့ကို ဆိုခဲ့ပြီးသော အတိုင်း စီရင်ရာ၏။ လှေကားပေါင် ဆယ်တောင် အမှန်ကျော်သရွေ့ကိုကား ပြည်ရှင်မင်း အမတ် စစ်သူကြီးဖြစ်မှ တောင်ရာသည်ဟူ၍ အရိမဒ္ဒနာပြည်ထွန်းသော ကာလ၌ သမုဒ္ဒရာဇ် မင်း၏ ပညာရှိဖြစ်သော ဒိသာပါမောက္ခပုဏ္ဏားနှင့် ရှင်ပံကန်တို့သားအဖ ဟောကြသဖြင့် နန်းစဉ်ဆင်းသက်၍ သုံးဆောင်သည်ကို ပဏ္ဍိတာနံ ပညာရှိသောသူတို့သည်။ ဝိဇာနေယျ၊ သိရာ၏။

## ကျောင်း၊ အိမ်၊ လှေကား၊ ဥရုတိုင်၊ ကြငှန်းတိုင်တို့၌ ကျောက်မြုပ်ရခြင်း

၁-နွေသားတို့မှာ၊ ကျောင်းအိမ်လှေကား၊ အမျက်ရှိ၍ အားမရသော်၊ အဌမပိုင်း၌၊ ပတ္တမြားမြုပ်ရာ၏။ ၂လာသားတို့ကျောင်းအိမ်လှေကားအမျက်ရှိ၍ အားမရသော် ဒုတိယပိုင်း၌ ကြောင်မြုပ်ရာ၏။ ၃ ဂါသားတို့ အိမ်ကျောင်းလှေကား အမျက်ရှိ၍ အားမရမူ လေးပိုင်း၌ စိန်မြုပ်ရာ၏။ ၄ သားတို့ ကျောင်းအိမ်လှေကားအမျက်ရှိ၍ အားမရမူ ၆ ပိုင်း၌ ဥဿဘယား ပုလဲမြုပ်ရာ၏။ ၅ တေးသားတို့ကျောင်းအိမ်လှေကား အမျက်ရှိ၍ အားမရမူ ၇ပိုင်း၌ ပတ္တမြား မြုပ်ရာ၏။ ၆ ကြာသားတို့ ကျောင်းအိမ်လှေကား အမျက်ရှိ၍ အားမရမူ ဂပိုင်း၌ ပြယိုးယား မြုပ်ရာ၏။ စနေသားတို့ ကျောင်းအိမ်လှေကား အမျက်ရှိ၍ အားမရမူ ဆယ်ပိုင်း၌ သန္တာ မြုပ်ရာ၏။ ၇ ရက်သားတို့တွင် ကျောက်မြုပ်သည်ကို ပိတ်ရာသည်ကား ၁ နွေထောက်ကြံ့နှင့် ပိတ်၍၊ ၂ လာသားမှာ အောင်ချင်းစာနှင့်ပိတ်။ ၃ ဂါသားတို့မှာ ခရမ်းနှင့်ပိတ်။ ၄ သားမှာ

စင်ပြွမ်းနှင့်ပိတ်။ ၅ တေးသားမှာကား ဖတ်သန်းနှင့်ပိတ်။ ၆ ကြာသားမှာ ပိတောက်နှင့်ပိတ်။ စနေသားမှာ သစ်အယ်နှင့်ပိတ်။ ကျောင်းအိမ်လှေကား ဥရုတိုင် ကြငှန်းတိုင် ကျောက်မြုပ် ရာတွင် တွင်းပိတ်ရာသည်ကိုဆိုသည်။ ။

## သစ်လဲကျမ်း

၁ နွေ၊ ဆောက်ထွေအိမ်၌၊ မှတ်ပိုက်ဥရု၊ ထူသည်သစ်မှာ၊ တထွာခြားလောက်၊ စုလည်းအောက်၌၊ ခေါင်းပေါက်မျက်သေ၊ ရှိလေမချွတ်၊ ဘေးဟုမှတ်လေ့။ ရတတ်သော်ကား၊ တခြားလဲဘိ၊ မရှိသော်မူ၊ ယင်းဥရုကို၊ ငွဲယူရှောင်လား၊ ရွှေမြောက်ထား၍၊ ထိုသစ်ကိုမူ၊ ဥရုအရာ၊ ထားတုံပါမူ၊ မကြာလပ်သပ်၊ ဖြူလပ်လပ်ကို၊ ရအံ့မှန်စွာ၊ မချွတ်ရာဟု၊ ကျမ်းလာ ဆိုသည်၊ သံချိဆရာ ထားသတည်း။

၂ လာကား၊ မှန်စွာစိုက်လေ၊ အရှေ့မြောက်က၊ ထိုသစ်မ၌၊ ဗွေလယ်မျက်သေ၊ ရှိလေ မပျောက်၊ ယက်မအောက်ဝယ်၊ မှတ်လောက်စတေ၊ မြေးသားသေအံ့။ လဲလေမှန်စွာ၊ နောက် မြောက်မှာနှင့်၊ မကြာစိုက်စိုက်၊ လဲစိုက်လိုက်မူ၊ ကောင်းမြိုက်ချမ်းသာ၊ ခြေမှာလေးခု၊ မြတ်မူ ဥစ္စာ၊ ရတို့ရာ၏။ မှန်စွာမှတ်လေ မမှားတည်း။

၃ ဂါစင်စစ်၊ ဆောက်သည်ဖြစ်မူ၊ မြောက်ကအလယ်၊ အကယ်ဖြစ်မြဲ၊ မြောက်စုလဲ၌၊ ရှိသည်သက်သက်၊ ယက်မထက်ဝယ်၊ ပန္နက်ဝင်လောက်၊ ထွင်းမဖောက်ကြောင်း၊ သေပျောက် လေမူ၊ ခြေလေးခုလျှင်၊ အပြစ်တင်အံ့။ တောင်တွင်အလယ်၊ သစ်နှင့်လှယ်မူ၊ သက်ရှယ်မကြီး၊ သမီးကညာ၊ လပ်ရောက်လာအံ့၊ မြဲစွာမှတ်လောက် မချွတ်တည်း။

၄ ဟူးကား၊ ထိုတူစင်စစ်၊ နောက်တောင်သစ်တွင်၊ တွင်းဝင်မြေပေါ်၊ တိုင်သော် မယုတ်၊ ဝက်ကန်ချုပ်၍၊ ကျိုးယုတ်ဖြစ်တိ၊ အမျက်ရှိ၏။ ဖြစ်ဘိစတေ၊ ကျွန်ွားသေအံ့။ လဲလေမှန်စွာ၊ ရွှေမြောက်မှာနှင့်၊ မကြာတိုက်တိုက်၊ လဲလေစိုက်မူ၊ ဖြူသည်ဥစ္စာ၊ မကြာခဏ၊ ရအံ့မှန်စွာ မလွဲသာတည်း။

၅ တေးမှန်စွာ၊ ရက်ဇီဝါကား၊ ပြုပွာစာရံ၊ အရှေ့စွန်က၊ ကေန်မဆို၊ သစ်ထောက် တိုလျှင်၊ အခွတွင်၍၊ ပြစ်တင်ပြုန်းတီး၊ အမျက်ရှိ၏။ ဘေးတိမကြာ၊ ဝမ်းတို့နာအံ့။ အလယ်မှာ ထောက်တို၊ ယင်း ဆိုလို၏။ ယင်းကိုမူကား၊ အလယ်ထားလော၊ လပ်များရလျှင်၊ ခြွေရံဖြင်မိုး၊ ဤလျှင်လဲကျိုး ခံသတည်း။

ဘရဂုန်ဟု၊ ခေါ်မှုမည်ကာ၊ ရက်သောကြာကား၊ ဆောက်ငှာခံဆို၊ လယ်ထောက်တို လျှင်၊ အခွတွင်အောက်၊ တထွာလောက်၌၊ အမျက်ခိုက်အံ့။ ဆောက်စိုက်မလဲ၊ ယင်းတွင်မြဲ သော်၊ ဝမ်းထဲအနာ၊ ပေးတို့ရာ၏။ ထိုခါဆောက်ရန်၊ အနောက်စွန်နှင့်၊ တဖန်သော်လဲ၊ ပြောင်းရာလဲမူ၊ ပုဆိုးအဝတ်၊ မလွတ်ဖြင်မျှ၊ လပ်များရအံ့ မချွတ်တည်း။

သောရီတွင်မြေ၊ ရက်စနေကား၊ မှတ်၍စိုက်ဆောက်၊ အနောက်တောင်ဟု၊ ပြုသည်သစ်မှ၊ ယှင်းခွမ့်လျှင်၊ ယက်မတွင်အောက်၊ စုလည်းအောက်ဟု၊ ဤနှစ်ခုလျှင်၊ ချွတ်မှုမဲ့အောင်၊ ခေါင်လျောက်မျက်သော၊ ရှိလေတတ်စွ၊ ထိုဒေါသကြောင့်၊ များလမကြာ၊ သားဦးနာအံ့။ ထိုခါစိုက်ဆောက်၊ အရှေ့မြောက်နှင့်၊ အနောက်တောင်သစ်၊ လဲသည်ဖြစ်မူ၊ ကောင်းမြောက်ကြံစည်၊ အခြေလေးခု၊ မြတ်မှုဥစ္စာ၊ မချွတ်ရာသည်၊ ကျမ်းလာမချွတ်မလွဲတည်း။

သစ်လဲကျမ်းကားပြီး၏။

## ကြငှန်းတိုင်ထူနည်း

အိမ်ဆောက်သောအခါ အထက်တွင် ကြငှန်းတိုင်ကို ခြေဦးရစ်၍ မန်းသောဂါထာကား။

သက္ကရ ဇာတုဗုဒ္ဓါန သွာဟ၊ သို့ုင်သွာဟ။
သက္ကရ ဇာတုပိတုဓမ္မာန သွာဟ သို့ုင်သွာဟ။
သက္ကာရ ဇာတုပိတုသင်္ဃာတ သွာဟ သို့ုင်သွာဟ။

ကြငှန်းတိုင်ကို သူငယ်ခြည်လက်ျာရစ်စေ။ မြေစာခုနစ်ညှန့် ရေစင်ဖျန်း၍ ခုနစ်မန်းမန်းလေ။ အမျိုးခုနစ်ဆက် ပျက်ပြားသော်လည်း ဤသို့ပြုရသော် ဥစ္စာများအံ့။ ကြာမျိုး ၇ ပါး၊ ၇ အိမ်မြေ၊သူကြွယ်လှေကား ခုံအောက်မြေကိုနှံ့သာရေနှင့်နည်း၍ နွားမရုပ်ပြု၍ နွားငယ်နို့စို့ဟန်ပြု၍ အိုးတွင်ထည့်။ အန္တာပိတ်၍ ကြငှန်းတိုင်တွင် မြှုပ်လေ။ ဥစ္စာကြွယ်ဝ ကျွဲနွားကျေးကျွန် များစွာစည်ပင်ရာ၏။

## တွင်းတူးရာ မတူးရာကျမ်း

သရီရပ္ပမာဏံ ဒေဝလယာနံ၊ စက္ခုပမာဏံ နပေါလယာနံ။
မုခပ္ပမာဏံ အမစ္စာနံ၊ ဟဒယဥ္စ ပုရောဟိတံ။
ဘိက္ခု နာဘိ၊ ပြာဟ္မဏံ ကတ္တလဿိ၊ သဗ္ဗလောကော ဒွိဟတ္ထ စတုအင်္ဂုလိ။

ဒေဝလယာနံ၊ နတ်အိမ်တွင်းတူးရာသည်ကား။ သရီရပ္ပမာဏံ၊ ဥက္ကောင်းမြုပ်ရုံ တူးရာ၏။ နပေါလယာနံ၊ ပြည်တည်သခင် အရှင်မင်းတို့၏ တွင်းတူးရာသည်ကား။ စက္ခုပမာဏံ၊ မျက်လုံးမျှရုံ တူးရာ၏။ အမစ္စာနံ၊ အမတ်တို့၏တွင်းတူးရာသည်ကား။ မုခပ္ပမာဏံ၊ ခံတွင်းမျှရုံ တူးရာ၏။ ပုရောဟိတံ၊ ပုရောဟိတ်တို့၏တွင်းတူးရာသည်ကား။ ဟဒယဥ္စ၊ နှလုံးခွံမျှရုံ တူးရာ၏။ ဘိက္ခု၊ ရဟန်းတို့၏ တွင်းတူးရာသည်ကား။ နာဘိ၊ ချက်မြုပ်ရုံ တူးရာ၏။ ပြာဟ္မဏံ၊ ပုဏ္ဏားတို့၏ တွင်းတူးရာသည်ကား။ ကတ္တဂလဿိ၊ အလွန်ဝမ်းရွှေမျှရုံ တူးရာ၏။ သဗ္ဗလောကော၊ ခပ်သိမ်းသောလူတို့ တွင်းတူးရာသည်ကား။ ဒွိဟတ္ထစတုအင်္ဂုလိ၊ ၂ တောင်လက်လေးသစ် တူးရာ၏။ အတိလံ၊ ဤသို့ဆိုလျက် လွန်၍တူးမူကား။ ဓနနာသာဿ၊ ဥစ္စာပျက်သည်မည်၏။ ပုတ္တဒါသံ၊ သားမြေးကျေးကျွန် အပျက်အစီးများအံ့။ တွင်းတူးရာ မတူးရာသောကျမ်းတည်း။

## ကျောင်းဆောက်အိမ်ဆောက် ပန်းဆွဲ

၁ နွေနေ့ဆောက်မူကား မူရား လက်ထုပ် ပန်းဆွဲရာ၏။
၂ လာနေ့ဆောက်မူကား သရက် ကုက္ကို ခတက် ပန်းဆွဲရာ၏။
၃ ဂ်ါနေ့ဆောက်မူကား ကြို ထိန် ကျူပန်းဆွဲရာ၏။
၄ ဟူးနေ့ဆောက်မူကား ပိန္နဲ ဆူးစောင် ခတက် ပန်းဆွဲရာ၏၊
၅ တေးနေ့ဆောက်မူကား ဉသျှစ် တမာ ဆူးစောင်း ပန်းဆွဲရာ၏။
၆ ကြာနေ့ဆောက်မူကား မုရိုး လက်ပံ သရက် ပန်းဆွဲရာ၏။
၇ စနေနေ့ဆောက်မူကား သပြေ သဖန်း သစ်ဆိမ့် ပန်းဆွဲရာ၏။
ကျောင်းဆောက်အိမ်ဆောက် ပန်းဆွဲပြီး၏။

## တွင်းစာကျွေးနည်းကျမ်း

တွင်းစာပေးရာမှာကား ရွှေငွေ ကျောက်မျိုး ရတတ်သမျှထည့်။ ကြေးငါးမျိုး ထည့်ရာ၏။ စပါး ပြောင်းပဲ လူး ဆတ် ကောက်နတ်ဝါမျိုးကြဲရာ၏။ ။တနည်းကား အရှေ့တောင်ထောင့် တွင်းနှင့် အနောက်မြောက်ထောင့်တွင်းကို ကြေးမျိုး ၅ ပါးထည့်ရာသည်။ တောင်ကတွင်းနှင့် အနောက်မြောက်ထောင့်တွင်းအလယ်တွင် ရွှေနှင့်ငွေ ထည့်ရာ၏။ အရှေ့မြောက်ထောင့်တွင်းနှင့် အနောက်တောင်ထောင့်တွင်းကို သံစ ထည့်ရာ၏။ တွင်းစာကျွေးရာသော ကျမ်းတည်း။ ။

## သစ်ထွင်းစကျမ်း

၁ နွေ၊ ၂ လာ၊ အင်္ဂါသည် သုံးရက်ကား သစ်မထွင်းကောင်း။ ၄ ဟူး၊ ၅ တေး ၆ ကြာ စနေနေ့ ထွင်းကောင်း၏။ ။၁ နွေသား အိမ်ဆောက်မူကား ၅ တေးသား ထွင်းစစေ။ ၂ လာသား အိမ်ဆောက်မူကား ၄ သား ထွင်းစစေ။ ၃ ဂ်ါသား အိမ်ကား ၆ ကြာသား ထွင်းစစေ။ ၄ သား အိမ်ကား ၂ လာသား ထွင်းစစေ။ ၅ တေးသား အိမ်ကား ၁ နွေသား ထွင်းစစေ။ ၆ ကြာသား အိမ်ကား ၃ ဂ်ါသား ထွင်းစစေ။ စနေသား အိမ်ကား ဗုဒ္ဓဟူးသား ထွင်းစစေ။ ။သစ်ထွင်းစကျမ်း။

သစ်ထူလဲသော် မလဲအပ်။ ဘေးကြီးသင့်အံ့။ ထိုသို့ဘေးကို လွတ်စေလိုသော် သစ်ကို စမုန်နီသုတ်၊ မရှိသော် ကြက်မောက်နီမြစ်ကိုသုတ်။ စုလဲလည်းကျိုးမူ မကောင်း အဆုံးဘည်း။ သစ်မျက်ပြေဆေးကား ဆိပ်ဖူး၊ လင်းလေ၊ မုံညင်း၊ ကြောင်ပန်း၊ ဉသျှစ်၊ ရှိန်းခို၊ ဆေးဒန်း၊ မြင်းသီလာ၊ ကြက်သွန်နီ၊ ကြက်မောက်နီ၊ စမုန်မျိုးရတတ်သမျှထည့်။ ပုန်းရည်နှင့် ကြို။ ကုလိကာဆေး။ စုလဲကို ရေနံနှင့်သုတ်။ ယက်မတွင်းတိုင်ကို ပုန်းရည်နှင့်ဖျော်၍သုတ်။

## ဘုရားသဗ္ဗညု ဆင်းတုတော်၏ လက္ခဏာ

ပဉ္စဒီဃာ ပဉ္စဟတ္တာ၊ ဒွါဝီသဉ္စဝိဒတ္ထိယော။
တရိယောဒသမုဋ္ဌိစ၊ အင်္ဂုလိအဋ္ဌတာလီသံ။
ပဉ္စဒသယဝေါစာတိ၊ အဋ္ဌုတ္တရသတံယထာ။
ဝေဒဗုဒ္ဓဂူပေစနတံ၊ ပဏ္ဍိတေဟိတထာမိတံ[၁]။

---

၁။ သမန္တစက္ခုဒီပနီနှင့် ညှိနှိုင်း ပြင်ဆင်ထားပါသည်။

ဤသို့ ထက်ဝယ်ဖွဲ့တော် တည်လျှင် ၃ စုစု။တစုသည် ထွာဖြစ်၏။ထွာ ၃ စုစု။ တစုသည် ၄ လက်သစ်ဖြစ်၏။ ၄ လက်သစ် နှစ်ပြန်သည် တမိုက်ဖြစ်၏။ ၃ မိုက်က တထောင်ဖြစ်၏။ လက်သစ်ကို ၄ စုစု။ တစုသည် မုယောဖြစ်၏။ ဤသို့ ထက်ဝယ်ဖွဲ့တော်ကို တောင် ထွာ မိုက် လက်သစ် ပြုပြီးမှ ဆင်းတုတော်ကို တိုင်းထွာ၍ လုပ်ရာသည်။

## အရှည်နှင့် တိုင်းသည် ငါးပါး

ထက်ဝယ်ဖွဲ့တော် တိုင်းသည်ကား ပလ္လင်ကသည် နှာဖျားယူ။ ထက်ဝယ်ဖွဲ့တော်၌ ခေါင်းတော် လုံးပတ်ယူ။ ခါးတော် လည်တပြန်ယူ။ တင်ဆုံကသည် ပုဆစ်ဒူး တဖက်တပြန်ယူ။ ဤကား ပဥ္စဒီဃာ အရှည်တိုင်းရာသည် ငါးပါးတည်း။

## တောင်နှင့် တိုင်းသည် ငါးပါး

ရင်ဝ ပခုန်းဖျားတွင် တတောင်ယူ။ ပုဆစ်ဒူးကသည် တင်ခုံ၌ တဖက်တတောင်ယူ။ ပုဆစ်ဦးကသည် ဖနှောင့်တဖက် တတောင်ယူ။ ဤကား ပဥ္စဟတ္ထာ တောင်နှင့်တိုင်းရာသည် ငါးပါးတည်း။

## ထွာနှင့် တိုင်းသည် ၂၂ ပါး

ပလ္လင်ကသည် ချက်တော်၌ တထွာ။ ချက်တော်ကသည် နို့ တထွာ။ နို့ကသည် နှာဖျား တထွာ။ နှာခေါင်းတော်ကသည် လည်တော်အဆုံး၌ တထွာ။ ခေါင်းတော်ဦးကင်ဆီတွင် အကန့် တထွာ၊ အထူ တထွာ၊ မျက်နှာရှည် တထွာ၊ နို့သီးနှစ်ဖက် အကြားလည်း တထွာ။ နို့ကသည် ပခုန်းဖျား၌ တဖက်တထွာ။ လက်ကတီးစွန်းကသည် တန်တောင်ကွေး၌ တဖက်တထွာ။ တန်တောင်ကွေးကသည် လက်ကောက်ဝတ်၌ တဖက်တထွာ။ လက်ကောက်ဝတ်ကသည် လက်ဖျား၌ တဖက်တထွာ။ ဝမ်းတော်အထူလည်း တဖက်တထွာ။ အကန့်လည်း တဖက်တထွာ။ ခေါင်းတော်အဆုံးကသည် ခေါင်းတော်ဆံလျှင်၌ တထွာ။ ဆံလျှင်ကသည် မေးဖျားတိုင်လည်း အကန့်တထွာ။ ဒွါဝီသဥ္စ ဝိဒတ္ထိယော၊ ထွာနှင့်တိုင်း ၂၂ ပါး။

## မိုက်နှင့် တိုင်းသည် ၁၃ ပါး

(၁) နားတော် တဖက်တမိုက်။ (၂) နှာခေါင်းတော်ကသည် နားရင်း တဖက်တမိုက်။ (၃) ပခုံး တဖက်တမိုက်။ (၄) လည်တော် အချင်း တမိုက်။ (၅) ရင်ကြားကသည် လက်စ၍ တဖက်တမိုက်။ (၆) လက်ထောက်ဝက်ကသည် ပခုံးညွန့်၌ တဖက်တမိုက်။ (၇) ပေါင်တော် အထူ တမိုက်။ တရိယောဒသမုဋ္ဌိစ မိုက်နှင့်တိုင်းသည် ၁၃ ပါးတည်း။

## လက်သစ်နှင့် တိုင်းသည် ၄၈ ပါး

မေးတော်ကသည် နှာဖျားရွေ ၄ သစ်။ နှာဖျားကသည် မျက်မှောင်ကြားရွေ ၄ သစ်။ မျက်မှောင်ကြားကသည် သင်းကျစ်ရွေ ၄ သစ်။ သင်းကျစ်တော်ကသည် ခေါင်းတော်ဆုံးရွေ ၄ သစ်။ မုနိတော်သရာဇ်ဆယ်ရောင်လျှံတော် ၄ သစ်။ မျက်မှောင်အလျား တဖက် ၅ သစ်။ နှာရောင်တော်ကသည်မျက်ခွက် တဖက် ၄ သစ်။ မျက်ခွက်ကသည် နားရင်းတော်ရွေ ၄ သစ်။ မျက်စေ့အလျား တဖက် ၃ သစ်။ အထက်မျက်ခမ်းကသည် မျက်မှောင်တော်ရွေ တဖက် ၃ သစ်။ ခံတွင်းအလျား ၄ သစ်။ နှာပွတ် ၂ သစ်။ နှာခေါင်းအလျား ၅ သစ်။ နားသား ၃ သစ်။ နားရွက် ၃ သစ်။ နားသားအပြား ၅ သစ်။ အဖျား ၂ သစ်။ နားခွက်နောက်က စောက် ၄ သစ်။ လက်မောင်းအလျား ၁၆ သစ်။ လက်မောင်းလုံးပတ် ၁၆ သစ်။ လက်ဝါးပြား ၆ သစ်။ လက်ပါးအလျား ၆ သစ်။ လက်ညှိုး လက်လယ်စသည် ၆ သစ်။ ဖဝါးအလျား ၁၃ သစ်။ ၂ မုယော။ အပြား ခြောက်သစ်။ အစောက် ၄ သစ်။ ဖမိုးအလျား ၆ သစ်။ အင်္ဂုလိအဌထာလီသံ လက်သစ်နှင့် တိုင်းရာသည် ၄၈ ပါးတည်း။

## မုယောနှင့် တိုင်းသည် ၁၅ ပါး

မျက်မှောင်တော်ပြက် တဖက် ၂ မုယော။ မျက်စိအဖွင့် ၃ မုယော။ မျက်စိ၏အလျား ၃ မုယော။ မျက်တောင် ၂ မုယော။ နှာခေါင်းအပွ တဖက် ၂ မုယော။ နှာခေါင်းဝအကြား ၁ မုယော။ နှုတ်ခမ်းတော်အလျား ၄ သစ်။အဆုံးတွင် ပြုံးဟန် တဖက်တမုယော။နက်အောင် ပရွက်သို့ ကိုယ်လိုက်အောက် နှုတ်ခမ်း အစောက် ၁ မုယော။ လဆန်း ၃ ရက်၌ ပေါ်စသောလကဲ့သို့ ရှိစေ။ နားသား နားကွင်းအလျား တဖက် ၂ မုယောစီ။ မုယောနှင့် တိုင်းရာသည် ၁၅ ပါးတည်း။

## အဖြိုး ၇ ပါး

ဖမိုးတော် ၂ ဖက်၊ ပခုံးတော် ၂ ဖက်၊ မျက်မိုး ၂ ဖက်၊ လည်ကုပ်တော် ဤ ၇ ပါးတည်း။

## ကိုယ့်တော်ပြည့်ဖြိုးစေသည့် လက္ခဏာလေးဆယ်

မေးတော်ကား ခြင်္သေ့မင်းကဲ့သို့ ရှိစေ တည်စေ။ ပါးစောင်တော်ကလည်း မေးတော်ကသည် နားရင်းတိုင်အောင် ဒွါဒသစန္ဒလံ၊ လဆန်း ၁၂ ရက်လ၏ သဏ္ဍာန်ရှိစေ။ ကရဝိက နားတော်ကသည် လည်စာမြို့၌ တိုင်အောင် ရှိုက်မက်လုံးစုံ မရှိစေနှင့်။ ဖြိုးဖြိုးရှိစေ။ မေးတော်ကသည် ပါးစောင်တော်၊ ပါးစောင်တော်ကသည် စားမြိုတော်၊ စားမြိုတော်ကသည် ကရဝိက နဖူးတော်တိုင်အောင် စန္ဒလံ လပြည့်ဝန်းကဲ့သို့ရှိစေ။ လည်တော်ကား မုရိုးစည် သဏ္ဍာန်ရှိစေ။ လည်တော်အကန့်ကို ၃-စု စု၍ တစုသည် အလျားလည်ရေး ၃-ရစ်သည်

တသစ်စီဖြိုးစေ။ လည်တော်ကသည် ရင်ရစ်ရင်ပုံ ရွှေခြင်္သေ့မင်း၏ ရင်ပုံတော်ကဲ့သို့ ရှိစေ။ ခြင်္သေ့မင်း၏ ရင်ဘတ်ကား အင်းပျဉ်နှင့်တူသောကြောင့် ရွှေအင်းပျဉ်နှင့် တူစေ၍ ရင်ဘတ် ရင်ပုံကသည် ဝမ်းတော်တိုင်အောင် ဥပမာသည် နွားလားဥဿဘနဖူးကဲ့သို့ နဖူးကသည် နှာရောင်ဖျား တိုင်အောင် စောင်၍ကြည့်သည်ရှိသော် လျော့လျော့ ထင်သကဲ့သို့ ရင်တော်ကသည် ဝမ်းတော် တိုင်အောင် နွားလားဥဿဘ မျက်နှာကဲ့သို့ရှိစေ။ ရင်ကြားရင်ပြင် လျောလျောဖြိုးဖြိုး တပြင်တည်းရှိစေ။ ချပ်ချပ်ရှိစေ။ ။ ဘုရား သဗ္ဗညုဆင်းတုတော်၏ လက္ခဏာတော်ကား ဤသို့တည်း။ ထိုကျမ်းလက္ခဏာတော်နှင့်ညီစွာ ပြုပြင်၍ ကိုးကွယ်ရသော သူတို့သည် ပစ္စုပ္ပန်စီးပွား သံသရာစီးပွား ပြန့်ပွားတိုးတက်ရာ၏။

တနည်းသော်ကား ဤသို့တည်း။ အရှည်နှင့်တိုင်းသည် ငါးပါးဟူသော်ကား ထက်ဝယ် ပုဆစ် ၂ ဖက် တထောင်ထွာ အဆုံးတထောင်ထွာ လက်ဝါး ကသည် ထိပ်တော်များ၍ တထောင်ထွာ။ နောက်ဖက်ကသည် အောက်သို့ ပလ္လင်ထိရုံရွှေ တထောင်ထွာ။ မုနိတော် လုံးပတ်လည်း တထောင့်ထွာ။ ခါးတော်ပတ်လည် တထောင်ထွာ။ အရှည်တိုင်းသည် ၅ ပါး ပြီး၏။

## တောင်နှင့်တိုင်းနည်း

တောင်နှင့် တိုင်းသည် ၅ ပါးဟူသော်ကား ရင်ဝတတောင် ပုဆစ်ဦးကသည် တင်ခုံ တော်ရွှေ တဖက်တထောင်၊ ပုဆစ်ကသည် ခြေမျက်တော်ရွှေ တဖက်ဘတောင်။ တောင်နှင့် တိုင်းသည် ၅ ပါးပြီး၏။

## ထွာနှင့်တိုင်းနည်း

ထွာနှင့်တိုင်းသည် နှစ်ဆဲ့နှစ်ပါးဟူသော်ကား မျက်နှာတော် တထွာ၊ နှာခေါင်းအကန့် တထွာ၊ ချင်း တထွာ၊ မေးဖျားကသည် ဆံညွန့်ရွှေထထွာ၊ ဆံညွန့်ကသည် ချက်တော်ရွှေ တထွာ၊ ချက်တော်ကသည် ပလ္လင်ရွှေဘထွာ၊ ခါးတော်အကန့် တဖက်တထွာ၊ ခါးတော်ချင်း တဖက်တထွာ၊ လက်ကတီး စပ်ကသည် တန်ထောင်ရွှေ တဖက် တထွာ၊ တန်ထောင်ကသည် လက်ကောက်ဝတ် ရွှေတဖက်တထွာ။လက်ကောက်ဝတ်သည် လက်ညှိုးဖျားရွှေတဖက်တထွာ၊ ရင်တော်အထူလည်း တဖက်တထွာ။ ပေါင်တော်အဖျားလည်း တဖက်တတွာ၊ ခြေကျဉ်းဝတ် လုံးပတ်လည်း တဖက်တထွာ။ ထွာနှင့်တိုင်းသည် နှစ်ဆဲ့နှစ်ပါးတည်း။

## မိုက်နှင့်တိုင်းနည်း

မိုက်နှင့်တိုင်းသည် ၁၃ ပါး ဟူသော်ကား လက်တော်ကသည် ပခုံးတော်ရွှေ တဖက် တမိုက်၊ နို့တော်ကသည် လက်ကတီးစပ်ရွှေ တဖက်တမိုက်၊ နို့သီးနှစ်ဖက် အကြားလည်း တမိုက်၊ ပေါင်တော်အထူလည်း တဖက်တမိုက်၊ နှာခေါင်းအလယ်ကသည် နားထိရုံ တဖက် တမိုက်၊ နားအလျားသည်လည်း တဖက်တမိုက်၊ လက်ပြင်လည်း တဖက်တမိုက်။ မိုက်နှင့် တိုင်း သည် ၁၃ ပါး ပြီး၏။

## လက်သစ်နှင့်တိုင်းနည်း

လက်သစ်နှင့်တိုင်းသည် လေးဆဲ့ရှစ်ပါး ဟူသည်ကား နဖူးတော် ၄ သစ်၊ နှာခေါင်းတော်လျားလည်း ၄ သစ်၊ မေးဖျား ၄ သစ်၊ ခံတွင်းတော် အလျားလည်း ၄ သစ်၊ မျက်မောင်းတော် ၂ ဖက် ၄ သစ်စီ။ နားအဆုံး ၄ သစ်၊ နဖူးကသည် ၄ သစ်၊ ရေမြွက်ကသည် ရောင်လျှံ့ရွှေ ၄ သစ်၊လည်ဘော်အစောက် ၄ သစ်၊လည်တော်လုံးပတ်ကား လက်သစ်နှစ်ဆယ်၊ ခြေမျက်ကသည် ဖဝါး၏အဆုံးရွှေ အတွင်းအပြင် ၄ သစ်စီ။ ဖနောင့်အနံ ၄ သစ်စီ၊ ဖဝါးအဖျားအနံ ၄ သစ်စီ၊ ဖဝါးအလျားကား ၁၃ သစ် ၂ မုယောစီ၊ ခြေမလုံးပတ် ၄ သစ်၊ ခြေမလည်းရွှေအဝန်း ၃ သစ်၊လက်ရုံးလုံးပတ် ဆဲ့ရှစ်သစ်၊လက်ကောက်ဝတ် လုံးပတ် ဆယ်သစ်၊ လက်တံကား ၅ သစ်၊ လက်မလုံးပတ် ၃ သစ်၊လက်မအဝန်းကား ၂ သစ်၊ နှာခေါင်းအစောက် ၂ သစ်၊ နှားခေါင်းဖျားကသည် နှုတ်ခမ်းဖျားရွှေ ၂ သစ်၊ မျက်စိအလျား ၂ သစ်၊ အနံ တသစ်။ လက်သစ်နှင့်တိုင်းသည် လေးဆဲ့ရှစ်ပါးပြီး၏။

## မုယောနှင့်တိုင်းနည်း

မုယောနှင့်တိုင်းသည် တဆဲ့ငါးပါးဟူသော်ကား မျက်မှောင်အနံ ၂ မုယော၊ မျက်နက် ၃ မုယော၊ မျက်ဖြူ ၃ မုယော၊ နှာခေါင်းအစောက် ၂ မုယော၊ နားအထူ ၂ မုယော၊နားတွင်း ၂ မုယော၊ နှုတ်ကျော ၂ မုယော။ မုယောနှင့်တိုင်းသည် တဆဲ့ငါးပါးပြီး၏။

## လက္ခဏာတော် ၃၂ ပါး

လက်ရုံး၊ နဖူး၊ နှာခေါင်း၊ ရင်ဝ၊ ရှည်သည် ၅ ပါး၊ လိမ်ကြောင်အားလုံး တိုရာသည် ၃ ပါး။ လက္ခဏာ ခံတွင်း၊ လျှာ၊ မျက်တော်၊ ခြေသည်း လက်သည်း၊ ဖင်ဝ၊ နီရာသည် ၇ ပါး။ လက်ဖမိုး၊ ခြေဖမိုး၊ ရင်၊ ပါးစောင်၊ လက်ကုပ်၊ ဆိုရာသည် ခြောက်ပါး။ လည်တံ၊ ဆံ၊ ခြေတံ၊ သွား၊ လက်ရုံး၊ ပေါင်၊ ပြေပြစ်ရာသည် ၅ ပါး။ နဖူး၊ နား၊ ပေါင် ကြီးရာသည် ၃ ပါး။ အသံ၊ ချက် နက်ရာသည် ၂ ပါး။ ပေါင်းသော် လက္ခဏာတော်ကြီးကား ၃၂ ပါး။ သည်တွင်သာ လက္ခဏာငယ် ရှစ်ဆယ်ပြားသည်။ မြတ်စွာဘုရားထုနည်းပြီး၏။

## စေတီတည်နည်း

ခပ်သိမ်းသော ပညာရှိတို့ ကျမ်းနှင့်ညီစွာ စီရင်ရာသော ဘုရားကျောင်းတော် စေတီတော်စနည်းကို ဆိုတုံအံ့။ ဘုရားကျောင်းတော်စေတီစနည်းကား ပစ္စယာမကိုတည်။ ပစ္စယာမကို ၆ ချိုးပြု၍ ၄ ချိုးသည် ပစ္စယာလယ်၊ ခြေ၊ ပစ္စယာမ၏ ထက်ဝက်ကား ပစ္စယာထွေးခြေ။ ပစ္စယာလယ်၏ ထက်ဝက်ကား ရှစ်ထောင့်ခြေ။ ရှစ်ထောင့်ခြေကို ၅ ချိုးပြု၍ ၄ ချိုးသည်၊ ကြေးဝိုင်းခြေ။ ကြေးဝိုင်းခြေကို ၉ ချိုးပြု၍ ရှစ်ချိုးသည် ခေါင်းလောင်းခြေ။ ခေါင်းလောင်းခြေကို ရှစ်စုပြု၍ ၆ စုသည် ခေါင်းလောင်းထိပ်၊ ၎င်း ၆ စု သပိတ်မှောက်ခြေ။ ရင်ဖွဲ့ကို ဥာဏ်ဖြင့်ဆင်ခြင်လေ။ခေါင်းလောင်းအဝ တပြန်သည်၊သပိတ်မှောက်နှင့် ခေါင်းလောင်းအရပ်။

ပန်းတင်တပြန်သည် သပိမှောက်ဝထိပ်ကျ၏။ အရပ်ဖောင်းတွင်း၍ ဖိနပ်ထက်ဝက်၏ အရပ်ယူ။ ဖောင်းအရပ်ကို တဝက်ချိုး၍ ကြာနှင့်ချယားသီး ငှက်ပျောဖူးလုပ်လေ။ ဖောင်းကိုတဝက်ချိုး၍ ရှစ်ချိုးပြုပြန်။ ၃ ပြန်သည် ကြာနှင့် ချယားသီး။ အရပ် ၄ ပြန်သည် ငှက်ပျောဖူး အရပ်ခြောက်ချိုး ချိုး၍ ပစ္စယာ ၂ဆင့်အရပ်။ ပစ္စယာထွေးခြေနှင့်အမျှ။ ပစ္စယာ ၂ဆင့်အရပ်ကို ပြုလေ။ ပစ္စယာမကို ၈ ချိုး ချိုး၍ တချိုးကိုတဝက်ပြုပြန်။ ၂ ချိုးတဝက်သည် ပစ္စယာလယ်အရပ်။ ၃ ချိုး တဝက်သည်ပစ္စယာမအရပ်၊ ၂ ချိုးသည် ပစ္စယာထွေးအရပ်။ ခေါင်းလောင်းကို ၅ ချိုးချိုး၊ တချိုးသည် ကြေးဝိုင်းအစောက်။ ကြေးဝိုင်းစောက်ကို ၄ ချိုးပြု၊ တချိုးခေါင်းလောင်းပြန်။ ရှစ်တောင့် စောက်ပစ္စယာမကို ၇ ချိုးချိုး၍ တချိုးတမိုက်မှ ပစ္စယာလယ်ကို ကြာနှင့် ၁၄ ချိုးပြု၍ ၂ ချိုးပစ်။ တမုံလယ်အဝ။ ပစ္စယာ ထွေးကို တဆဲ့လေးချိုး ချိုး၍ တချိုးပစ်။ ပစ္စယာ ထွေးတမုံယူ။ ယန်လည်၊ ယန်လံလက်ရုံးစည်း၊ ကြာဘုံ သည်များကို ဥဘဏ်နှင့်ဆင်ခြင်လေ။ ပစ္စယာ မခြေကိုထက်ဝက်ပြု၍ ၂ ချိုးပြုပြန်၊ တချိုးသည် ဖောင်းကွေမာတောင် ရပ်နှင့်အကုန်ယူ။ ဖောင်းကွေအကုန်ကိုတိုင်း၍ တဝက်သည် ဖောင်းကွေအဝပြု။ အဝနှစ်ပြန်ခွဲသည်အစောက်။ ကြေးကွေး၊ ဆပ်သွား၊ဒူရင်းသမင် ပေါင်တို့ကိုဥဘဏ်နှင့် ဆင်ခြင်လေ။အုတ်ဆုပ်ရိုးကား၊ ယံမောက် ယံလံတို့ကို လက်လယ်တဆစ်ဆုပ်လေ။ စေတီတော်ပြီး၏။

## နေ့လိုက်အိမ်ဆောက် ပန္နက်ချနည်း

အပျိုးသားတို့၊ မှတ်သားလင့်ကုန်၊ စီးပွားချမ်းသာ၊ သားမြေးကျေးကျွန်၊ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ ကျီကျဘဏ္ဍာ၊ ဤများစွာကို၊ ပြည့်စုံလိုသော်၊ ၁ နွေသားသမီးတို့သည် အိမ်ဆောက်သောအခါ ၅ တေးသား၊ ၆ ကြာသား တို့ကိုကြိုးကိုင်စေ။ ၄ ဟူးသားကို ပန္နက်သဲနှက်စေ။ ကြွယ်ဝ၍ စီးပွားချမ်းသာပွား၍ အလှူအတန်းကြီးစွာပေးရ၏။ အသက်ရှည်၍ သားမြေးစဉ်ဆက် ကောင်းစားအံ့။ ၃ ဂံါသား၊ ၄ ဟူးသားတို့ ကြိုးကိုင်မိသော် ၂ လာသား ပန္နက်နှက်မိသော် အနာအဖျားမကင်း စီးပွားချမ်းသာ ဥစ္စာပစ္စည်း သားသမီး ကျေးကျွန် အိမ်ခြေပြောင်းပြန်ပျက်စီးခြင်းသို့ရောက်အံ့။ ဆင်းရဲစွာရှိအံ့။ ၁ နွေသားဖို့။

၂ လာသား ၂ လာသမီး အိမ်ဆောက်သော် စနေသားကိုကြိုးကိုင်စေ။ ၁ နွေသား ပန္နက်သဲ နှက်စေ။ ကြွယ်ဝအံ့။ ၄ ဟူးသား ၅ တေးသားတို့ကြိုးကိုင်မိသော် ပန္နက်သဲနှက်မိသော် ပျက်စီးခြင်းသို့ရောက်အံ့။ ၂ လာသားဖို့။

၃ ဂံါသားသမီးတို့ အိမ်ဆောက်သော် စနေသား ၁ နွေသားတို့ကို ကြိုးကိုင်စေ။ ၂ လာသား ပန္နက်သဲနှက်စေ။ ကြွယ်ဝအံ့။ ၅ တေးသား ၆ ကြာသားတို့ ကြိုးကိုင်မိသော် ၄ ဟူးသား ပန္နက်သဲတိုင်နှက်မိသော် ပျက်စီးခြင်းသို့ ရောက်အံ့။ ဆင်းရဲကြီးစွာဖြစ်အံ့။ ၃ ဂံါသားဖို့။ ။

၄ ဟူးသား ၄ ဟူးသမီးတို့အိမ်ဆောက်မူ ၁ နွေသား ၂ လာ သားတို့ကို ကြိုးကိုင်စေ၊ ၃ ဂံါသား ပန္နက်သဲနှက်စေ။ ကြွယ်ဝအံ့။ ၆ ကြာသား စနေသားကို ကြိုးကိုင်၍ တိုင်းသော် ၅ တေးသား ပန္နက်သဲနှက်မိသော် ပျက်စီးခြင်းသို့ရောက်၏။ ဆင်းရဲကြီးစွာအံ့။ ၄ ဟူးသားဖို့။

---

၁။ လက်မှုပညာကျမ်း၌ စနေသား။

၅ တေးသား ၅ တေးသမီးတို့ အိမ်ဆောက်သော်ကား ၃ ဂႆါသား [3] ကိုကြိုးကိုင်၍ တိုင်းစေ။ ၄ ဟူးသား ပန္နက်သဲတိုင်နှက်စေ။ ကြွယ်ဝအံ့။ စနေသား ၁ နွေသားတို့ကြိုးကိုင်၍ ၆ ကြာသား ပန္နက်သဲနှက်မိသော် မသင့်။ ပျက်စီးခြင်းသို့ ရောက်အံ့။ ၅ တေးသားဖို့။

၆ ကြာသား ၆ ကြာသမီးတို့ အိမ်ဆောက်သော်ကား ၃ ဂႆါသား ၄ ဟူးသားတို့ ကြိုးကိုင်စေ။ ၅ တေးသား ပန္နက်သဲနှက်စေ။ ကြွယ်ဝအံ့။ ၁ နွေ ၂ လာတို့ ကြိုးကိုင်၍ [2] စနေသား ပန္နက်သဲနှက်မိသော် ပျက်စီးခြင်းသို့ရောက်၍ ဆင်းရဲကြီးစွာရောက်အံ့။ ပညာရှိဘို့ ပညာနှင့်နှလုံးသွင်း။ ၆ ကြာသားဖို့။

စနေသား စနေသမီးတို့ အိမ်ဆောက်မူကား ၄ ဟူး ၅ တေးသားတို့ကို ကြိုးကိုင်စေ၍ ၁ နွေသား ပန္နက်သဲနှက်စေ။ ကြွယ်ဝအံ့။ ၂ လာ ၃ ဂႆါသားတို့ ကြိုးကိုင်၍ ၁ နွေသား ပန္နက်သဲနှက်မိသော် ပျက်စီးခြင်းသို့ရောက်၍ ဆင်းရဲကြီးစွာရှိလေအံ့။ စနေသားဖို့။

အိမ်ဆောက်ကျမ်းကားပြီး၏။ ။

## တွင်းစာပေးနည်း လင်္ကာ

လေ့လေ့လာလာ၊ မျိုးလေးဖြာတို့။
မှတ်ပါကုန်ကျ၊ အိမ်ဆောက်သောခါ။
မြေအစာကား၊ အရှေ့မှာကားငွေ။
တထွေကြေးနီ၊ တောင်ထောင့်ဆီက။
ခပ်ပြာတောင်မှာ၊ မည်သာခေါ်ဘိ။
နရတိမိုးကြိုး၊ သုဝဏ္ဏမဏ္ဍိ။
ထည့်ဘိခဲမ၊ ပါရပ်ကတည့်။
မြောက်ခဲမဖြူ၊ သံမူသေန်။
ကျမ်းဂန်ဆရာ၊ မိန့်မှာဟောထား။
တွင်းစာများကို၊ ထည့်ငြားရမူ။
ထိုသူအိမ်ရှင်၊ ပျောက်စင်အန္တရာယ်။
ကိုးဆယ့်ခြောက်ပါး၊ အနာများကို။
ပျောက်ငြားကေန်၊ နေကျမှန်လော။
အလွန်တရာ၊ ကောင်းလှစွာသည်။

ဤစာ အကျော်အစောဘည်း။ ။အိမ် ကျောင်း ဆောက်သောခါ တွင်းစာ ပေးသတည်း။

---

၁။ လက်မှုပညာကျမ်း၌ ၂ လ်ာသား ပါ၏။
၂။ လက်မှုပညာကျမ်း၌ ဖော်ပြမထားပါ။
၃။ လက်မှုပညာ၌ သောကြာသား။
အကောင်း၊မကောင်းသည် တနင်္ဂနွေချည်းဖြစ်နေ၍ သောကြာသားကို အကောင်း၌ ဖော်ပြ ထည့်သွင်းထားပါသည်။

## မြေစာပေးကျမ်း

အိမ်ရာကျောင်းကန်ဆောက်မူ၊ တပေါင်း တကူး ကဆုန် ဤသုံးလ ဘရဂုဏ်မည်သော ဘီလူး မြေကိုစောင့်၏။ အစာပေးအံ့သည်ကား ထမင်းဖြူ၊ နံ့သာထုံပေး။ ဆီမီးတဘိုင်ညှိပေး။ စည်းစိမ်ချမ်းသာရအံ့။ နယုန်၊ ဝါဆို၊ ဝါခေါင် ဤသုံးလကား ရတနကုံ မည်သော ဘီလူး မြေကိုစောင့်၏။ အစာပေးအံ့သည်ကား ထမင်းရွှေ ဟင်းရွှေ နံ့သာထုံပေး။ ဆီမီးတတိုင် ညှိပေး။ ချမ်းသာရအံ့။ တော်သလင်း သီတင်းကျွတ် တန်ဆောင်မုန်း ဤသုံးလကား ရတနာ ယက္ခမည်သော ဘီလူး မြေကိုစောင့်၏။ ထမင်းနီ ဟင်းနီ နံ့သာဆီမီး တတိုင်ညှိပေး။ ချမ်းသာ ရအံ့။ နတ်တော် ပြာသို တပို့တွဲ ဤသုံးလကား ကိဿနာမယက္ခမည်သော ဘီလူး စောင့်၏။ အစာပေးအံ့သည်ကား ထမင်းမဲ ဟင်းမဲ ဆီမီးတတိုင်ညှိပေး။ နံ့သာထုံပေး။ ချမ်းသာရအံ့။ ဤကား လကိုလိုက်၍ မြေစာပေးသည်ကျမ်း။

လဆန်းတရက် နတ်ခံ၏။ သေကြေ၏။ နှစ်ရက်သမီး ကညာ ခံ၏။ ခပ်သိမ်းကောင်း၏။ သုံးရက် ဂုဏ်နှင့်နွားခံ၏။ ဆောင်တိုင်းငြိမ်းချမ်းသာယာအံ့။ လေးရက် နွားနက်ခံ၏။ ပျက်စီးအံ့။ ငါးရက် ဂဠုန်ခံ၏။ ချမ်းသာအံ့။ ခြောက်ရက် ဆင်ခံ၏။ ဆင်းရဲအံ့။ မကောင်း။ သေအံ့။ ခုနှစ်ရက် သိန္ဓောခံ၏။ ခပ်သိမ်းကောင်း၏။ ရှစ်ရက် ဒွန်းစဏ္ဍာလခံ၏။ ဆင်းရဲအံ့။ မကောင်း။ ကိုးရက် ဘီလူးခံ၏။

သက္ကရာဇ် ၁၂၁၃ ခု၊ တပို့တွဲလဆန်း ၁၂ ရက်၊ ၁ နေ့နေ့ သုံးချက်တီးအချိန် ပိသုကာကျမ်း ရေးကူး။

# အညွှန်း


ကဝါလမိုင်း ၁၊၄၊၁၁
ကျောင်းဆောက် အိမ်ဆောက်ပန်းဆွဲ ၄၇
ကြငှန်းတိုင်ထူနည်း ၄၇
ငှက်ပျောဖူး ၈
စေတီတည်ခြင်း ၁
စေတီတည်နည်း ၅၂
စေတီဖိနပ်တော် ၂
စေတီဖိနပ်တော်နှင့် ထုပ်လျှောက်စားအကြွင်းဟော ၁၂
စိန္တာမဏိဂါထာ ၃၂–၃၇
စမ္မာယ်လဆင်နည်း ၄၂
ဆီမီးကျွမ်းအောင် ပူဇော်သောဂါထာ ၁၇
ဆင်းရဲသားလှေကား ၄၅
ဇေတဝန်ကြီးဆင်နည်း ၄၁
ဇေတဝန်ငယ်ဆင်နည်း ၄၀
ဌာပနာတိုက် ၂၊၁၃၊၁၄
ဌာပနာတိုက်အစီအစဉ် ၄–၇
ဌာပနာမသွင်းအပ်သောပစ္စည်း ၈
ဌာပနာသွင်းအပ်သောပစ္စည်း ၈
တောင်နှင့်တိုင်းသည် ၅ ပါး ၄၉၊၅၁
တည်ခြင်း ၃ ပါး ၇
တွင်းစာကျွေးနည်းကျမ်း ၄၈
တွင်းစာပေးနည်း ၅၄
တွင်းတူးရာ မတူးရာသောကျမ်း ၄၇
ထီးတင်နည်း ၁၂
ထုပ်လျှောက်စားနည်း ၃၈
ထုပ်လျှောက်စွန်းထားရာ မထားရာ ၄၄
ထုပ်လျှောက်စားအကြွင်းဟော ၃၈
ထွာနှင့်တိုင်းသည် ၂၂ ပါး ၅၁
ဒုဋ္ဌဂါမဏိမင်း ၁၃၊၃၀၊၃၁
ဒေဝါနမ္ပိယတိဿမင်း ၁၃
ဓာတ်တော်မွေတော် ဌာပနာနည်း ၇
နရပတိဇေယသူ ၃၁

နေ့ချင်းပိတ်အပ်သည် ၃ ပါး ၃
နတ်လေးပါး ၁၇၊၁၈
နန်းလျှေကား ၄၅
နှစ်ကျိပ်ရှစ်ဆူ ၇
နှစ်မကူးအပ်ခြင်း ၁၄
နှစ်မကူးအပ်သည် ၃ ပါး ၄၊၁၄
ပိသုကာတို့လိုက်နာရန် ၁၆
ပိသုကာပွဲ ၄
ပုရောဟိတ်လှေကား ၄၅
ပန္နက်ချနည်း ၅၃
ပန္နက်သဲစိုက်ခြင်း ၁
ပန်းလည်တိုင်ချစဉ်နောက်ဆုံးရွတ်ရသောဂါထာ ၁၁
ပန်းလည်တိုင်စားအကြွင်းဟော ၉
ပန်းလည်တိုင်ထူနည်း ၉
ပန်းလည်တိုင်အမျက်ရွေးနည်း ၉၊၁၀
ပန်းရံသမားပူဇော်ရာ ၇
ပုဗ္ဗာရုံကျောင်းဆင်နည်း ၄၃
ပြဿဒါးဘုရား ၁၆
ပြည့်တန်ဆာမိန်းမလှေကား ၄၅
ဘုရားပြိုဘုရားပျက်နှင့် ဟောင်းနွမ်းသောစေတီ
ဘုရားများကိုပြုပြင်နည်း ၁၆၊၁၇
ဘုရားလေးဆူ ၈
ဘုရားသဗ္ဗညုဆင်းတုတော်၏လက္ခဏာ ၄၈
ဘုမ္မစိုးနတ်တိုင် ၁
မဆောက်အပ်ရာသောသစ်ဆယ်ပါး ၃၉
မနေအပ်ခြင်း ၃၉
မဟာဗောဓိပင် ၂၂၊၂၅
မဟာဇေယျမင်္ဂလာ ၄၃ ဂါထာ ၂၇–၃၀
မုစလိန္ဒာနဂါးရုံ ၂၃၊၂၄၊၂၇
မုယောနှင့်တိုင်းသည် ၁၅ ပါး ၅၀၊၅၂
မိုက်နှင့်တိုင်းသည် ၁၃ ပါး ၄၉၊၅၁
မာရ်နတ်သားဂါထာ ၁၉
မြေစာပေးကျမ်း ၅၄
ယာယီနန်းလှေကား ၄၅
ရတနာဃရရွှေအိမ် ၂၃၊၂၆

ရတနာစကြံ ၂၂၊၂၆
ရေးအပ်သွန်းအပ်သော အရုပ်များထားခြင်း အစီအစဉ် ၇
ရုပ်ပွားတော်ထုနည်း ၂၀
ရှင်မဟိန္ဒမထေရ် ၁၃
ရှင်သူလေးပါး ၈
ရှင်ဥပဂုတ်ဂါထာ ၁၈၊၃၂
ရွှေအုတ်ချအပိတ်ဂါထာ ၃
ရွှေအုတ်မြစ်ချ ၂
လမကူးအပ်သည် ၃ ပါး ၄
လက္ခဏာတော်ကြီး ၃၂ ပါး ၅၂
လက္ခဏာလေးဆယ် ၅၀
လက်သစ်နှင့်တိုင်းသည် ၄၈ ပါး ၅၁၊၅၂
လင်းလွန်းပင် ၂၄၊၂၇
လည်ပေါ်ဆင်းနည်း ၄၁
လှေကားပြုလုပ်နည်း ၄၄၊၄၅
ဝိသုကြုံပွဲ ၁၁
ဝေဠုဝန်ဆင်နည်း ၄၂
သီရိဓမ္မသောကမင်းကြီးဂါထာ ၃၀
သေနာပတိစစ်သူကြီးလှေကား ၄၄
သစ်ဆယ်ပိုင်းအမျက်ရွေးနည်း ၄၀
သစ်ထွင်းစကျမ်း ၄၈
သစ်ရပ်စားနည်း ၃၇
သစ်လဲကျမ်း ၄၅
သတ္တဋ္ဌာနတိုက် ၂
သတ္တဋ္ဌာန နောက်ပိတ်ချဂါထာ ၈
သတ္တဋ္ဌာနဘုရားရှိခိုး ၂၅
သတ္တဋ္ဌာနသွင်းခြင်း ၂၁
အဇပါလညောင်ပင် ၂၃၊၂၆
အနိမိဿ ၂၂၊၂၆
အဖြိုး ၇ ပါး ၅၀
အရှည်နှင့်တိုင်းသည် ၅ ပါး ၄၉
အိမ်ကျောင်းလက္ခဏာ ၃၇
ဥရုတိုင် ကြငှန်းတိုင်တို့၌ ကျောက်မြှုပ်ရခြင်း ၄၅
ဥက္ကလာပမင်းကြီး ၁၅

# "ပြသုဘာဝကျမ်း"

| စာမျက်နှာ | ကြောင်းရေ | အမှား | ပြင်ချက် |
|---|---|---|---|
| ၁ | ၁၇ | အသင်္ချေယံ | အသင်္ချေယျံ |
| ။ | ၂၂ | သဂ္ဂမောက္ခနတ္ထာဃ | သဂ္ဂမောက္ခတ္ထာဃ |
| ။ | ၂၄ | ဣဋ္ဌစေတီယံ | ဣဋ္ဌကစေတီယံ |
| ။ | ၂၇ | ဒေဝါ | ဒေဝါနံ |
| ။ | ၂၇ | လဗ္ဘန္တိ | လဘန္တိ |
| ၂ | ၂၄ | ဆဠ္ဌာ | ဆဋ္ဌာ |
| ၃ | ၁၇ | အကျွန်ုပ်တို့သည် | အကျွန်ုပ်အား |
| ။ | ။ | တပါးသောသူတို့သည် | တပါးသော |
| ။ | ၁၈ | အကျွန်ုပ်တို့၏ | အကျွန်ုပ်၏ |
| ။ | ၁၉ | အကျွန်ုပ်တို့၏ | အကျွန်ုပ်အား |
| ၅ | ၃ | လုမ္ဗိနီဥယျာဉ် | လုမ္ဗိနီဥယျာဉ် |
| ။ | ၂၃ | ရာဇဂြိုဟ်ပြည်ကို | ရာဇဂြိုဟ်ပြည်သို့ |
| ၆ | ၆ | မုဠလိန္ဒာအိုင် | မုစလိန္ဒာအိုင် |
| ။ | ။ | ကျေးပင်ရင်း၌ | ကျည်းပင်ရင်း၌ |
| ။ | ၁၂ | သဟမ္ပတ္တိ | သဟမ္ပတိ |
| ။ | ၂၂ | တာဝတိန်သာ | တာဝတိံသာ |
| ၇ | ၂၃ | အဠ္ဌာသီ | အဋ္ဌာသီ |
| ၈ | ၆ | ကောက္ကုသန် | ကကုသန် |
| ။. | ၁၄ | ရွှေကြုပ်ငွေပ်ကြု | ရွှေကြုပ်ငွေကြုပ် |
| ။ | ၂၇ | ဓမ္မသာရသည် သေလေးပါးတွင် ပါ၏။ | အောက်ခြေ မှတ်ချက်အဖြစ် မှတ်ယူရန် |
| ။ | ၂၈ | ရှင်လေးပါး။ ။ရှင်ဥပဂုတ် ရှင်သာရဒတ္ထ၊ ရှင်သက္ကောသာရ၊ ရှင်မေဓရ။ | မူရင်းတွင် ရှင်မေဓရအစား ရှင်ဓမ္မသာရဟု ပါ၏။ ဓမ္မသာရသည် သေလေးပါးတွင် ပါ၏။ ရှင်လေးပါး။ ။ရှင်ဥပဂုတ်၊ ရှင်သာရဒတ္ထ၊ ရှင်သက္ကောသာရ၊ ရှင်မေဓရ။ (သမန္တစက္ခုဒီပနီ) |
| ၉ | ၁၀ | ပန်းလည်းတိုင် | ပန်းလည်တိုင် |
| ။ | ၂၈ | ဂဝလာသံ | ဂဝလာဘံ |
| ၁၀ | ၁ | ဝိနသန်ံ | ဝိနာသနံ |
| ။ | ၁၄ | မျက်မှာဝ | မျက်နှာဝ |
| ။ | ၁၇ | စိန္တာမဏိ | စိန္တာမုဏိ |
| ၁၂ | ၁၃ | ဆဒ္ဒိပါလ | ဆဒ္ဒိသပါလ |
| ၁၄ | ၂၂ | ကိစ္စံဒါတဗ္ဗံ | ကိစ္စံကာတဗ္ဗံ |
| ၁၅ | ၆ | ဝန္ဒနိသိတ | ဝိဝဋ္ဋနိဿိတ |
| ။ | ၇ | သောမဏာဿ | သောမနဿ |

| စာမျက်နှာ | ကြောင်းရေ | အမှား | မြင်ချက် |
|---|---|---|---|
| ။ | | ပြာဋ္ဌန်း | ပြဋ္ဌာန်း |
| ၁၆ | ၁ | ပုဂံပြည်ကို | ပုဂံပြည်၌ |
| ။ | ၂၄ | ပြိုးပျက်သောဘုရား | ပြိုပျက်သောဘုရား |
| ၁၇ | ၇ | ထီးတန်ခွန် | ထီးတံခွန် |
| ။ | ၂၂ | မဟာယသော | မဟာယသော |
| ၁၈ | ၂ | ဓတရဋ္ဌ၊ ဝိရူပက္ခ | ဓတရဋ္ဌ၊ ဝိရူဠှက၊ ဝိရူပက္ခ |
| ။ | ၄ | ပစ္စုန်မိုးနတ်သား | ပဇ္ဇုန်မိုးနတ်သား |
| ။ | ၂၇ | သဗ္ဗအန္တရာဝိနသာန္တု | သဗ္ဗအန္တရာ ယာဝိနသာန္တု |
| ၁၉ | ၄ | မဟာသမုဒ္ဒရာနံ | မဟာသမုဒ္ဒါနံ |
| ။ | ။ | လောဟပါလာဒဝေ | လောဟပါသာဒဝေ |
| ။ | ၅ | တမ္ပထေရော | တမ္ပိထေရော |
| ။ | ၆ | သမ္ပထေရ အာနုံဘာဝေန | တေနထေရာနုဘာဝေန |
| ။ | ၁၀ | ဒက္ခိဏဒ္ဒါရံ | ဒက္ခိဏဒ္ဒါရာနံ |
| ။ | ၁၀ | ဖြစ်ထသော | ဖြစ်ကုန်ထသော |
| ၂၀ | ၁၀ | ဝန္တာမိ | ဝန္တာမ |
| ။ | ၁၂ | ရွှာကုန်ငြားအံ့ | ရွှာစေငြားအံ့ |
| ၂၁ | ၃၁ | အဏှာနံ | တဏှာနံ |
| ၂၂ | ၄ | ယံကိစ္စိ | ယံကိဉ္စိ |
| ။ | ၂၃ | ယံကိဉ္စ | ယံကိဉ္စိ |
| ၂၃ | ၁ | ရတနတ္တလေ | ရတနုတ္တလေ |
| ၂၄ | ၃ | အနီးကြေးပင်ရင်း၌ | အနီးကျည်းပင်ရင်း၌ |
| ။ | ၈ | ဘုဥ္ဆိမာနေ့ာ | ဘုဥ္မာနော |
| ။ | ၂၄ | ယာစာတိ | ယာစတိ |
| ၂၅ | ၁၅ | ရာဇယတနံ၊ ရာဇယတန | ရာဇာယတနံ၊ ရာဇာယတန |
| ။ | ၁၆ | ကျွန်ုပ်သည် | အဟံ၊ ကျွန်ုပ်သည် |
| ။ | ၃၀ | ရာဇာရတနမူလံ | ရာဇာယတနမူလံ |
| ။ | ၃၁ | ဧတေသတ္တ မဟာဌာန | ဧတေသတ္တမဟာဌာနေ |
| ၂၆ | ၆ | မေဇယျမင်္ဂလံ | မေဇေယျမင်္ဂလံ |
| ။ | ၁၂ | ပူဇာယံ | ပူဇယံ |
| ။ | ၂၁ | ရတနတ္တလေ | ရတနုတ္တလေ |
| ။ | ၂၂ | သတ္တဟံ | သတ္တာဟံ |
| ။ | ၂၆ | သံကောစိဇိတ္ဒာမာရိဒ္ဓိ | သံကော စိဇိတာမာရိဒ္ဓိ |
| ၂၇ | ၂ | သတ္တာ | သဋ္ဌာ |
| ။ | ၃ | ဟောတုမေ | ဟောတုမေ |
| ။ | ၁၃ | တယိဇိနော | တဟိ ဇိနော |
| ။ | ၂၇ | တဟိဘိက္ခု၊ ဒမ္မေသိ | တဟိ ဘိက္ခု၊ ဒမေသိ |
| ။ | ၃၀ | သာနရဋ္ဌံ | သာနုရဋ္ဌံ |
| ၂၈ | ၇ | ရတနဇင်္ဂမေ | ရတနစင်္ကမေ |

| စာမျက်နှာ | ကြောင်းရေ | အမှား | ပြင်ချက် |
|---|---|---|---|
| ။ | ၁၃ | ကာဏ္ဍဗ္ဗ | ကာဏ္ဍမ္ဗ |
| ။ | ၃၃ | ဓမ္မဗုဒ္ဓေန | ဓမ္မေဗုဒ္ဓေန |
| ၂၉ | ၂ | မေတ္တ | မေတ္တာ |
| ။ | ၅ | သဗ္ဗတ္တ | သဗ္ဗတ္ထ |
| ။ | ၁၂ | သစ္စဂဇ္ဇေန | သစ္စဝဇ္ဇေန |
| ။ | ၁၃ | ဒတောယေ | တတောယေ |
| ။ | ၁၄ | အသံဒေသိ | အာသံဒေသိ |
| ။ | ၁၇ | သမ္မေဟိဒသဝတ္ထုဟိ | သဗ္ဗေဟိဒသဝတ္ထုဟိ |
| ။ | ၁၉ | စတုဒိသော | စတုဒိသော |
| ။ | ။ | အကမ္ဗနိယော | အကမ္ပနိယော |
| ။ | ၂၀ | အကဗ္ဗနိယောသဗ္ဗုဒ္ဓေါ | အကမ္ပနိယော သမ္ဗုဒ္ဓေါ |
| ။ | ၂၅ | ဥတ္တမေ | ဥတ္တမံ |
| ၃၀ | ၃ | သမ္ဗဒုက္ခာ | သဗ္ဗဒုက္ခာ |
| ။ | ၅ | သဗ္ဗတ္ထသံဗုဒ္ဓော | သဗ္ဗတ္ထသမ္ဗုဒ္ဓေါ |
| ။ | ၁၁ | နန္ဒိဝဗ္ဗနော | နန္ဒိဝဍ္ဎနော |
| ။ | ၂၄ | သဉ္စအန္တရာယောပိ | တေသဉ္စအန္တရာယာပိ |
| ။ | ၂၆ | စေတီတည်သောအဂါ | စေတီတည်သောအခါ |
| ။ | ၂၉ | ပန္တုသာဝယသုန္တရံ | ပသာန္တုဝယံ သုန္ဒရံ |
| ။ | ၃၀ | ဒုက္ခပမောစယ | ဒုက္ခာပမောစယ |
| ၃၁ | ၂ | အဌဒေသနာ | အဌစေတနာ |
| ။ | ၃ | ဣတ္ထိပူရိသာသ | ဣတ္ထိပူရိသသ |
| ။ | ၅ | သဒသာရံ | ဒသသာရံ |
| ။ | ၆ | အမိဇ္ဇန္တု | သမိဇ္ဈန္တု |
| ။ | ။ | သဝန္တု | ဘဝန္တု |
| ။ | ၁၁ | နိဗ္ဗဓမ္မောမေရက္ခန္တုနိဗ္ဗ | နိစ္စံဓမ္မောမေ ရက္ခန္တုနိစ္စံ |
| ။ | ၁၂ | နိဗ္ဗ | နိစ္စံ |
| ။ | ၁၃ | သမိဇ္ဇန္တု | သမိဇ္ဈန္တု |
| ။ | ၁၅ | သည်ဂါထာ | ဤဂါထာကို |
| ။ | ၂၂ | သည်ဂါထာ | ဤဂါထာကို |
| ။ | ၂၉ | သည်ဂါထာ | ဤဂါထာကို |
| ၃၃ | ၇ | စိန္တိတစိန္တော | စိန္တိတိစိန္တော |
| ။ | ၁၁ | အတိတာနာဂတ | အတီတာနာဂတ |
| ။ | ၃၅ | သွာဟယသွာဟ | သွာဟယျသွာဟ |
| ၃၅ | ၃၂ | သဗ္ဗညုတညာနံ | သဗ္ဗညုတညာဏံ |
| ၃၆ | ၉ | ပုညဝန္တေ | ပုညဝန္တော |
| ။ | ၃၄ | ပါတလိ | ပါဋလိ |
| ၃၈ | ၉ | ဆဂဒြဘောသေဋ္ဌိနော | ဆတုရင်္ဂါအမစ္စော |
| ၃၉ | ၂၀ | မိတ္တာ | ပိတ္တာ |

| စာမျက်နှာ | ကြောင်းရေ | အမှား | ပြင်ချက် |
|---|---|---|---|
| ။ | ။ | သိဗ္ဗလိ | သိမ္ဗလိ |
| ၄၀ | ၄ | တံပူရိသာ | တံပူရိသော |
| ။ | ၈ | ပဋိဘာနံပညာရှိသောသူတို့သည် | ပုရိသော၊ ပဋိဘာန်ဉာဏ်ပညာ<br>ရှိသော သူတို့သည် |
| ။ | ၂၅ | ထင်ရှားလပ်တို့ | ထင်ရှားလတ်တို့ |
| ၄၃ | ၂၆ | ၃၁ တတောင် | ၃၁ တောင် |
| ၄၄ | ၂ | သုခံယာယာတိ | သုခံပယာတိ |
| ။ | ၁၄ | သုံးသစ်ထားမှုကား။ လဘတိ။<br>လပ်များအံ့။ | သုံးသစ်ထားမှုကား။ ဂေါဏ<br>လာဘော၊ နွားလာဘ်ရအံ့။<br>စတုအင်္ဂုလိ၊ လက်လေးသစ်<br>ထားမှုကား။လဘတိ၊လာဘ်များအံ့ |
| ။ | ၂၅ | အထက်စွန်း အဆဲ့ခြောက်သစ် | အထက်စွန်း တဆဲ့ခြောက်သစ် |
| ၄၆ | ၁ | ဖတ်သန်း | ဖက်သန်း |
| ၄၉ | ၁၇ | ဂခုန်းဖျားဌ် | ပခုံးဖျားဌ် |
| ။ | ၂၅ | လက်ထောက်ဝက် | လက်ကောက်ဝတ် |
| ၅၁ | ၁၀ | တထောင်ထွာ | တတောင့်ထွာ |
| ။ | ။ | ထိပ်တော်များဌ် | ထိပ်တော်ဖျားဌ် |
| ။ | ၁၁ | ပုဆစ် ၂ ဖက် တတောင်ထွာ<br>အဆုံး တထွာ | ပုဆစ် ၂ ဖက်တတောင့်ထွာ<br>အဆုံး တတောင့်ထွာ |
| ။ | ၁၂ | တထောင့်ထွာ | တတောင့်ထွာ |
| ၅၃ | ၁ | သပိမှောက်ဝ | သပိတ်မှောက်ဝ |
| ။ | ၁၄ | မှတ်ပါကုန်ကျ | မှတ်ပါကုန်ကြ |
| ၅၄ | အောက်ခြေ<br>မှတ်ချက် | ၃။ လက်မှုပညာဌ် | လက်မှုပညာကျမ်းဌ် |

မြန်မာနိုင်ငံ

# သုတေသနအသင်း စာစဥ်သစ်

( အထွေထွေစာတည်း ဦးဝန် )

၁။ **တောင်ငူဆိုရတုအဖြေ** (၁၉၅၉)
ရှင်ဥက္ကံသမာလာဖြေ၍ ဦးဝန်တည်းသည်။ အဖိုး ၂ ကျပ် ပြား ၅၀

၂။ **စမ္ဘူ့ဒီပဥဆောင်းကျမ်း** (၁၉၆၀)
ဒေါက်တာဖာနီဗဲလ်နှင့် ဒေါက်တာဖေမောင်တင် တည်းသည်။ အဖိုး ၃ ကျပ်

၃။ **ရှေးဟောင်းလက်မှုပညာပေါင်းချုပ်ကျမ်း** (၁၉၆၀)
ရှေးဆရာများရေး၍ ဦးတင်လှ တည်းသည်။ အဖိုး ၁ ကျပ် ပြား ၅၀

၄။ **သတ္တုရူပကဝိလာသနီကျမ်း** (၁၉၆၁)
ဦးရှမ်းဖြူရေး၍ ဦးထွန်းမြင့် တည်းသည်။ အဖိုး ၁ ကျပ် ပြား ၅၀

၅။ **မင်းနန္ဒစည် ချေင်းသုံးစောင်တွဲ** (၁၉၆၁)
ဦးထွန်းညို၊ ဦးတိုးဆို၍ ဦးတင်ဦး တည်းသည်။ အဖိုး ၂ ကျပ် ပြား ၅၀

၆။ **ဝဏ္ဏဗောဓနသတ်အင်း** (၁၉၆၁)
ရှင်ဥက္ကံသမာလာရေး၍ ဦးတင်ဧ တည်းသည်။ အဖိုး ၄ ကျပ်

၇။ **မြန်မာသံယောဂဒီပနီကျမ်း** (၁၉၆၂)
လက်ဝဲနော်ရထာရေး၍ ဦးတင်လှ တည်းသည်။ အဖိုး ၃ ကျပ်

၈။ **ဥမ္မာဒန္တီပျို့** (၁၉၆၄)
မဟာမင်းလှမင်းခေါင်ကျော်ဆိုသည်။ ဦးတင်နှင့် ဦးဘိုးဖြူ ကြီးကြပ်
ပြင်ဆင်သည်။ ဦးသိန်းဟန်အမှာစာရေး၍ ဦးဝန်ခက်ဆစ်ဖြေသည်။ အဖိုး ၁ ကျပ် ပြား ၁

---

**ပုံနှိပ်သူ၊**
ဦးစိုးမြင့် (၀၀၃၉)၊ တက္ကသိုလ်များပုံနှိပ်တိုက်
စီးပွားရေးတက္ကသိုလ် အဆောက်အဦ၊
တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ၊**
ပါမောက္ခဒေါက်တာမောင်ရှိန် (၀၃၄၆)
အကျိုးဆောင် အတွင်းရေးမှူး
မြန်မာနိုင်ငံ သုတေသနအသင်း
တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့။